
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# သက်ပြုံရဲ့

မမရဲ့ ... ကကြီး

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## အပိုင်း (၁)

ယောဟာ အခန်းထဲဝင်မိတာနှင့် မမကို တန်းခနဲ မြင်ရတာပင်။ မမပုံစံကြောင့် စိတ်ထဲ မကျေမနပ်ဖြစ် သွားသား။ ကြည့်လေ ...၊ ယောက မီးဖိုချောင်ထဲက ကိစ္စတွေ ပြီးလျှင် အဖေ့အခန်းဆီသွား ဆေးတိုက်၊ ဆေးလိမ်းနှင့် ပြုစုပေးနေရသောအချိန်မှာ မမက အဲဒီတစ်ပိုင်းတစ်စသာ ရှိသော မှန်ကွဲလေးထဲ၌ပေါ်နေသည့် သူမ့ရုပ်သွင်ကို သူမ ကြည့်၍ မဆုံးတော့ပေ။

"မမ"

"ပြော"

သက်ပိုင်ရဲဇာပေ

www.burmeseclassic.com

www.burmeseclassic.com



"အဝတ်လျှော်ရမယ် … ငါ့ကို ရေဆွဲပေးဦး"

"ယောရယ် … တစ်နေ့တစ်နေ့ အဲဒီအဝတ်တွေက လျှော်လို့ မပြီးတော့ဘူးလား"

"နေ့တိုင်း ဝတ်နေကြတာကိုးဟဲ့၊ မလျှော်စေချင်ရင် မဝတ်နဲ့ပေါ့"

ယောဟာ ခပ်ဆောင့်ဆောင့်လေး ပြောမိပါပြီ။ ညီအစ်မ သာ ဆိုတယ်။ သုံးနှစ်ပဲခြားတာမို့ နင်နဲ့ငါ ပြောနေကျ နှုတ်ကျိုး ပြီးသား။ ဒီလောက်ပြောတာတောင် မှန်ကို စေ့စေ့စပ်စပ်ကြည့် မဆုံးသော သမုဒယ ကြောင့် …

"ကဲပါဟာ … အဲဒီမှန်က နောက်မှကြည့်လို့ရတယ်၊ တော်ကြာ ဟိုမိန်းမကြီး ပြန်လာတော့မှာ မမရဲ့၊ သူ့ပါးစပ်က ထွက်လာတဲ့ အယုတ္တ,အနတ္တတွေ ယော မကြားချင်လို့ပါ၊ သူ ပြန်မရောက်ခင် အလုပ်ပြီးထားမှ"

"ပြီးထားလည်း ဘာမှမထူးဘူး … နားရမယ်မကြံနဲ့၊ သူပြန်လာရင် ငါတို့ကို ခိုင်းဦးမှာ အသေအချာပဲ"

"ခိုင်းတော့လည်း ခိုင်းပေါ့၊ ဒါပေမဲ့ … အိမ်က,အလုပ် တွေ ပြီး[illegible]တော့ သူ့အပြောက နည်းနည်းလွတ်တာပေါ့ဟ"





"သူ့အပြောမလွတ်လည်း ဂရုစိုက်စရာအကြောင်းမရှိပါ ဘူး။ သူပြော,ကိုယ်ပြောပေါ့၊ အလကား … ကျွေးတော့ မသဒ္ဓါ ရေစာ၊ ခိုင်းတော့ ကျွဲလို,နွားလို၊ နင် သိပ်ရိုကျိုးပြမနေနဲ့ ယော၊ သူ့ကိုပြန်ပြောလို့ ငရဲကြီးစရာအကြောင်းမရှိဘူး၊ မိထွေးက … မိထွေးပဲ"

သမုဒယက လက်ထဲက မှန်ကိုတော့ တရိုတသေ ချ ထားကာ ဒေါနှင့်မောဖြင့် ပြောပါသည်။ သူမဟာ ဖိနှိပ်တိုင်း ငြိမ်ခံနေမည့် အစားမျိုးထဲတော့မပါပေ။ ထို့ကြောင့်လည်း မိထွေး တော် ဂေါ်တမီနှင့် ထိပ်တိုက်ပြဿနာဖြစ်[illegible] ဥစ္စာနေဖြစ်တယ်တဲ့"

သမုဒယ ကတော့ အဲဒီတော့ …"

လေ။ ရော,ငါရောက သူများနဲ့မတူတဲ့ ရုပ်အဆင်း ရှိ … အဲဒါကို နင်သိလား"

လေ "ဘာကိုလဲ"

သမုဒယသည် အခုထိ အူကြောင်ကြောင်လုပ်နေသော ယောအား စိတ်မရှည်နိုင်။ ထို့ကြောင့် နားရွက်ကို မနာအောင် လိမ်ဆွဲပြီး …

"ငါတို့က ရုပ်ချောတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



ပေါ့၊ မိထွေးနဲ့လင်ပါသမီးတွေဟာ ဒီလိုပဲဖြစ်တတ်ကြတယ်ဆို တာလေ''

သမုဒယက တကယ့်ကို နာနာကြည်းကြည်း ပြောမိပြီ။ တကယ်တမ်းဆို အသက်ဆယ့်သုံးနှစ်သမီးအရွယ် မိန်းကလေး တစ်ယောက်၌ ဒီလိုကြမ်းတမ်းသော စကားလုံးတွေ၊ ရိုင်းပျသော အတွေးအခေါ်တွေ မရှိအပ်။ သူမတို့ ညီအစ်မနှစ်ယောက်က တော့ ထားပါတော့။ လောကဓံက,ပေးသော ကြမ်းတမ်းခက်ထန် ခြင်းတွေအား အရွယ်နှင့်မမျှအောင် ခံစားဖူးခဲ့ပြီးပြီ။

မဆုံးသော သမုဒ္ဒရာ အဖေမှာ ရောဂါကြီးနဲ့ဆိုတော့ ...''

''ကဲပါဟာ ... အဲဒီမှန်က နောဂဏှမ့်ကို လုပ်ကျွေးရင်း တော်ကြာ ဟိုမိန်းမကြီး ပြန်လာတော့မှာ မမရဲ့၊ သူ့ ထွက်လာတဲ့ အယုတ္တ,အနတ္တတွေ ယော မကြားချင်လို့ပါ၊ သည်း ပြန်မရောက်ခင် အလုပ်ပြီးထားမှ'' ၀

''ပြီးထားလည်း ဘာမှမထူးဘူး ... နားရမယ်မကြံနဲ့၊ သူပြန်လာရင် ငါတို့ကို ခိုင်းဦးမှာ အသေအချာပဲ''

''ခိုင်းတော့လည်း ခိုင်းပေါ့၊ ဒါပေမဲ့ ... အိမ်က,အလုပ် တွေ ပြီးထားတော့ သူ့အပြောက နည်းနည်းလွတ်တာပေါ့ဟ''





မမ, နာမယ်ဆိုလည်း နာလောက်ပါသည်။ သူမက တော့ မမ,အပြစ်တင်လည်း ခံရမည်သာ။ မမလောက် အမှတ် သညာ မကြီးတာတော့ အသေအချာပင်။

''ဒီမယ် ... ယော ... ဣတ္ထိရုပ် ခံနဲ့တဲ့ ... ကြားဖူး လား''

''ကြားတော့ ကြားဖူးတယ် ... အဲဒါ ဘာလဲ''

ယောက အဲဒီလို ... မမလောက် ဗဟုသုတရေး၌ မနှံ့စပ်ပေ။

''မိန်းမတို့ရဲ့ရုပ်အဆင်းဟာ ဥစ္စာခနဖြစ်တယ်တဲ့''

''အင်း ... အဲဒီတော့ ...''

''နင်ရော,ငါရောက သူများနဲ့မတူတဲ့ ရုပ်အဆင်း ရှိ တယ် ... အဲဒါကို နင်သိလား''

''ဘာကိုလဲ''

သမုဒယသည် အခုထိ အူကြောင်ကြောင်လုပ်နေသော ယောအား စိတ်မရှည်နိုင်။ ထို့ကြောင့် နားရွက်ကို မနာအောင် လိမ်ဆွဲပြီး ...

''ငါတို့က ရုပ်ချောတယ်လေ''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လို့လား"

"ဟုတ်တယ်၊ အဲဒါကြောင့် ငါ မှန်ခဏခဏကြည့်နေတာပေါ့၊ အဲဒီချောတဲ့ရုပ်ကို အသုံးချပြီး သူဌေးဖြစ်ကြရမယ်"

"ဖြစ်ပါ့မလား မမရယ် ... နင့်ဟာကလည်း"

"ဖြစ်ပါတယ်ဟ ... စိတ်ချ၊ ငါ သူဌေးဖြစ်အောင် လုပ်မယ်၊ ပြီးရင် ... အဲဒီမိတ္တေးကို လက်စားချေပြမယ်"

သူမ,စကားလည်းဆုံးရော တိုင်ပင်ထားသလိုပင် ...

"ဟဲ့ ... ဟိုဟာမလေး နှစ်ယောက်"

ဝါးအိမ်လေး သိမ့်သိမ့်တုန်သွားရသည်။ ခေါ်သံက လျှင်တစ်စင်းအလား။ သူမ,စကားကို နားထောင်နေသော ယောသည် လျှော်ရန်ပုံထားသော အဝတ်ထုပ်ကလေးကို ဇွေ့ခနဲ ကောက်ပွေ့ကာ ...

"ဟော ... ရောက်လာပြီ၊ မမ .. လာ .. သွားမယ်"

"နေစမ်းပါဦး ... အေးအေးဆေးဆေးပဲ ထွက်"

"သူ ရိုက်မှာပေါ့"

"နင့်မှာ လက်မပါဘူးလား ... သူရိုက်ရင် ပြန်ချမှာပေါ့"





ယောသည် မမရဲ့စိတ်ခတ်ကို ဖျားသွား၏။ ညီအစ်မသာ ဆိုတယ် ...။ သူမတို့နှစ်ယောက်က စိတ်ခတ်ချင်းလုံးဝ မတူပေ။

"ဟင် ... ငနာမလေးတွေ၊ ဘယ်ချောင်မှာ သွားသေနေသလဲ၊ ငါကတော့ ခြေတိုအောင် ဈေးလိုက်ရောင်း၊ ပြန်လာရင် မောလာတဲ့လူကို ဆီးပြီးကြိုမယ့်လူ မရှိဘူး၊ ဘယ့်နှယ့်တော် အားကိုးလိုချင်လို့ ယောကျ်ားယူပါတယ်၊ သူ့လုပ်စာ မဝရေစာကို တစ်နှစ်လားပဲ စားရတယ် ... အခု လေဖြတ်လို့တဲ့၊ သူ့သမီးနှစ်ယောက်ပါ တင်ကျွေးနေရတာလေ"

အဲဒါ နေ့တိုင်းကြားနေကျ အသံတွေ။

ယောဟာ အသားပဲ အနာခံချင်မိပါသည်။ အဲဒီလို အသံတွေတော့ မကြားချင်။ ကြားရတိုင်း သွေးထဲပွက်ပွက်ဆူလာရသော မခံချင်စိတ်၊ မာနတရားတွေကို ဖိနှိပ်ထိန်းချုပ်ထားရတာလောက် ပင်ပန်းတာ မရှိပြီ။

"ဟဲ့ ... သံယောဇဉ် ... နင် အဝတ်လျှော်ပြီးပြီလား"

"အခု လျှော်မလို့ ဒေါ်လေး"

"အေး ... လျှော်ပြီးရင် စည်ပိုင်းအပြည့် ရေခပ်ထား၊



www.burmeseclassic.com

www.burmeseclassic.com



ဟိုဟာမရော''

''ရှိတယ်''

''အမယ် ... ထူးပုံက မာကျောကျောနဲ့၊ ငါက နင်တို့ ရှာကျွေးတဲ့ထမင်း စားနေတာမဟုတ်ဘူးနော်၊ ငါရှာကျွေးတဲ့ဟာ နင်တို့ စားနေတာ ... အချိုးကိုပြင်''

''ဒေါ်လေးလည်း အချိုးပြင်၊ ဒေါ်လေးအိမ် မဟုတ်ဘူး၊ သူများအိမ်ပေါ် တက်နေတာ''

''ဟဲ့ ... တိရစ္ဆာန်မ ... နနာမ၊ နင်ကများ ငါ့ကို ...''

အိမ်ပေါ်မှာ ဝုန်းဒိုင်းကြဲသွားသည်။ ယော မျက်စိအောက်မှာပင် ဒေါ်လေးအား မမက တွန်းထုတ်ပစ်လိုက်တာကို မျက်မြင်ကိုယ်တွေ့။ ယောက တအံ့တသြ မမရဲ့မျက်နှာကို ကြည့်မိသည်။ မမမျက်နှာဟာ ကြောက်မက်ဖွယ်ကောင်းလောက်အောင် နီရဲခက်ထန်လျက် ...။

''နောက်တစ်ခါ ကျွန်မအသားကို မထိပါနဲ့ ဒေါ်လေး၊ ကျွန်မ ငြိမ်မခံနေတော့ဘူး''

ဟု အေးခဲတင်းမာစွာပြောသော မမကို သူမ,သာမက





ဒေါ်လေးလည်း အံ့သြစွာကြောက်ရွံ့သွား၏။ အဲဒီအချိန်ကတည်းက မမဟာ သူ့အနာဂတ်ကို စိတ်ကြိုက်ပုံဖော်ပြီးသား။ ယုံကြည်ချက်နှင့် အသက်ရှင်နေသော သမုဒယဖြစ်ပြီး သူမရဲ့ အနာဂတ်ကတော့ ညစဉ် ဘုရားဝတ်ပြုပြီးတိုင်း ဆုတောင်းခြင်းအမှုဖြစ်သည်။ သံယောဇဉ်၏တောင်းဆုသည် တစ်ခုတည်းသာ။

''ပညာတတ်ကြီးတစ်ယောက်ဖြစ်ပြီး ကိုယ့်အားကိုယ်ကိုးနိုင်သောသူ အမြန်ဆုံးဖြစ်ရပါလို၏''

ဟူ၍ ဖြစ်သည်။ ယောက သူဌေးကြီးလည်း မဖြစ်ချင်ပါ။ ယောခြေထောက်ပေါ် ယောရပ်ကာ လောကကြီးအား ဝံ့ဝံ့စားစား ရင်ဆိုင်ချင်သူ ဖြစ်၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း (၂)

## "ကျော် ပယ"

အဖေ့ခေါ်သံက မိုးခြိမ်းသံအလား ကြီးမားကျယ်လောင်စွာ ...။ သူကတော့ ဘာဆက်ဖြစ်မည်ကို သိထားသူပီသစွာ ဆိုဖာပေါ်၌ ထိုင်ပေမယ့် အဖေ့ကို ရင်မဆိုင်ရဲ၊ ခေါင်းကြီးငိုက်စိုက်ချထားမိပါပြီ။

"မင်း အသက်မွေးဝမ်းကျောင်းအတွက် မင်း အမှတ်မီတဲ့ တက္ကသိုလ်ကိုတက် ... မပေး ..."

"ရှင် ... အစ်ကို"

"မင့်သားအမှတ်က ဆေးကျောင်းဝင်တယ် မဟုတ်





လား"

"ဟုတ်ကဲ့"

"အေး ... မန္တလေးဆင်းခိုင်းပြီး ဆေးတက္ကသိုလ်တက်ဖို့ ပြင်ဆင်ပေးလိုက်"

"သား ဝါသနာမပါဘူး အဖေ"

သူက ထိုစကားစုကို ပြတ်သားစွာ ထပြော၏။ အဖေ့ရဲ့ စဲလုဆဲဆဲ ဒေါသမုန်တိုင်းက သူ့ထံကျရောက်လာသည်။

"ကောင်းပြီ ... ဒါဆို မိဘမျိုးရိုး အစဉ်အဆက်လုပ်လာတဲ့ ဒီကျောက်တွင်းပဲလုပ်ပေါ့"

"အဲဒါလည်း ဝါသနာမပါဘူး"

"ဟေ့ကောင် ... လူ့ဘဝမှာ ဝါသနာထက် ရပ်တည်ရှင်သန်ဖို့အရေးက ပိုအရေးကြီးတယ်ကွ၊ မင်း ငါ့ဒေါသကို မဆွနဲ့နော်"

"**ကိုအောင်ဒေသ** ရယ် ... အေးအေးဆေးဆေးမှ ဆွေးနွေးပါလား၊ အခုက သားလည်း သွေးပူတုန်းဆိုတော့ ..."

"အဲဒါ မင်း .. သားကို ပြောရမယ့်စကား၊ ငါ့ကို တားရမှာမဟုတ်ဘူး၊ မင်း, ဘေးဖယ်နေ မလေး၊ မင်းပါ အဆစ်



www.burmeseclassic.com

www.burmeseclassic.com



ပါသွားမယ်''

အဖေက ကြိမ်းမောင်းပြီးပြောတော့ အမေ ဘာမှဆက်မပြောနိုင်။ သူငယ်စဥ်ကတည်းက အမေဟာ အဖေ့ကို ဘုရင်တစ်ဆူလို ကိုးကွယ်လာခဲ့တာ သူအသိပင်။

''မင်း ထမင်းအချိန်တန် စားတာ, ညမှောင်ရင် အိပ်ရာဝင်တာဟာ ဝါသနာပါလို့လား ... မလုပ်မဖြစ်လို့ လုပ်နေရတာလား''

''ဒါ ... လူတိုင်းလုပ်နေရတဲ့ နိယာမပါ အဖေ၊ ဒါပေမဲ့ ... ကိုယ့်ဘဝတစ်လျှောက်လုံးအတွက် ကိုယ်ဝါသနာပါတဲ့ အလုပ်နဲ့ရပ်တည်မှ အောင်မြင်မယ်လို့ သားကတော့ ထင်တယ်''

''ဩော် ... ဟော် ... ဒါဆို မင်းက မိန်းမတွေလုပ်တဲ့ ဒီအချုပ်အလုပ်ကိုပဲ ဖောက်ချုလုပ်တော့မယ်ပေါ့''

''ဒါ ... မိန်းမတွေအလုပ် မဟုတ်ပါဘူး အဖေ ... ဒီဇိုင်နာအလုပ်ပါ၊ အနုပညာနဲ့ ဆက်နွယ်တဲ့အလုပ်ပါ၊ ဒီဇိုင်နာဆိုတာ ...''

''တော်တော့ ... ဟော့ကောင်''

အဖေက လည်ပင်းကြောကြီးတွေ ထောင်ထလာသည်





အထိ ထ,အော်သည်။ ပြီးတော့ နီရဲခက်ထန်သည့် မျက်လုံးတွေဖြင့် သူ့အား စိုက်ကြည့်နေပြီးမှ ...

''ကောင်းပြီ **ကျော်ပီယ**၊ မင်း ဝါသနာပါရာ လုပ်မယ်, ငါ့ကို ဆန့်ကျင်မယ်ဆိုရင်တော့ မင်းသဘောပဲ၊ ဒါပေမဲ့ ... ငါ့ကိုဆန့်ကျင်တဲ့လူကို ငါ့အိမ်အရိပ်မှာ မထားနိုင်ဘူး၊ ငါရှာထားတဲ့ ငွေကြေးလည်း တစ်ပြားတစ်ချပ်မှ သုံးစွဲခွင့်မပြုနိုင်ဘူး''

''အစ်ကို ... ကလေးကို ဘယ်လိုပြောလိုက်တာလဲ၊ သားအသက်က အခုမှ ဆယ့်ရှစ်နှစ်ပဲ ရှိသေးတယ်၊ ဒီလို လက်လွှတ်စပယ်ကြီး ပြောလို့မရသေးဘူးလေ အစ်ကိုရဲ့''

''ဟ ... မင်း,သားကိုယ်တိုင်က ငါ့ကို ဆန့်ကျင်ပြနေတာလေ၊ သူငြင်းတာ မင်း,မကြားဘူးလား၊ ငါခိုင်းတာ တစ်ခုမှမလုပ်နိုင်ဘူးတဲ့၊ ဒီတော့ ... ကိစ္စက,ပြတ်နေပြီ၊ ငါပြောတာ မင်းနားလည်တယ်နော် ... ကျော်ပီယ''

''ဟုတ်ကဲ့ ... နားလည်ပါတယ် အဖေ''

သူ့စကားဆုံးတာနှင့် စကားဝိုင်းထဲမှ အဖေ ထွက်သွားပြီး ကျန်ခဲ့သူက အမေနဲ့သူ နှစ်ယောက်တည်း။

အမေသည် သူ့ဘေးသို့ ပြောင်းရွှေ့လာထိုင်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"သားရယ် ... သေချာစဉ်းစားပါဦး ... သားအဖေပြောတာကို လိုက်နာရင်းနဲ့ ဝါသနာပါတာ တစ်ဖက်က လုပ်လို့ရတာပဲ"

"မရဘူး အမေရဲ့"

သူက ချော့မော့သလို အမေ့ပခုံးကို သိုင်းဖက်လိုက်ပြီး ...

"အဖေက ဒီဇိုင်နာအလုပ်ကို မိန်းမတွေအလုပ်ဆိုပြီး အထင်မကြီးထားတာ သား,ဘယ်လိုလုပ်မလဲ၊ ပြီးတော့ ... မိုးကုတ်မှာနေပြီး ဒီအလုပ်လုပ်နေလို့ မတွင်ကျယ်နိုင်ဘူး အမေ၊ အဖေ ခွင့်ပြုပြု၊ မပြုပြု သား ဒီအိမ်ကနေ ထွက်ရမှာပဲ"

"ဒါဆို သားက တကယ်ထွက်သွားဖို့ ဆုံးဖြတ်ပြီးပြီပေါ့"

သူဟာ စိတ်မကောင်းခြင်းကြီးစွာနဲ့ပဲ ခေါင်းညိတ်ပြမိပါပြီ။ အမေကတော့ အိခနဲပိုင်းလာသော မျက်ရည်တွေဖြင့် ...

"သားကို အမေ စိတ်မချဘူး၊ အမေ့သားက လူ့လောကအကြောင်း ဘာမှသိသေးတာမဟုတ်တဲ့နဲ့ မျက်ကွယ်မှာ အမေ ဘယ်လိုထားရမလဲ သားရယ် ... ဟင်၊ အမေ့သားက





အခုထိ အမေ့အတွက် တကယ့်ကလေးလေးပဲ ရှိသေးတာ"

"ဒါတော့ ဒါပေါ့ အမေရယ်"

သူက စီးကျလာသော အမေ့မျက်ရည်တွေကို ဖွဖွတို့ထိ သုတ်ပေးရင်း ...

"ယောကျ်ားဆိုတာ ကိုယ့်အားကိုယ်ကိုးနိုင်ရမယ်၊ ကိုယ်ယုံကြည်တာကိုပဲ တစိုက်မတ်မတ် စောက်ချလုပ်ပြနိုင်ရမယ်လို့ အမေပဲ သင်ပေးခဲ့တာလေ"

"ဒါပေမဲ့ ... အမေသင်တဲ့အထဲမှာ အမေ့ကို ခွဲသွားဖို့ဆိုတာ မပါဘူးလေ သားရယ်"

"အခြေအနေအရတော့ ခွဲမှဖြစ်မယ် အမေ"

**ဒေါ်မိမိလေး** ဟာ အလွန်တရာ ပြတ်သားနေသော သားကိုကြည့်ကာ ဘာဆက်ပြောရမှန်းပင် မသိတော့။

သားက ယခုကတည်းက ခပ်အေးအေးနေတတ်ပေမယ့် ခေါင်းမာတတ်သည်။ သူ မှန်တယ်ထင်သောအရာအား မလျှော့သော ဖွဲလုံ့လဖြင့် စွဲကိုင်ထားတတ်၏။ ထို့ကြောင့် တစ်ယူသန်ဆန်သော သူ့အဖေနှင့် ထိပ်တိုက်တွေ့သောအခါ အမြဲအားပြိုင်မှုတွေ ဖြစ်လာရစမြဲ။



www.burmeseclassic.com

www.burmeseclassic.com



ထိုသားအဖနှစ်ယောက်၌ သူမက ကြားညပ်ရစမြဲပင် ဖြစ်၏။

အခုလည်း လာပြန်ပြီ ... ဒီနှစ်ယောက်။

ဘ‌ေစ်ယောက်ကလည်း သူ့ဝါသနာနှင့် ဘဝကို ထုဆစ်ချင်သူ။ ကျန်တစ်ယောက်ကလည်း ထိုဝါသနာအား အယုံအကြည်မရှိသူ။ နှစ်ယောက်စလုံးကတော့ လွယ်လင့်တကူ အလျှော့ပေးကြမည် မထင်။

"ဘာမှ စိတ်ပူစရာမလိုဘူး အမေ၊ သားကို အဘွားပေးထားတဲ့ အမွေတွေရှိတယ်လေ၊ အဲဒါနဲ့ တိုက်ခန်းတစ်ခန်း ဝယ်မယ်၊ သားလုပ်ငန်းအတွက် အရင်းအနှီးလုပ်မယ်လေ၊ အမေနဲ့ သားနဲ့က ဖုန်းချင်း အမြဲဆက်သွယ်နေလို့ရတာပဲ၊ ရန်ကုန်နဲ့ မိုးကုတ်က မဝေးပါဘူး အမေရယ် ... နော်"

ဟု ဆိုကာ သူက အမေ့အား နှစ်သိမ့်ချော့မော့ရသည်။ နောက်ဆုံးတော့ ပြင်းပြထက်သန်လွန်းသော သူ့အား အမေ မတားနိုင်ခဲ့ပါ။

"အစစ,အရာရာ ဂရုစိုက်ပါ သားရယ်၊ အမေ့ဆီ နေ့တိုင်းဖုန်းဆက်၊ သားတစ်ယောက်တည်းနဲ့တော့ မဖြစ်ပါဘူး





... ဦးဘကြီး ကို ခေါ်သွား"

"မလုပ်ပါနဲ့ အမေရယ် ... သားအတွက် ပိုလေးနေသလို ဖြစ်နေပါဦးမယ်၊ သား ဘာမှမဖြစ်ပါဘူး အမေရဲ့ ... စိတ်ချပါ"

လို့ ကတိစကားတွေ အထပ်ထပ်ဆိုပြီးခါမှ သူ မိုးကုတ်မြေမှ ခွာခွင့်ရသည်။

အဖေကတော့ စကားလက်ဆောင်အနေဖြင့် ...

"ဟော့ကောင် ... ယောက်ျားဆိုတာ ပြောပြီးရင် ပြောတဲ့အတိုင်း ဖြစ်အောင်လုပ်ရတယ်နော် ... အဲဒါကို မင်းမမေ့နဲ့"

ဟု ဆိုလေသည်။ သူကလည်း ...

"စိတ်ချပါ အဖေ ... ကျွန်တော် မျှော်လင့်သလို ဖြစ်မလာမချင်း ဒီမိုးကုတ်ကို ပြန်မလာဘူး"

ဟု စိန်ခေါ်ခဲ့၏။ ထိုသို့ စိန်ခေါ်မှုတွေနှင့် သူ ရန်ကုန်မြေကို ခြေလှမ်းစချတော့ အခက်အခဲတွေက အများကြီးပင်။ သူ ထင်ထားတာထက် များပြားလွန်းလှ၏။ ဆယ့်ရှစ်နှစ်သား လူငယ်လေးတစ်ယောက်အနေဖြင့် သူ့ခြေလှမ်းတွေ မယိမ်းယိုင်ရအောင် သူကြိုးစားခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အမေ့ကို ကတိပေးထားသည့်အတိုင်း မြို့လယ် မကျ တကျနေရာလေး၌ သူ တိုက်ခန်းတစ်ခန်းဝယ်သည်။ အရေးကြီး တာ ထိုတိုက်ခန်း၌ ဖုန်းတစ်လုံးပါရှိရေးပင်။ သူဟာ အမေ့ထံ နေ့စဉ် ဆက်သွယ်ရင်း သူ့အနာဂတ်အစီအစဉ်တွေကို အသိ ပေးခဲ့၏။

အမေ့အသိတွေနှင့် ဖလှယ်ခဲ့ကြသည်။

"ကျွန်တော် အရင်ဆုံး စက်ချုပ်သင်တန်းတက်ရမယ် အမေ"

ဟု သူဆိုစဉ်က အမေ့မှာ တအံ့တသြ။

"သားက ဒီဇိုင်နာလုပ်ချင်တာဆို"

"ဟုတ်တယ်လေ အမေရဲ့"

"ဒါဆို ဒီဇိုင်နာသင်တန်းတက်ပေါ့ သားရယ်၊ အမေ မဂ္ဂဇင်းတွေထဲ ဖတ်ရသလောက်ဆိုရင် တာတီးဆိုလားပဲ ... ဒီဇိုင်နာသင်တန်းကျောင်းလေ၊ သူကလည်း ယောကျ်ားလေး ဆိုတော့ အမေ့သား တက်ချင်ရင် သင့်တော်မှာ"

"အဲဒီမှာတက်ရင် သင်တန်းကြေး ကြီးတယ်အမေ၊ ငွေက သိပ်မရှိတော့ဘူး၊ ဖုန်းပါတဲ့တိုက်ခန်း ဝယ်လိုက်တာနဲ့





သား ပိုက်ဆံတော်တော်ကုန်သွားတာ"

ဟု သူက ဝန်ခံတော့ အမေက ရင်ထုမနာဖြစ်သော အသံဖြင့် ...

"အမယ်လေး သားရယ် ... ငွေလိုတာများ အမေ့ဆီ မမှာဘူး ... အမေပို့ပေးမှာပေါ့၊ သားပြောစမ်း ... ဘယ် လောက်လိုလဲ ဆိုတာ"

အမေ့အသံတွေထဲမှာ မိခင်တစ်ယောက်၏ ဖြည့်ဆည်း ပေးချင်သော မေတ္တာကရုဏာတွေ ပြည့်နေတော့ ပြောရမည့် သူ့စကားတွေက နှုတ်ဆွံ့အသွားရ၏။

"ဟဲ့ ... ပြောလေ ... သားရဲ့"

"သား ... အမေ့ငွေ မသုံးချင်ဘူး အမေ"

ထစ်အ, တွန့်ဆုတ်စွာ ထွက်သွားသော သူ့စကားအဆုံး၌ အမေ့သက်ပြင်းချသံကြီးကိုပါ ကြားရပြီး ...

"အမေ့မှာ ဈေးဖိုးတွေထဲက သီးသန့်စုထားတဲ့ငွေ ရှိပါ တယ် သားရဲ့"

"ဒါပေမဲ့ ... အမေပေးထားတာတွေပဲ မဟုတ်လား အမေ"



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုဆိုတော့ အမေ မငြင်းနိုင်။

"သိပ်ပြီး မာနတွေထားမနေစမ်းနဲ့ သားရယ်၊ ဒါဖြင့် ဒီလိုလုပ် ... ခဏချေးတယ် သဘောထားပြီး သား အလုပ် အဆင်ပြေရင် ပြန်ဆပ်ပေါ့"

"နေပါစေ အမေရာ ... ရပါတယ်၊ သား အရင် စက်ချုပ်သင်တန်းတက်မယ်၊ ချုပ်တတ်သွားပြီဆိုရင် နိုင်ငံခြား ကတ်တလောက်တွေကြည့်ပြီး ဒီဇိုင်းထွင်မယ်၊ ဖြစ်မှာပါ အမေ ... စိတ်ချ ... အမေ့သားပါ၊ အဖေ့ငွေမပါဘဲ သား ဖြစ်အောင် ကြိုးစားမယ် အမေ"

သူက ထက်သန်စွာပြောသည်။ အမေကတော့ ကရုဏာထဲ ဒေါသတွေစွက်ကာ ...

"အေး ... နင်ကလေ သိပ်ခေါင်းမာပြီး သိပ်မာနတွေ ကြီးနေတာ နင့်အဖေအတိုင်းပဲ၊ နင် သူ့ရှာထားတဲ့ ငွေတွေသာ မယူချင်ရမယ် ... သူ့အကျင့်၊ သူ့ဗီဇတွေတော့ နင် မယူလို့မရဘူး၊ နင့်သွေးထဲမှာကို ရောပြီး စီးနေပြီးသား ..."

လို့ အမေက ငိုသံပါကြီးနှင့် ခပ်ဆောင့်ဆောင့်ပြောတော့ သူက တဟင်းဟင်းရယ်ကာ ...





"ဒါကတော့ သားအဖကိုး အမေရဲ့"

ဟု ဆိုတတ်ပါသေးသည်။ သူက အဲဒီလို တစ်ယူသန် ခေါင်းမာတတ်သူ။ ပြီးတော့ ပြောပြီးသားစကားအား အလေး အနက် လိုက်နာတတ်သူ။ မာနကြီးသူတစ်ယောက် ဖြစ်နေသေးသည်။

အမေပြောသလိုဆို အဖေနှင့်တူတာပင် ဖြစ်ပါလိမ့်မည်။

*

www.burmeseclassic.com

www.burmeseclassic.com

--------------------॥

"ဒါ ... ဒီဖိုင်နာ ကျော်ပီယရဲ့လက်ရာလေ"

"အင်း ... သိသာတယ်၊ သူက သိပ်အနုစိတ် ဆန်တာ"

"အမယ် ... ပွဲနေပွဲထိုင်အနေအထားကို မေးပြီးမှ ချုပ်ပေးတာဆရာ၊ ဟိုတယ်ဆို ဟိုတယ်၊ ဘုန်းကြီးကျောင်းဆိုလည်း သူ့နေရာနဲ့သူ လိုက်အောင်"

"ဈေးကြီးမလားပဲနော်"

"အမယ် ... မကြီးဘူးရှင့်၊ ဈေးအသက်သာဆုံး အစကနေ ဈေးအကြီးဆုံးအထိကို ဒီဇိုင်းတစ်မျိုးတည်း ချုပ်ထားတာ၊ ကိုယ်တတ်နိုင်တာ ဝယ်လို့ရတယ်၊ ဟဲ့ ... နောက်ထပ် သတင်းကောင်းတစ်ခု ပေးရဦးမယ်"

"ပြောပါဦး ... ဘာလဲ"





"အဲဒီကျော်ပီယက တကယ်အမိုက်စားရူပါနဲ့နော်၊ မျက်လုံးတွေက ညို့ခာတ်အပြည့်ပဲ၊ ပြီးတော့ ... အရပ်ကလည်း အမြင့်ကြီး၊ အသားအရေလေးများဆို ပန်းရောင်သမ်းနေတာပဲဆရာ၊ ကိုယ်တိုင်းတွေ့ဘာတွေ သူကိုယ်တိုင် တိုင်းပေးတာ၊ ငါဆို ရင်တွေ တလှပ်လှပ်ခုန်တာများ သူ့ဆိုင်ကနေ ပြန်ထွက်လာတဲ့အထိပဲ"

"အဟုတ် ... အဲဒီဒီဖိုင်နာ ကျော်ပီယက အဲဒီလောက်အထိ ..."

"သြော် ... နင်တို့ မယုံမကြည်ဖြစ်နေရင် ကျော်ပီယရဲ့ဆိုင်ကိုသာ သွားကြည့်၊ ဘယ်မော်ဒယ်လာလာ, ဘယ်လောက်နာမည်ကြီးတဲ့ မင်းသမီးပဲလာလာ ... အားလုံးကို တစ်ပြေးညီတည်း ဆက်ဆံတာ ... ကိုယ့်ဆရာက"

ဟူသော သူ့ဂုဏ်သတင်းသည် ရန်ကုန်ကိုရောက်ပြီး သုံးနှစ်အတွင်း ပျံ့သင်းစ ပြုလာပြီ။

သူက ထိုအခြေအနေကိုရရန် တကယ့် ကျားကုတ်ကျားခဲ ကြိုးစားခဲ့ရခြင်းဖြစ်သည်။ အပင်ပန်း အဆင်းရဲခံရသည်။ လူတကာကို မျက်နှာချိုသွေးပြီး ပေါင်းသင်းခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ပညာမှန်သမျှ အောက်ခြေသိမ်းမှုစ၍ အကုန်လေ့လာသင်ယူခဲ့ရ၏။ အခုတော့ အဖေအထင်မကြီးသော ပညာတစ်ရပ်ဖြင့်ပင် အဖေပေးထားခဲ့သော ကျော်ပီယဲ့ဟူသည့် အမည်က လင်းလက်စ ပြုလာပြီဖြစ်သည်။ အမေကတော့ အစကတည်းက သူ့ဘက်မှ ရပ်တည်ခဲ့သူပီပီ ...

"အမေ့သားမှာ အဲဒီလို အောင်မြင်တဲ့ဇာတာပါတယ် ဆိုတာ အမေကယုံကြည်ပြီးသား၊ ကြိုးစား သား ... ဒီထက်မက အောင်မြင်တဲ့ ဒီဇိုင်နာကြီးဖြစ်အောင်"

ဟု အမေက ချီးမွမ်းထောပနာပြုရင်းက ...

"မိုးကုတ်ကိုလည်း တစ်ခေါက်လောက် ပြန်ခဲ့ပါဦးလား သားရယ်၊ အခု သားလည်း ကိုယ့်လုပ်ငန်းနဲ့ကိုယ် အခြေတကျဖြစ်နေပြီပဲကို၊ ဒီကထွက်သွားတာ သုံးနှစ်တောင်ရှိပြီ မဟုတ်လား"

လို့ ဆွယ်တရားလည်း ဟောတတ်ပါသေးသည်။ သူကတော့ နဂိုကတည်းက မာနအခံကြီးမြင့်သူ။ အမှတ်သညာလည်း ကြီးသူမို့ ...

"နေပါစေ အမေ ... အခု အောင်မြင်တယ်ဆိုတာ





သား မျှော်မှန်းထားသလောက် မဖြစ်လာသေးဘူး၊ သားလိုချင်တဲ့ အခြေအနေက တကယ့်ထိတ်ထိတ်ကြဲ တစ်ကိုယ်တော်ရှိုးပွဲတွေ လုပ်နိုင်တဲ့ ဒီဇိုင်နာတစ်ယောက်ရဲ့ အနေအထားလေ၊ အဲဒီအခြေအနေရောက်မှပဲ အဖေ့ကိုကြွားရအောင် သားပြန်ခဲ့တော့မယ်"

ဟု သူက ဆိုပါသည်။ ထိုအခါမျိုး၌ အမေသည် စိတ်အားလျော့သော နွမ်းဖျော့ဖျော့အသံလေးဖြင့် ...

"အဲဒီအချိန်ကို ဘယ်လောက်အထိ အမေစောင့်ရဦးမှာလဲ သားရဲ့"

"သုံးနှစ်တောင် ဒီလိုပဲ ကုန်သွားတာကို အမေရယ် ... သိပ်မကြာတော့ပါဘူး"

လို့ သူက နှစ်သိမ့်ရသည်။ အမေဟာ တစ်ဦးတည်းသော သားဖြစ်သည့် သူ့အပေါ် အကဲပိုမည်ဆိုတာ သိသိကြီးနှင့်ပင် သူ ဥပေက္ခာပြုထားခဲ့မိသည်။

ဒါဟာ သူ့မာနတွေ အရောင်တက်စေဖို့ပါ။

အဲလိုမျိုး တစ်နေ့တစ်နေ့ ဒီဇိုင်းတွေထွင်ရင်း၊ သူ့ဖောက်သည်တွေကို ပျူငှာစွာဆက်ဆံရင်းက သူက နေ့ရက်



www.burmeseclassic.com

www.burmeseclassic.com



တွေကို လွယ်လင့်တကူ ဖြတ်သန်းခဲ့သည်။ မိုးကုတ်မှ စထွက်ခဲ့စဉ်က သူ့ အသက်ဆယ့်ရှစ်နှစ်ခန့်။ အခု အသက်နှစ်ဆယ့်နှစ်၊ နှစ်ထဲ ချဉ်းနင်းဝင်ရောက်လာခဲ့ပြီ။

ဒီကာလအတွင်းမှာ သူဟာ ဒီဇိုင်းတွေအကြောင်း၊ ဘယ်အရောင် နှစ်ရောင်စပ်လျက်ချုပ်ပါက လူတွေအမြင်မှာ ဆန်းသစ်လင်းလက်သွားစေမည်ဆိုတာလောက်ပဲ ခံစားတတ်သော သူ့နှလုံးသားသည် အချစ်နှင့်ပတ်သက်ပါက ပကတိငြိမ်သက်ကြည်လင်နေစမြဲဖြစ်၏။

* * *



## အပိုင်း (၃)

သူ တစ်ယောက်တည်း နေတတ်ကတည်းက တစ်ပတ်တစ်ခါတော့ ဈေးဝယ်ထွက်ရစမြဲ။ ကြာတော့ တနင်္ဂနွေတစ်ရက် Shopping ထွက်တာဟာ သူ့အကျင့်လို ဖြစ်နေပေပြီ။ တစ်ယောက်တည်းသမား၊ ပြီးတော့ ယောကျ်ားလေးလည်း ဖြစ်ပြန်တာကြောင့် သူဟာ City Mart လိုနေရာမျိုးသာ သွားတာများပါသည်။ တစ်ပတ်တစ်ခါ အသစ်ထွက်သော အင်္ကျီဒီဇိုင်းလေးများလည်း ကြည့်ရင်းနှင့်ပေါ့။

ဒီတစ်ပတ်တော့ သူက ဝယ်စရာတော်တော်များတာနှင့်ပဲ လက်တွန်းလှည်းလေး ဆွဲယူလာပါသည်။

သက်ပိုင်ရဲစာပေ

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ပုစွန်တုပ်နဲ့ ကြက်ဥလည်း ယူဦးမှ၊ နောက်ပြီး နို့ဆီ, ကော်ဖီမစ်တစ်ထုပ်၊ အသီးအနှံလည်း နည်းနည်းဝယ်ထားဦးမှပဲ၊ နို့မို့ အသားငါးတွေချည်းပဲ ... ညှီစော်နံတယ်"

အစရှိသဖြင့် တစ်ကိုယ်တည်း အေးအေးဆေးဆေး ဈေးဝယ်ထွက်လျက်ရှိသည်။ တနင်္ဂနွေလို နေ့ရက်မျိုးမို့ ရုံးပိတ်ကျောင်းပိတ်သောသူတွေနှင့် Shopping Centre ကြီးတစ်ခုလုံးက လှုပ်ရှားသက်ဝင်ဆဲ၊ စည်ကားဆဲ ...။ ထိုအခိုက်မှာပင် ...

"တို့ကို တစ်ခုလောက် ကူညီပါနော်"

ဟူသော အသံတိုးတိုးနှင့်အတူ သူ့လက်မောင်းတစ်ဖက်အား ရစ်ပတ်နှောင်တွယ်သော အထိအတွေ့။ သူ ငုံ့ကြည့်တော့ အားပါး ... သူ့ကမ္ဘာကြီးတစ်ခုလုံး ကျွမ်းထိုးမှောက်ခုံဖြစ်သွားစေနိုင်သည့် ညို့ဓာတ်ပြင်း မျက်ဝန်းတစ်စုံနှင့် အလှနတ်ဘုရားမ။

သူမ,ကတော့ သူ့အဖြစ်တွေကို သိဟန်မတူ။ လွတ်ထွက်သွားမှာစိုးသည့်အလား သူ့လက်မောင်းကိုပဲ တင်းကျပ်စွာဖက်တွယ်လျက်ရှိကာ ...

"တို့ကိုလေ ယူ့ရဲ့ပါတနာအနေနဲ့ ခဏလောက် ဟန်





ဆောင်ပေးပါနော်၊ ဟို ... ပြီးတော့ ဖြစ်နိုင်ရင် ဒီထဲက မြန်မြန်ထွက်ပေးပါ။ ပြီးမှ ... ယူ လိုအပ်တာတွေ ပြန်ဝယ်ဖို့ တို့ကူညီပါ့မယ်၊ အခုတော့ တို့ကိုကူညီပေးပါ၊ တို့ အခက်အခဲတစ်ခုတည်းက အရင်ဆုံး လွတ်အောင်ပြေးရမှာမို့လို့ပါ"

လို့ နှုတ်က တရစပ်ဆိုသလို ခြေလှမ်းတို့ကလည်း ခပ်ကျဲကျဲလှမ်းလေသည်။ သူကလည်း သူမ,ခြေလှမ်းကို အမီလှမ်းရ၍ ငွေရှင်းကောင်တာအနားသို့ ဘယ်သို့ဘယ်ပုံ ရောက်လာမှန်း မသိတော့။

သူမ,ကပင် ဖြူနုသွယ်ပျောင်းသော လက်အစုံဖြင့် သူ့ခြင်းထဲက ပစ္စည်းတွေ တစ်ခုပြီးတစ်ခု ငွေရှင်းကောင်တာရှေ့ ချပေးပြီး ...

"မြန်မြန်လုပ်ပေးပါနော်၊ အရေးတကြီး သွားစရာရှိနေလို့၊ မောင်ကလည်းလေ ... သွားစရာရှိပါတယ်လို့ အစောကြီးကတည်းက ပြောထားတာကို၊ ဝယ်နေတာ မပြီးတော့ဘူး"

လို့ ခပ်ညုညုပြောကာ ဝိုက်ခနဲ ညို့မျက်ဝန်းနှင့် ကြည့်တော့ သူ့ရင်တွေ ဒိန်းခနဲ ခုန်သည်။ ပြီးတော့ ... ကန့်ကလျဖြင့် သူ့ပခုံးစွန်း၌ မှီထားသော သူမ,ဦးခေါင်းရှိ ဆံနွယ်တွေကြား



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာသော ခပ်အီအီ Shampoo ရနံ့က သူ့သွေးတွေကို လှိုက်ဆူတက်လာစေ၏။

ဒီလိုနှင့်ပင် ကျော်ပီယဟာ ရင်တွေခုန်လိုက်၊ သွေးတွေ ပူနွေးဆူပွက်လိုက်နှင့် ဗျာများနေရသလောက် သူမကတော့ ခပ်အေးအေးပင်။ သူ့ကားပေါ်ထိ ပါလာပြီ။

"တို့ မောင်းလိုက်မယ်"

"ဗျာ ..."

"ဒီလိုပါ ... တို့နောက်က လိုက်လာတဲ့လူတွေကို မျက်ခြည်ပြတ်ရအောင်လေ၊ ယူ့ဆိုရင် အကြောင်းမသိတော့ ဒီအတိုင်း ရိုးရိုးကြီး မောင်းနေမှာစိုးလို့"

သူမ နှုတ်ထွက်စကားကို သူ ဘာတစ်ခုမှ မငြင်းဆန်နိုင်။ ညို့စက်ကွင်း၌ မိနေသူပီပီ သူမ ဘာပြောပြော ခေါင်းညိတ်ပြီးသား ...။

"ဟုတ် ... ဟုတ်ကဲ့"

"ကျေးဇူးတင်ပါတယ်နော်၊ အခုလို ကူညီတဲ့အတွက်၊ သူ ... တို့ကို မျက်ခြည်ပြတ်ပြီးမှ တို့နှစ်ယောက် တစ်ဆိုင်ဆိုင် ဝင်ကြတာပေါ့၊ တို့ ဒကာခံပါ့မယ်၊ ကဲ ... အခုတော့ ယူ





ခါးပတ်ပတ်ထားဦး၊ တို့က ကားမောင်းကြမ်းတယ်"

"ဟုတ်ကဲ့"

သူက ခေါင်းညိတ်သည်။ ပြီးတော့ သူမ ပြောတဲ့အတိုင်း နာခံစွာ ခါးပတ်ပတ်သည်။ ပြီးတာနှင့် သူ့ရဲ့ Celica အမျိုးအစား ပြိုင်ကားလေးဟာ လေးညို့မှထွက်သော မြားတစ်စင်းပမာ လေထုကိုခွင်း၍ ထွက်သွားလေပြီ။ သူမသည် ကားမောင်းကျွမ်းကျင်ရုံမက ကြမ်းလည်းကြမ်း၊ ရမ်းလည်း ရမ်းလေသည်။

ဘေးနားရှိ ကားတွေကို တစ်စီးပြီးတစ်စီး ပွတ်ကာသီကာ ကျော်ဖြတ်၏။ လမ်းတွေကို အကွေ့အကောက် အတော်များများနှင့် မောင်းပစ်သည်။ ပခုံးကျော်ရုံရှိသော ရွှေအိုရောင် ဆံနွယ်အခွေကြီးတွေဟာ လေထုအရှိန်ကြောင့် ဝေ့ကာဝဲကာ။ ဘေးတစောင်းမို့ပေလား မသိ ...။ နှာတံကစင်းပြီး ချွန်မြသည်။ ထိုနှာတံအချိုင့်လေးကြောင့် အပေါ်နှုတ်ခမ်းက ဖွံ့သထက်ဖွံ့ထင်ရှားစွာ။

အပေါ်က ပါးလှပ်နေသလောက် အောက်နှုတ်ခမ်းသားလေးက ထွေးအိစွာ ခပ်တွဲတွဲလေး ကျနေသည်။ အဲဒီနှုတ်ခမ်းပေါ် တင်ထားသည့်အရောင်က မရမ်းစေ့ရောင် စိုစိုရွဲရွဲလေး။



www.burmeseclassic.com

www.burmeseclassic.com



မြင်ရသူအပေါင်းအား ရင်ခုန်နှုန်းမြန်စေမည့် ညို့အားပြင်းသည့် မေးစေ့က ချွန်သည်။ ဒါပေမဲ့ ထိုချွန်သောအရာလေးကပဲ သူမ့မျက်နှာရဲ့ အလှတရားကို ပြည့်စုံအောင် ဖန်တီးပေးသကဲ့သို့ ရှိသည်။

အသားက အဝါရောင်သမ်းသည်။ ဒူးဖုံးရုံဂါဝန်က လက်ပြတ်။ ရင်စည်း ဖာအဖြူရောင်နှင့်။ အနက်ပေါ်အနီနှင့် အဖြူပန်းပွင့်ကြီးတွေပါသည့် အဆင်။ အောက်က အသားကပ်ခြေအိတ်အနက်၊ ပင်နီဆယ်ဟီးက အနီရဲရဲ။ ဘာပဲဖြစ်ဖြစ် သူမဟာအများသူငါနဲ့မတူ တစ်မူထူးခြားစွာ ပေါ်လွင်နေတာတော့ အမှန်ပင်။

''တို့ အေးအေးဆေးဆေး စကားပြောရအောင် ကော်ဖီဆိုင်တစ်ခုခုမှာ ဝင်ထိုင်ကြမယ်နော်''

ဟု သူမက ဆိုတော့ သူက မရိုးသော နာခံမှုမျိုးနှင့် . .

''ဟုတ်ကဲ့''

ဟူ၍ ပြောသည်။ ဒီလိုနှင့် အပြာရောင်မီးပွင့်တွေ လွှမ်းသော၊ ပီယာနိုသံ ငြိမ့်ညောင်းစွာ ထွက်ပေါ်နေသော ကော်ဖီဆိုင်တစ်ဆိုင်ထဲသို့ သူမ ဦးဆောင်မှုနှင့် သူ ရောက်ရှိသွားရ၏။





''တို့ကို အခုလို ကူညီခဲ့တဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်ကနေ စပြောရတော့မှာပဲ၊ တို့စိတ်ထဲက တကယ့်ကိုတလိုက်တလဲ့ ကျေးဇူးတင်တာပါ''

နှုတ်ခမ်းပွင့်ချပ်နှစ်ဖက် လှစ်ခနဲဟအောင် ပြုံးကာပြောတော့ သူ့ရင်တွင်း၌ လျှော်တစ်စင်း ဖြစ်ထွန်းသွားရသည်။

''ရပါတယ်၊ ကျွန်တော့်အတွက် အပန်းမှမကြီးတာ''

''ဒါပေမဲ့ . . . ရုတ်တရက်ကြီး အကူအညီတောင်းလိုက်တော့ မင်း လန့်သွားတယ် မဟုတ်လား''

''ဟို . . . မထင်ထားတော့၊ ကျွန်တော် အံ့ဩသွားတာမျိုးပါ''

သူက ဖြေရှင်းရင်းက မနေတတ်မထိုင်တတ် ဖြစ်လာရသည်။ သူ့ရှေ့မျက်နှာချင်းဆိုင်၌ သူ့အား တည့်တည့်ထိုင်ကြည့်ကာ ခပ်လွှန့်လွှန့်ပြုံးနေသော သူမကြောင့် သူ ရှက်လာရ၏။ သူ့လက်တွေဟာ အကြောင်းမဲ့ လည်ကုပ်ကို ပွတ်သပ်ရင်းသူမနှင့် မျက်လုံးချင်းပင် မဆိုင်ရဲတော့။

''အင်း . . . တို့ ခန့်မှန်းကြည့်ရသလောက် မင်းကတို့ထက်ငယ်မယ်နဲ့ တူတယ်''



www.burmeseclassic.com

www.burmeseclassic.com



''ကျွန်တော် အသက် နှစ်ဆယ့်နှစ်နှစ် ရှိပါပြီ''

သူ့အသံထဲ မခံချင်ဟန်များ စွက်သွားလေသလားမသိ။ အတန်ငယ် မာဆတ်သွားတာတော့ အမှန်ပါ။ သူမကတော့ သွားဖြူတန်းတွေ အကုန်ပေါ်အောင် ရယ်ရင်းက …

''အို … ဒါဆို တို့မှန်းတာ တော်တာပေါ့၊ မင်းက တို့ထက် သုံးနှစ်ငယ်တယ်၊ တို့က နှစ်ဆယ့်ငါးနှစ်ရှိပြီ၊ တို့ နာမည်က သမုဒယတဲ့၊ မင်းကရော …''

''ကျော်ပီယပါ''

''ဒီနာမည်ကို တို့ရင်းနှီးနေတယ်၊ နေပါဦး … အင်း …''

သူမက နားထင်ကို လက်ညှိုးနဲ့ ထောက်ကာ စဉ်းစားဟန်ပြုသည်။ သူ့အတွက်တော့ သူမရဲ့ အမှတ်တမဲ့ဟန်အမူအယာတိုင်းက ရင်ခုန်ဖွယ်ရာပင် ဖြစ်၏။

''ဪ … သိပြီ၊ အခုတလောမှ နာမည်ကြီးလာတဲ့ ဒီဇိုင်နာလေ၊ တို့ပတ်ဝန်းကျင်မှာ မင်းရဲ့သတင်းတွေ ကြားနေရတာကြာပြီ၊ မင်းရဲ့ ရှုပါပွင့်မှု၊ ဖော်ရွေပျူငှာမှုတွေပေါ့''

''အဲဒီလောက်ကြီးလည်း မဟုတ်သေးပါဘူး … အဟဲ''





သူက လက်ဝါးနှစ်ဖက်ကို အကြိမ်ကြိမ်ပွတ်သပ်ရင်း ရှက်ရှက်နဲ့ ပြုံးသည်။

သူမကတော့ သူ့ပုံစံကို သဘောကျသည့်နှယ် အလွန်သာယာညှင်းပျောင်းစွာ ရယ်တော့ သူ့မှာ မနေတတ်မထိုင်တတ် ဖြစ်ရ၏။ ပြီးတော့ ထိုရယ်သံကြား ထုံးစံအတိုင်း နှစ်မျောရပြန်ပါ၏။

''အခုမှ ကြားတဲ့စကားတွေက လိုနေသေးပါလားလို့ တို့သိရတာ၊ နာမည်ကျော်ဒီဇိုင်နာကြီးကိုယ်တိုင် တို့ကို ကူညီခဲ့ရတာပဲ''

''အဲဒီစကားကို ခဏခဏမပြောပါနဲ့ မ၊ ကျွန်တော် မနေတတ်လို့ပါ၊ ဒါပေမဲ့ … ဖြစ်နိုင်မယ်ဆိုရင်တော့ မ, ကြုံတွေ့နေရတဲ့ အခက်အခဲတွေကို ကျွန်တော် သိချင်နေတယ်၊ ဒါပေမဲ့ … ပြောပြဖို့ အခက်တွေ့နေရရင်လည်း မ,သဘောပါ''

သူ့စိတ်ရင်းအမှန်ကို ဖွင့်ဟမိလေပြီ။ မ,ရှေ့က မားမားမတ်မတ် ရပ်တည်ပေးလိုသော သူ့စိတ်တို့သည် တစ်ခဏချင်းမှာပင် ပေါ်ပေါက်လာရပေမယ့် အစိုင်အခဲကြီးမားကြောင်း သူ အသိဆုံးသာဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



မ,ကတော့ သူ့မျက်နှာကိုကြည့်ကာ တစ်ချက်တွေဝေသွားပြီးမှ ...

''မင်းကိုလည်း တွေ့တွေ့ချင်းကတည်းက တို့စိတ်ထဲအားကိုးချင်တဲ့ဆန္ဒတွေ ရှိလာတာ အမှန်ပဲ၊ တို့ ... ပီယလို့ပဲ ခေါ်မယ်နော်''

''ဟုတ်ကဲ့ ... ရပါတယ် ... မ''

''ဒီ Centre ကြီးတစ်ခုလုံးထဲမှာ မင်းလို တစ်ယောက်တည်း ဈေးလာဝယ်တဲ့လူတွေ အများကြီးထဲကမှ မင်းကို ဘာကြောင့်ရွေးခဲ့တယ်ဆိုတာ ကိုယ်တိုင်တောင် မသိတော့ပါဘူး ပီယရယ်''

မ,က ညည်းညူသလိုလေး ဆိုသည်။ သူကတော့ မ,ရဲ့ရွေးချယ်ခြင်းကိုပဲ ကံကောင်းမှုတစ်ခုအဖြစ် မှတ်ယူချင်ပါ၏။

''အခုလက်ရှိအခြေအနေမှာ တို့အတွက် တိုင်ပင်စရာမိတ်ဆွေရင်းလည်း မရှိဘူး၊ တို့ကို အစစ်အမှန်ကူညီမယ့်လူလည်း မရှိဘူး၊ ဒါပေမဲ့ ... တို့အဖြစ်တွေ ပြောပြရင် ပီယကိုအပူတွေ မျှပေးသလိုများ ဖြစ်နေမလားလို့''

''ကျွန်တော်ကိုယ်တိုင်ကလည်း အဲဒီအပူတွေကို လို





ချင်တယ်ဆိုရင်ရော ...''

ဘယ်အရာတွေက မွေးဖွားပေးလိုက်သလဲ မသိ။ သူ့၌ ရဲရင့်ခြင်းတွေက ခွန်အားတစ်မျိုးနှယ် ခန္ဓာကိုယ်အနှံ့ တိုး၍ ရစ်နှောင်လို့ ...။ သူ့တောင်းဆိုချက်အဆုံးမှာတော့ မ,က အပြုံးတစ်ပွင့်နှင့် ခေါင်းညိတ်ပြရင်း ...

''ကောင်းပြီလေ ... မ,မှာ မိဘတွေမရှိတော့ပါဘူး၊ အဖေ နောက်ထပ်လက်ထပ်ထားတဲ့မိန်းမ ... အင်း ... တို့မိထွေးနဲ့ပဲ နေရတယ်လေ၊ အခုလောလောဆယ် အမွေတွေထိန်းထားတာ တို့မိထွေး၊ တို့အသက် နှစ်ဆယ့်ခြောက်နှစ်ပြည့်ရင် အမွေအကုန် လွှဲပေးရတော့မှာ''

''တစ်နှစ်ပဲ လိုတော့တာပေါ့''

''အဲဒါကြောင့်လည်း သူတို့က အသဲအမဲဖြစ်နေတာပေါ့ ပီယရယ်''

''ဘာကိုလဲ ... မ''

သူ မဆိုင်းမတွ မေးမိသည်။ မ,ဘဝက ရှုပ်ထွေးနက်နဲသလောက် စိတ်ဝင်စားစရာကောင်းလာပြီဟု သူ ထင်မှတ်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မ,မျက်ဝန်းတွေက ရုတ်ခြည်း ရီဝေမှိုင်းညို့လာပြီး ...

"အမွှေတွေကို တို့မိထွေးကလည်း ရချင်တယ်လေ၊ ဒီတော့ သူ့ရဲ့မောင်နဲ့ အတင်းစီစဉ်လို့ တို့က ရန်ကုန်ထိ ဆင်းပြေးလာရတာ၊ အခုနကလည်း သူ့မောင်ရဲ့တပည့်တစ်ယောက်က မ,နောက်က ပါလာတာနဲ့ပဲ မင်းကို မ, အကူအညီတောင်းရတာ"

အခုမှ ဇာတ်ရည်လည်တော့သည်။

"ဒါဆို မ,က ဒီရန်ကုန်ဇာတိ မဟုတ်ဘူးပေါ့"

"တို့ ... မန္တလေးသူပါ"

"ကျွန်တော်က မိုးကုတ်ကဗျ၊ မန္တလေးနဲ့ မိုးကုတ်အိမ်ဦးနဲ့ ကြမ်းပြင်ပဲ၊ မန္တလေးမှာက အမေ့အမျိုးတွေချည်းပဲ၊ မ,လိပ်စာက ..."

သူ အမှတ်မထင် မေးမိခြင်းပါ။ မ,ကတော့ ပျက်ယွင်းသွားသော မျက်နှာကို အနိုင်နိုင်ထိန်းရင်း ...

"တို့လိပ်စာကို မသိချင်ပါနဲ့ ပီယရယ်၊ ဖြစ်နိုင်ရင် မန္တလေးမှာ နေရတဲ့ဘဝကိုတောင် တို့က မေ့ထားချင်တာ"

ဟု ဆိုလေသည်။





ထိုနေ့က သူအတင်းတောင်းဆို၍ မ,က အိမ်ပြန်ပို့ခွင့်ပေးခဲ့သည်။

မ,နေသော အိမ်ကြီးက တကယ်ခမ်းနားစွာသော ရဲတိုက်ကြီးပမာ။

မ,က သူ့အား ခြံရှေ့၌ပင် ကားရပ်စေပြီး ...

"ရပြီ ပီယ ... တို့ကို ဒီမှာတင် ချခဲ့တော့"

"ကျွန်တော် ဟွန်းတီးလိုက်ရမလား ... မ၊ ခြံတံခါးလာဖွင့်အောင်"

"ဟင့်အင်း ... ရတယ်၊ နေ ... နေ ... ပီယ၊ မ,ဘဲလ်နှိပ်ပြီး ခေါ်ပါ့မယ်၊ ပီယဆီ မ,တစ်နေ့လောက်တော့ အကျီလာအပ်ရဦးမယ်၊ evening dress (ညနေခင်းဝတ်စုံ) လိုဟာမျိုးပေါ့"

"လာခဲ့ပါ ... မ၊ ဒါ ကျွန်တော့်ရဲ့ visiting card (လိပ်စာကတ်) ပါ၊ မ,အကူအညီလိုတဲ့အခါ အချိန်မရွေး ကျွန်တော့်ဆီ ဖုန်းဆက်လိုက်ပေါ့"

ဟု သူက ဆိုသည်။ မ,အတွက်ဆို သူ၌ရှိသမျှ အချိန်အားလုံး ပုံပေးပစ်ရန် ဝန်မလေးပေ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က ကားနောက်ကြည့်မှန်မှတစ်ဆင့် တစ်စထက် တစ်စ ဝါးသွားသော မ,ပုံရိပ်လေးကို ငေးကြည့်ရင်း သူ့နှလုံးသား ထဲက ချစ်ခြင်း နိုးထလာပြီဆိုတာ ပီယ သိလိုက်ရပါတော့သည်။

အချစ်ဆိုတာ ရင်ခုန်ခြင်းက စသည်လို့ ဆိုရိုးရှိကြသည် မဟုတ်ပါလားကွယ်။

*

--------------------။

မ,နဲ့တွေ့ပြီးနောက်ပိုင်း ပီယ၌ ရောဂါတစ်မျိုး စွဲကပ်၍ လာသည်။ အဲဒါက တခြားတော့မဟုတ်။ မ,နှင့်ဆုံခဲ့ဖူးသော Shopping Centre ကြီးသို့ တစ်နေ့တစ်ခေါက် မှန်မှန်သွားကာ မ,ကို တွေ့လိုတွေ့ငြား ရှာဖွေရခြင်းပင်ဖြစ်၏။

မ,အိမ်ကို သိပြီဖြစ်ပေမယ့် သူဟာ အကြောင်းမရှိဘဲတော့ မသွားရဲပေ။ အချစ်ကို အခုမှ စတင်မြည်းစမ်းဟန်ပြင်သော လူငယ်လေးသည် ထိုမျှအထိတော့ မရဲတင်း။

သို့ပေမယ့် ည လူခြေတိတ်ချိန်ဆိုရင်တော့ မ,အိမ်ရှေ့၌ နှစ်ခေါက်,သုံးခေါက်မျှ ကားဖြတ်မောင်းဖူးသည်။ ဒါတောင် အင်မတန် အရဲစွန့်ရခြင်းပါ။ မ,အရိပ်လေးကို တွေ့ခွင့်ရမလားလို့။

သို့ပေမယ့် … အချည်းနှီးပင်။ ကားဆိုကုန်တာပဲ အဖတ်တင်၏။ မ,အိမ်ကြီးသည် ညအခါလည်း နန်းတော်တမျှ

သက်ပိုင်မဲ့ကာဆပ

www.burmeseclassic.com

www.burmeseclassic.com



ခမ်းနားကြီးကျယ်စွာ မီးတွေထိန်ထိန်ညီး ထွန်းထားတာတော့ တွေ့ရတတ်ပါသည်။

သူဟာ တစ်နေ့တစ်နေ့ ဒီဖိုင်းတွေထွင်လိုက်၊ မ,အား တိတ်တခိုးမျှော်လင့်လိုက်နှင့် အမေ့ကိုတောင် ဖုန်းပြောရင်း တစ်ခွန်းတစ်စ ဝန်ခံမိသေး။

''အမေ … ကျွန်တော့်မှာ ချစ်သူရှိပြီဆိုရင် အမေ စိတ်ဆိုးမှာလားဟင်''

လို့မေးတော့ ဟက်ဟက်ပက်ပက်ရယ်သော အမေ့အသံကို ဖုန်းထဲမှတစ်ဆင့် သူ ကြားရပါသည်။ အမေက အားရ အောင်ရယ်ပြီးမှ …

''ဘာကိစ္စ စိတ်ဆိုးရမှာလည်း သားရယ်၊ ဒါ မင်္ဂလာရှိတဲ့ကိစ္စပဲကို၊ ကဲ … ဆိုစမ်းပါဦး … မျိုးရိုးဇာတိနဲ့ ကလေးမလေးရဲ့ ပညာအရည်အချင်း''

လို့ အမေက တန်းခနဲမေးတော့ သူ ဘာပြန်ဖြေရမှန်း မသိ။ အတန်ကြာတဲ့အထိ အူတိအူကြောင်ဖြစ်နေပြီးမှ …

''အဲဒါတွေ မသိရသေးဘူး အမေ''

''ဟင် … သားပြောတော့ ချစ်သူရှိပြီဆို''





''ချစ်သူတော့ ချစ်သူပဲ အမေရဲ့၊ ဒါပေမဲ့ … နှစ်ဖက်သတ် မဖြစ်သေးဘူး၊ သား တစ်ဖက်သတ်ကတော့ သေချာနေပြီ၊ ပြီးတော့ … သားတို့တွေ့တာ အခုမှ တစ်ကြိမ်ပဲ ရှိသေးတယ် အမေ''

''ဪ … ဒါဆို အမေ့သားက တစ်ကြိမ်တည်းနဲ့ တမ်းတမ်းစွဲဖြစ်သွားတာပေါ့''

''ဆိုပါတော့ အမေရယ်''

ဟု သူ့မှာ ရှက်ရှက်နဲ့ ဝန်ခံရသည်အထိပင်။ အချစ်ဆိုတာ နဂိုက ထိုမျှအထိ တန်ခိုးကြီးမှန်း သူ မသိခဲ့ပေ။ အခုတော့ အချစ်ရဲ့စွမ်းအင်တွေကို မျက်မြင်ကိုယ်တွေ့။

အရာရာ ရင်ဆိုင်ချင်သည်။ ချစ်သူအတွက် ပေးဆပ်အနစ်နာခံချင်သည်။ ချစ်သူ မဲ့တစ်ပေါက် မစွန်းရအောင် သူကာကွယ်စောင့်ရှောက်ချင်၏။

ခက်တာက … သူ၌ အဲဒီလိုစိတ်တွေသာ တစ်စထက်တစ်စ များပြားလာရသည်။ မ,နှင့်တော့ လုံးလုံးမတွေ့ရတော့ပေ။ သို့ပေမယ့် ပီယ ယုံကြည်ဖါသည်။ မ,ထံ၌ သူ့လိပ်စာကတ်လေး ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့နေ့,တစ်ချိန်ချိန်တော့ မ,ဆက်သွယ်လာပါလိမ့်မည်။ ထိုမျှော်လင့်ချက်ဖြင့် သူသည် ဟန်းဖုန်းအားအားသွင်းချိန်မှအပ အမြဲတစေ ဖွင့်ထားလေ့ရှိသည်။

အဲဒီလို တစ်ယောက်တည်း ရူးနေရသောအချိန် ဆယ်ရက်ခန့် ကြာပြီးသည့် နောက်မှာတော့ သူ့တိုက်ခန်းလေးဆီ မ, တကယ် ရောက်ရှိလာခဲ့ပါသည်။

ထိုအချိန်က သူဟာ အရေးကြီးသော ပွဲတစ်ခုအတွက် ထိုင်မသိမ်းတစ်ထည် ချုပ်နေချိန်။ ချုပ်ပြီးသား ထိုင်မသိမ်းပေါ် ရွှေဝါရောင်စီးကွင့်န်တွေ ကိုယ်တိုင်သီချုပ်ပေးနေချိန်မှာပဲ ...

"ဟယ်လို ...ပီယရေ"

ဟူသည့် အသံကြည်ကြည်လေးဖြင့် မ,က တိုက်ခန်းထဲ ဝင်ရောက်လာခြင်းပါ။ သူသည် အံ့သြခြင်းများစွာဖြင့် ...

"ဟင် ...မ"

ဟုသာ ခေါ်နိုင်သည်။ အပျော်တွေ ...မ,မျက်နှာကို မြင်ရ၍ လှိုင်းထသော ချစ်ခြင်းတွေ ...ဖြင့် သူ့မှာ ဘာဆို ဘာမှ မပြောနိုင်။

"ဟောဒေ ...ညည့်သည်ကို ဒီအတိုင်းကြီး ထား





ထားတယ်၊ တို့ကြားဖူးတဲ့ ကျော်ပီယက အင်မတန် ဖော်ရွေပျူငှာတယ်ဆို၊ အင်း ...အကြားနဲ့အမြင်တော့ တက်တက်စင်အောင်လွဲနေပြီနဲ့တူတယ်"

"အာ ...မဟုတ်ဘူး မ ... ရုတ်တရက်ကြီးဆိုတော့ ကျွန်တော် အရမ်းအံ့သြသွားလို့၊ ထိုင်ပါ ...ထိုင်ပါ ...မ"

ဟု သူ ကမန်းကတန်း နေရာပေးမှ မ,က သူ့မူပိုင် ညို့အားကြီးသော အပြုံးလေးဖြင့် ဝင်ထိုင်လေသည်။

"မ, ...ဘာကိစ္စများ ရှိလို့လဲ"

"ဩော် ...နာမည်ကျော် ဒီဇိုင်နာကြီးဆီ ဝင်လာတာပဲ၊ ကိစ္စက အင်္ကျီအပ်ဖို့ကလွဲပြီး ဘာရှိရဦးမှာလဲ"

မ,က နွဲ့နွဲ့လေး ပြောသည်။ ထိုအပြော၌ သူ့နှလုံးသားတစ်ခုလုံးအား သိမ်းကျုံးယူဆောင်သွားတာ သူကိုယ်တိုင်ပဲ သိပါတော့သည်။ မ,ကတော့ ကြည်လင်ဝိုင်းစက်သော မျက်လုံးကို တစ်ချက်အကဲခတ်သလို ဝေ့ဝဲကြည့်ရင်းက ...

"ဒီမှာနေတာ ပီယတစ်ယောက်တည်းပေါ့ ...ဟုတ်လား"

"အင်း ...ဟုတ်တယ် ...မ၊ ကျွန်တော့်မိဘတွေက



www.burmeseclassic.com

www.burmeseclassic.com



မိုးကုတ်မှာလေ၊ ဒီအလုပ်လုပ်တာကို အဖေက သဘောမတူဘူး၊ အဖေက သူ့ကျောက်တွင်းတွေမှာပဲ ဦးစီးစေချင်တာ၊ ကျွန်တော်က ဝါသနာမပါလို့''

''ကျောက်တွင်း ...''

မ,မျက်လုံးတွေက စိန်တစ်ပွင့်လို ဖျတ်ဖျတ်ခါသွားသည်။

''ဟုတ်တယ် မ၊ ကျွန်တော်တို့ရဲ့ မိရိုးဖလာလုပ်ငန်းဆိုပါတော့''

''ဒါဆို ပီယက တကယ့်သူဌေးသားပဲ''

''အဟဲ ... မဟုတ်ပါဘူး မ,ရဲ့၊ အခုလောလောဆယ်တော့ အဖေက သူသဘောကျတာ မလုပ်လို့ဆိုပြီး အမွေဖြတ်ထားတယ်''

သူက အဖြစ်မှန်အတိုင်း ဝန်ခံသည်။ မလိုအပ်ဘဲ လူတွေကို အကြောင်းမဲ့ အထင်မကြီးစေချင်။ အဲဒါ ... ကျော်ပီယရဲ့ဗီဇပဲ ဖြစ်သည်။ ပြီးတော့ သူက သူဌေးသားဖြစ်ချင်တာမဟုတ်။ သူဌေးကိုယ်တိုင် ဖြစ်ချင်တာပင်။

''ခဏထိုင်ဦးနော် ... မ၊ ကျွန်တော် မ,အတွက် တစ်





ခုခု သွားလုပ်ပေးမယ်၊ အပူသောက်မလား ... အအေးလား''

''တို့က ကော်ဖီကြိုက်တယ်''

''Ok ... ဒါပေမဲ့ လက်ဖျော်တော့ မရဘူးနော်၊ ကျွန်တော့်ဆီမှာက Ready Made ပဲရှိတယ်၊ Super လေ''

''ရပါတယ် ... စေတနာသာ အဓိကတဲ့''

ဟု မ,က ပြောလေသည်။ သူကတော့ မ,သာ သောက်နိုင်မည်ဆိုက သူ့စေတနာတွေပင် အရည်ဖျော်ပြီး တိုက်ချင်သူပါ။ သူက မီးဖိုခန်းထဲဝင်ကာ မ,အတွက် အရသာရှိမည့် ကော်ဖီတစ်ခွက်နှင့် မုန့်တစ်ပန်းကန် ပြင်ဆင်ရသည်။ မုန့်ကလည်း ပုံးထဲက နှိုက်ပြီး ပန်းကန်ပြားထဲ ထည့်ရုံသာ။

အားလုံးပြီးတော့ သူ ဧည့်ခန်းထဲ ပြန်ထွက်လာသည်။ မ,ကို ဧည့်ခန်းမှာ မတွေ့ရ။ သူ ထိတ်ခနဲဖြစ်သွားရ၏။

''မ''

သူ့အော်သံက သွေးရူးသွေးတန်းနိုင်စွာ ကျယ်လောင်လျက် ...

''တို့ ... ဒီမှာရှိပါတယ် ပီယရဲ့''

အသံက ဝရန်တာဘက်ဆီမှ၊ အသံနောက်ပါးမှ မ,ပါ



www.burmeseclassic.com

www.burmeseclassic.com



ကပ်ပါလာသည်။ သူက စိုးထိတ်သောရင်ကို အသာထိန်းရင်း ...

"ကျွန်တော်က ပြန်သွားပြီထင်လို့"

"အကျီမှ မအပ်ရသေးတာ၊ ပြီးတော့ ဒီဖိုင်နာကြီး ကိုယ်တိုင် ဖျော်တိုက်တဲ့ကော်ဖီ မသောက်ရသေးဘူးလေ"

"သောက်လေ ... ဒီမှာရပြီ မ"

"အင်း ... မေးစရာရှိသေးတယ်"

"ဟုတ်ကဲ့ ... မေးလေ"

သူ့ပုံစံက မေးသမျှဖြေမည့် တပည့်တစ်ယောက်အသွင် နှယ် ... ရိုကျိုးစွာ။

"ပီယက ... ဒီမှာ အကူအလုပ်သမားလေး ဘာလေး ခေါ်မထားဘူးလား"

"အင်း ... ဟုတ်တယ် မ,ရ၊ လခမပေးနိုင်သေးလို့ လေ၊ ကျွန်တော် စက်ချုပ်သင်ခဲ့တဲ့ဆိုင်တော့ ရှိတယ်၊ ကိုယ် မနိုင်တဲ့ အပ်ထည်တွေကျရင်တော့ သူတို့ကို အကူအညီ တောင်းရတာပေါ့၊ ဒါပေမဲ့ ... များသောအားဖြင့်တော့ ကျွန် တော်ပဲ နိုင်အောင်ချုပ်ပါတယ်၊ တစ်ခုခုလွဲချော်သွားမှာ စိုးလို့





လေ၊ ဒါပေမဲ့ ... စိတ်ချပါ၊ မ,အပ်တဲ့ဝတ်စုံကိုတော့ ကျွန်တော်ပဲ ကိုင်ပါ့မယ်၊ ကဲ ... ပြော ... ဂါဝန်လား၊ ဒါမှ မဟုတ် ..."

"တို့ချုပ်မှာက အမျိုးသားဝတ်"

"ဗျာ ..."

သူက စိုးရိမ်တကြီး အာမေဋိတ်သံ ထွက်သွားသည်။ အမျိုးသားဝတ်ဆိုတာနဲ့ သူ့ရင်ပူသွားတာများ နှိုင်းပြစရာတောင် မရှိ။ ဒါကို မ,က ရိပ်မိပုံပေါ်ပါသည်။

"မစိုးရိမ်ပါနဲ့၊ တခြားလူဝတ်ဖို့ မဟုတ်ပါဘူး ... တို့ ဝတ်ဖို့"

"မ,အတွက်"

"အင်း ... တို့ဝတ်ထားရင် ရုတ်တရက် မိန်းကလေး ဆိုတာ မသိသာစေတဲ့ ဝတ်စုံမျိုးပေါ့"

"မ,မှာ အခက်အခဲတစ်ခုရှိလို့လား"

"ဟုတ်တယ် ပီယ၊ တို့ မဖြစ်မနေတက်ရမယ့် ပွဲတစ်ပွဲ ရှိတယ် ... အဲဒီမှာ မိန်းကလေးအနေနဲ့ တက်လို့မဖြစ်ဘူး၊ ဒီအတွက် တို့ကို ကူညီပြီး ချုပ်ပေးပါနော်"



www.burmeseclassic.com

www.burmeseclassic.com



မ,မျက်ဝန်းတွေက အတောင်းပန်ခံနေသည့်နှယ် ...။ အရည်ကြည်တစ်မျိုးနှင့် တဖျပ်ဖျပ်လက်နေသော ထိုမျက်ဝန်းတွေနှင့် ဆုံတွေ့ရတိုင်း သူ့နှလုံးသားသည် ကျဉ်စက်နှင့် အတို့ခံရသူလို အမြဲခံစားရလေ့ရှိသည်။

''ကျွန်တော့်ကို အဲဒီမျက်ဝန်းတွေနဲ့ ခဏခဏ မဖမ်းစားပါနဲ့ ...မ'' လို့ သူက တီးတိုးရေရွတ်ရင်းက ...

''စိတ်ချပါ ...မ၊ ကျွန်တော် အစွမ်းကုန် ပညာသုံးပြီး ကြိုးစားပေးပါ့မယ်''

သူက အနိုင်အမာကို ကတိပေးမိလေပြီ။ ထိုအခါ မ,သည် သူ့လက်ဖဝါးပေါ် သူမ လက်ဖဝါးဖြင့် အုပ်မိုး ထပ်တင်ကာ ...

''ကျေးဇူးအများကြီးတင်ပါတယ် ပီယ၊ ပီယဟာ မ,အတွက် တစ်ဦးတည်းသော အဖော်ကောင်းပါပဲ''

ဟု ဆိုလေသည်။ မ,တော့ ဘယ်လိုခံစားရမယ်မသိ။ သူကတော့ နူးညံ့ထွေးအိသော မ,လက်ဖဝါး အထိအတွေ့ကြောင့် လူတစ်ကိုယ်လုံး ကြက်သီးတွေ ရှိန်းရှိန်းထသွားရသည် အထိ။





အဓိပ္ပာယ်ဖော်မရသော ရင်ခုန်သံကလည်း ရင်ဘတ်အတွင်း လှိုင်းထဘောင်ဘင်ခတ်ကာ မ,အတွက်ဆို ဘာမဆို စွမ်းစွမ်းတမံ ရွက်ဆောင်ပေးချင်သည့်စိတ်က နေရာအနှံ့အပြားမှ တိုးထွက်လာခဲ့ပါတော့သည်။

ထပ်မံ၍ ရင်ခုန်ဖွယ်ရာ အကောင်းဆုံးမှာ မ,ရဲ့ အိစက်ကြွရှင်းသော ကိုယ်ခန္ဓာအား သူ တိုင်းထွာရခြင်းပင်။ သူ့အလုပ်က ဒါဟုဆိုသော်ငြား မိန်းကလေးအတော်များများအား သူတိုင်းတာပေးဖူးသည်။ ဒီလောက် တိမ်းမူးခြင်းမရှိ။

အခုတော့ မ,နှင့် အနီးကပ်နေရသောအခါ ထွက်ပေါ်လာသည့် ကိုယ်ရနံ့ ဖျော့ဖျော့၊ အကျီလွတ်နေသောနေရာမှ သွေးကြောမျှင်၊ လှုပ်နေသည့် လည်တိုင်ဝင်းဝါဝါ၊ ပုံပန်းတကျ ထုဆစ်ထားသည့်အလား အချိုးအဆစ်ကျနသော မ,ရဲ့ ခန္ဓာကိုယ် အချိုးအစားတွေဟာ သူ၏ညများစွာကို အိပ်မပျော်နိုင်အောင် ဖမ်းစားထားလိုက်ပြီ ဖြစ်၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း (၄)

မ, အတွက် အရေးကြီးသော၊ အရေးပါသော ဝတ်စုံသည် ပြီးစီးသွားခဲ့တာ နှစ်ရက်ခန့်ရှိပြီ။ မ,အား ရက်ချိန်းပေးထားသည်ထက် စောပြီးနေခဲ့သည်မှာ သူ့ရဲ့ လွန်ကဲသော ဝီရိယကြောင့်ပင် ဖြစ်လိမ့်မည်။

ဒီနေ့တော့ မ, ချိန်းထားသည့်နေ့ဖြစ်၍ သူဟာ မိုးလင်းပြီဆိုတာနှင့်ကို မျှော်ဇောနှင့် မောနေခဲ့တာပါ။ ဘာအလုပ်မှ ဖြောင့်ဖြောင့်မလုပ်နိုင်။ မ,ကို တွေ့ချင်တဲ့စိတ်နဲ့လေ။

သူကသာ တစ်နေ့လုံး လှုပ်ရှားသောစိတ်ကို ထိန်းမရဘဲ မျှော်နေရသည်။ မ,ကတော့ နေစောင်းသည်အထိ ပေါ်မလာ။





"ဘာလဲကွာ ...မ,ကလည်း၊ မနက်ဖြန်ညနေ ပွဲတက်ရမှာဆို၊ fitting (ဖစ်တင်) ဖြစ်,မဖြစ် ဝတ်ကြည့်ရမှာပေါ့၊ ပြင်စရာရှိလည်း ပြင်ရအောင်"

သူက နာရီကြည့်လိုက်၊ တစ်ယောက်တည်း တဖျစ်တောက်တောက်ပြောလိုက်နှင့် ဂနာကို မငြိမ်နိုင်ပါ။ ညနေခြောက်နာရီထိုးသောအခါ ဒီအတိုင်း သူ,မနေနိုင်တော့။

"မ,အိမ်ကို သိထားတာပဲ၊ သွားပို့ပေးလိုက်ပါ့မယ်၊ မ,နဲ့ တွေ့ရတာပေါ့"

ဟူသည့်စိတ်ဖြင့် သူဟာ တိုက်ခန်းကို သော့ပိတ်ပြီး မ,ဆီ ထွက်လာခဲ့သည်။ မ,နှင့် တွေ့ရတော့မည်ဟူသော အတွေးက သူ့အား အားသစ်တွေ ထပ်လောင်းထည့်ပေးနေသလိုပင်။ လူတစ်ကိုယ်လုံး လန်းဆန်းပြီး အားအင်ပြည့်ဝလျက် ရှိပါတော့သည်။

သူ့ကားလေးသည် သူခိုင်းစေသော အမြန်နှုန်းနှင့်ပင် မ,ထံ မိနစ်နှစ်ဆယ်တည်းနှင့်အရောက်ပို့ပေး၏။ ရဲတိုက်ကြီးတမျှ ခမ်းနားကျယ်လွင်သော ခြံတံခါးကြီးရှေ့၌ သူ ကားရပ်ပြီးသောအခါ သူ့ရင်ခုန်သံသည် နှစ်ဆတိုး၍ မြန်ဆန်စွာခုန်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက တတီတီနှင့် ဟွန်းတီးသောအခါ ခြံထဲမှ အရပ်မြင့်မြင့် အသားညိုညိုလူကြီးတစ်ဦး ထွက်လာ၏။ ခန္ဓာကိုယ်အပေါ်ပိုင်းက ဘာအင်္ကျီမှမပါ ... ပလာကျင်းလျက်။

"ဘာကိစ္စလဲ မောင်ရင်"

ဟု မေးသည်။ သူက ပြတင်းပေါက်မှ ခေါင်းထုတ်ပြီး ...

"မသမုဒယနဲ့ တွေ့ချင်လို့"

"ဟမ် ... ဘယ်သူ"

"သမုဒယလေ ... သမုဒယ"

"သမုဒယ"

လူကြီးက သံယောင်ရေရွတ်သည်။ သူက ဒါကိုပဲ ဝမ်းသာအားရ ခေါင်းညိတ်ပြပြီး ...

"ကျော်ပီယလို့ ပြောပေးပါ"

"ဟော့ ... နေဦးကွဲ့ သူငယ်၊ ဒီအိမ်မှာ သမုဒယဆိုတာ မရှိဘူး"

"ဗျာ ..."

"အေးကွဲ့ ... မင်း အိမ်မှားလာပြီနဲ့ တူတယ်"





"ဟာ ... မမှားပါဘူး၊ ဒီကိုတောင် ကျွန်တော် လိုက်ပို့ပေးဖူးသေးတယ်"

"ဟော ..."

လူကြီးကား အံ့သြခြင်းနှင့်အတူ မျက်ခုံးနှစ်ဖက်ပါ ပင့်တက်သွားသည်။ ထိုအခိုက်မှာပင် သူ့ခါးကြားထဲက ဟန်းဖုန်းလေး မြည်လာတာဖြစ်၏။

"ဟယ်လို"

"ပီယ"

"ဟင် ... မ"

"ဘယ်ကိုရောက်နေလဲ ပီယ၊ တို့ အင်္ကျီရွေးဖို့ ဒီမှာရောက်နေပြီ"

"ဟာ ... သေပါတော့ဗျာ၊ ကျွန်တော်က အခု မ,ရဲ့ အိမ်ရှေ့ကို ရောက်နေတာ"

"ဟင် ... တို့ရဲ့အိမ်"

မ,ရဲ့အသံက ပြူးတူးပျာတာနိုင်လှ၏။

"အင်းလေ ... မ,ရဲ့အိမ်လေ၊ ဟိုတစ်ခါ ကျွန်တော် လိုက်ပို့ဖူးတဲ့ အိမ်၊ ဒီမှာ ခြံစောင့်ကြီးကို တံခါးဖွင့်ခိုင်းနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ... ဒါဆိုလည်း အခုပြန်ခဲ့တော့၊ မ, ဒီမှာ မင်းတိုက်ရှေ့မှာ ငုတ်တုတ်ထိုင်စောင့်နေရတယ်၊ အခု ပြန်လှည့် ... အခု"

မ,က လောဆော်တာကြောင့် သူဟာ ...

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... မ"

ဟု ဆိုရကာ သူ့ကိုရပ်ကြည့်နေသည့် ခြံစောင့်ကြီး အား လက်တစ်ဖက်မြှောက်ပြ နှုတ်ဆက်ပြီး ...

"သွားပြီ ဦးလေးရေ ... နောက်မှပဲ တွေ့ကြတာပေါ့"

လို့ နှုတ်ဆက်ကာ သူ့တိုက်ခန်းဆီ အမြန်နှုန်းနှင့် မောင်းနှင်ရသည်။ မိနစ်နှစ်ဆယ်ကြာသော ခရီးက အခု သူ့ရဲ့ စိတ်စောမှုကြောင့် ဆယ်မိနစ်သာ ကြာပါသည်။ သူ့အခန်းက ပထမထပ်မို့ လှေကားထပ်တွေပေါ် အပြေးအလွှား ဖြတ်ကျော် တက်ပြီးသောအခါ သူ့အခန်းရှေ့၌ ခေါက်တုံ့ခေါက်ပြန် လမ်း လျှောက်နေသော သူ့ရဲ့သမုဒယ ...။

"မ"

"အမယ်လေး ... စောင့်လိုက်ရတာ ပီယရယ်၊ မ,မှာ ရင်တထိတ်ထိတ်နဲ့၊ ပီယ ရောက်မလာမချင်း မလုံခြုံဘူး"





"ဆောရီး မ,ရယ် ... ကျွန်တော်ကလည်း မ,အတွက် အရေးကြီးတယ်ဆိုတော့ ဒီည ဝတ်ကြည့်လို့ရအောင်ဆိုပြီး သွား ပို့တာ၊ လာ ... အထဲဝင်၊ မ,နောက်က လိုက်လာတဲ့သူတွေ ရှိသေးလို့လားဟင်"

"အင်း ... ရှိတာပေါ့၊ သူတို့ကို မနည်းမျက်ခြည် ဖြတ်ထားခဲ့ရတာ၊ ပီယကို ခြံစောင့်ကြီးက ဘာပြောလိုက်လဲ ဟင်"

"အင်း ... ကျွန်တော်လည်း အဲဒါပဲ မေးတော့မလို့၊ မ,မရှိဘူးတဲ့၊ ပြီးတော့ အိမ်မှားနေတာတဲ့"

"ဟား .. ဟား .. ဖြစ်ရမယ်၊ သိပ်တော်တဲ့ ခြံစောင့် ကြီး၊ အိမ်ရောက်မှ သူ့ကို ဘောက်ဆူးကောင်းကောင်းပေးရ မယ်"

မ,စကားကြောင့် သူက ရုတ်တရက် ကြောင်သွားရ သည်။ ပြီးမှ မ,နှင့် မျက်နှာချင်းဆိုင်ခုံတွင် ဝင်ထိုင်ပြီး ...

"မ,စကားက အဆန်းပါလား၊ တကယ်ဆို မ, ဒေါသ ထွက်ရမှာလေ"

"မထွက်ပါဘူး၊ သူ အဲဒီလိုပြောလိုက်တော့ ပီယက



www.burmeseclassic.com

www.burmeseclassic.com



တကယ်ယုံသွားရော မဟုတ်လား''

''ယုံတယ်လို့တော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ ... ဇဝေဇဝါတော့ ဖြစ်သွားတာပေါ့''

''အင်း ... အဲဒါကြောင့် ခြံစောင့်ကြီးကို တော်တယ်လို့ ပြောတာပေါ့၊ လူတွေကို လှည့်စားနိုင်တယ်လေ၊ မ,က တမင် ပြောခိုင်းထားတာ''

''ဗျာ ... မ,က တမင် ...''

သူက အံ့သြလေလေ ... မ,က ရယ်မောလေလေ။ ပြီးမှ ...

''ဟုတ်တယ် ... တို့ အဲဒီမှာနေတာကို မိတွေး မသိဘူးလေ၊ အဲဒါကြောင့် ... တို့ကိုလာမေးတဲ့သူတိုင်း မရှိဘူးလို့ ပြောခိုင်းထားရတာပေါ့၊ တို့ရှိမှန်းသိနေရင် သူတို့ ဟိုလူနဲ့ စိစဉ်ချိန်ရသွားမှာစိုးလို့''

''ဩော် ... အဲဒါကြောင့်ကိုး ...''

သူက အခုမှ ဘဝင်ကျသွားသလို ရေရွတ်ရသည်။ မ,ကတော့ သူ့အား တောင်းပန်သည့် အကြည့်ကလေးဖြင့် ...





''ဆောရီးပါ ပီယရယ် ... မင်းကို လှည့်စားသလို ဖြစ်သွားတယ်၊ တို့အခြေအနေကလည်း အဲဒီလို လှည့်စား လို့ရှု ဝှက်နိုင်မှ ဖြစ်မှာမို့လို့ပါ''

မ,မျက်နှာက နေထိပန်းပမာ ချက်ချင်းညှိုးရော်သွား၏။ ဒါကိုတွေ့ရသော သူ့မှာ မကြည့်ရက်၊ မနေရက်ပြန်။ မ,ကို ထိုသို့နွမ်းရော်အောင် လုပ်နေသော အရာမှန်သမျှကို သူ ရှင်းလင်းပစ်ချင်သည်။ ရှင်းလင်းခွင့်လည်း ရချင်ပါသည်။

''မ,က ... အဲဒီမိထွေးကို သိပ်ကြောက်ရတာပဲလား ဟင်''

''ကြောက်ရတယ်ဆိုတာထက် သူ့အန္တရာယ်စက်ကွင်းက သိပ်ကျယ်ပြန့်တော့၊ ပြီးတော့ မ,က သူ့လူတွေအကုန်ကို မသိခဲ့ဘူးဆိုတော့၊ ကဲပါ ... ပီယရယ် ... ဒါတွေထားပါတော့၊ တို့အကျီကို ဖစ်တင်ဖြစ်,မဖြစ် အစမ်းဝတ်ကြည့်မယ်၊ အကျီလဲခန်း ဘယ်မှာလဲ''

''ဒီမှာပါ ... မ''

သူက အများသူငါအတွက်ပါ ဖန်တီးပေးထားသော အဝတ်လဲခန်းအား မ,ကို ညွှန်ပြလိုက်သည်။ မ,က အခန်းထဲ



www.burmeseclassic.com

www.burmeseclassic.com



ဝင်၍ တံခါးပိတ်ခါနီးအချိန်၌ မျက်နှာလေး ပြန်ပြူထွက်လာကာ ...

"ပီယ"

"ဗျာ"

"တံခါးမကြီး ပိတ်ထားပေးပါလား"

"ဗျာ"

သူက တအံ့တဩ။ မ,က လှပသော အပြုံးလေးထံ ညှို့ဓာတ်ပြင်းပြင်းထည့်ကာ ပြုံးပြရင်း ...

"မ,နောက် ခြေရာခံမိပြီး အခန်းပေါ်အထိ တက်လာမှာ စိုးလို့ပါ"

ဒီကောင်က အမြဲတမ်း မ,အမိန့် နာခံခဲ့တဲ့သူ။ ဘာငြင်းနိုင်မှာတဲ့လဲ။

"ဟုတ်ကဲ့ ...မ"

တစ်ခွန်းသာ။ ခဏကြာတော့ မ,က ပြင်ဆင်ဝတ်စားပြီး ထွက်လာ၏။

"ဘယ်လိုနေလဲ ...ပီယ"

"ကွက်တိပါပဲ မ,ရဲ့ ...အပိုအလိုမရှိပါဘူး"





"ဒီနားက နည်းနည်းပွသလားလို့"

မ,က ခါးနားက အစကို ကိုင်ပြသည်။ သူက အနားသို့ လျှောက်သွားရင်း အစကို ဆွဲကြည့်ကာ ...

"ပွတာမဟုတ်ဘူး ...မ၊ ကုတ်အောက်က ရှပ်အင်္ကျီ မခံထားဘူး"

"ဟင်"

အာမေဋိတ်ဖြင့် သူ့စကား ရှေ့မဆက်နိုင်။ ကုတ်အင်္ကျီအောက်က ဘာအင်္ကျီမှ မရှိသည့်အတွက် ကြယ်သီးအစုံ တပ်ထားပေမယ့် သူမထက် အရပ်မြင့်သော သူက အပေါ်စီးမှ အားလုံးတွေ့နေရသည်။ နုနယ်သော၊ ပျို့မြစ်သိမ်းသပ်သော၊ ဝင်းဝါသော အလှတရားပေါင်းစုံ။

ပီယ ရင်တွေ တဒိန်းဒိန်း ခုန်လာသည်။ အာခေါင်တွေဟာ တစ်စုံတစ်ရာကို ပြင်းပြစွာ တောင့်တတာမျိုး။ ဘဝင်လှိုက်ဆူကာ ကြွေကျစေမည့် အလှတရား ...။

သူ ...ဆတ်ခနဲ ကျောခိုင်းပစ်လိုက်သည်။ ထိန်းမရသော ရင်က ခုန်တုန်း ...။

"အဆင်ပြေရဲ့လား ပီယ ...ဟင်"



www.burmeseclassic.com

www.burmeseclassic.com



မ,မေးသံကြောင့် သူက ခေါင်းကိုသာ သွက်သွက်ညိတ်ပြမိသည်။ မ,သည် သူ ရှူးသွပ်သွားစေသော ခေတ်သစ် ဥမ္မာဒန္တီ၊ ခေတ်သစ် ပပဝတီ။

ထိုညက မ, သူ့အခန်းက ပြန်သွားတဲ့အချိန်အထိ သူက လှပ်ခနဲသာမြင်ရသော အလှတို့အတွက် ရင်ခုန်သံက မစဲသေးပေ။

ဒုတိယအကြိမ် မ,ဖြားယောင်းခဲ့တာက မိုးတွေ သည်းထန်စွာ ရွာနေသောနေ့။

အခန်းဝသို့ ထိုးကျလာသော အရိပ်ကြောင့် သူ ဖျတ်ခနဲ မော့ကြည့်တော့ မိုးရေတွေ ရွှဲရွှဲစိုနေသော ကြွက်စုတ်လေးပမာ ... မ။

မိုးရေကြောင့် အဝတ်အစားတွေက အသားၡ ကပ်နေသောကြောင့် မို့သော၊ စွင့်သော၊ ကားသော မ,ရဲ့ ကောက်ကြောင်းတွေကို ထင်ရှားစွာ တွေ့ရသည်။

''မ''

''အင်း ... လုပ်ပါဦး ပီယရယ် ... တို့ မိုးမိလာလို့''

''လာလေ ... မ ... ဝင်''





သူက ခေါ်ကာ အဝတ်လဲခန်းထဲ သွင်းရသည်။

''ကျွန်တော့်ရှပ်အင်္ကျီနဲ့ ပုဆိုးပဲ ခဏလဲထားပေါ့ ... နော် မ''

''ဖြစ်ပါ့မလားဟယ် ... မ,အားနာလိုက်တာ''

''ရပါတယ် ... ဝတ်ပါ မ,ရဲ့''

ပြောပြီး သူက အင်္ကျီနဲ့ ပုဆိုးကို မ,အား ထုတ်ပေးလိုက်သည်။ ခဏကြာတော့ ရှပ်အင်္ကျီပွပွလေးဝတ်ကာ ရှက်ပြုံးနှင့် ထွက်လာသော ... မ။

''တို့အတွင်းခံတွေပါ စိုသွားတာနဲ့''

မ,က ရင်ဘတ်ရှေ့ လက်နှစ်ဖက်ယှက်ရင်းပြောတော့ သူ့မျက်နှာ ဖြန်းခနဲဖြစ်သွားသည်။ မ,ဆံပင်တွေက ရေစိုသဖြင့် အချောင်းချောင်း ကပ်နေ၏။ မျက်တောင်တွေကလည်း စိုကပ်ကာ ပူးယှက်နေသည်။ အချမ်းဓာတ်ကြောင့်ထင်သည်။ နီရဲအိစက်သော မ,နှုတ်ခမ်းသားတွေက ဆတ်ဆတ်ကိုတုန်လို့။

သူ့ရင်ကလည်း မ,နှုတ်ခမ်းသားလိုပဲ။

ထိန်းမရအောင် ဆတ်ဆတ်တုန်လို့ ...။

''ကော် ... ကော်ဖီ ... သွားယူလိုက်မယ်''



www.burmeseclassic.com

www.burmeseclassic.com



သူက အထစ်ထစ်အငေါ့ငေါ့ ပြောပြီးအထ ... မ,က လည်း ဖျတ်ခနဲထကာ ...

"နေပါ ... တို့သွားယူမယ်"

မ,ကလည်း သူ့အမီ လိုက်အထ။ မ,ကိုယ်လေးသည် စားပွဲစွန်းနှင့် တိုက်မိကာ ဖျတ်ဆို သူ့ဘက် ယိမ်းယိုင်လာ၏။

"မ"

သူက,ခေါ်ရင်း ဆီးကြိုပွေ့ထားရသည်။ မ,ခန္ဓာကိုယ်လေးက သူ့ရင်ခွင်ထဲ အလိုက်သင့်လေး။ မ,မျက်နှာလေးသည် မော့မော့လေး။ နှုတ်ခမ်းနုစ်လွှာက ခပ်ဟဟပွင့်လျက်။ သူ ဘာမှ သတိမရတော့။ ရင်ခုန်သံတွေ ဝုန်းဒိုင်းကြဲတာ၊ သွေးတွေ ဆူပွက်လာတာပဲ သိတော့သည်။ သူ စိတ်လွတ်ထွက်သွား၏။

"ချစ်တယ် ... မ,ရယ်"

"ကျွန်တော့်အချစ်ကို မငြင်းပါနဲ့ မ,ရယ်၊ ကျွန်တော့်ကို ပြန်ချစ်ပါနော် ... နော် ... မ"

သူက ကလေးတစ်ယောက် မုန့်တောင်းသလို အာသာ ပြင်းပြင်းနှင့် တောင်းဆိုသည်။ မ,သည် ရင်တွင်းက ထွက်လာ သော လှိုက်မောရီဝေသည့် အသံတစ်မျိုးဖြင့် ...





"ပီယရယ်"

ဟု မချိတင်ကဲ ရေရွတ်ကာ သူ့အား ရင်ခွင်ထဲ ဆွဲသွင်း ပွေ့ဖက်ထားပါတော့သည်။ သူသည် မ,ရဲ့ ရင်ခွင်ထဲ၌ ကလေးငယ်တစ်ယောက်လို တိုးဝှေ့ခိုလှုံနေမိသည်။ စိတ်ထဲ၌ လည်း ကျေနပ်နှစ်သိမ့်ခြင်းတို့က အမြောက်အမြား ခိုတွယ်လို့။

သူမျှော်လင့်ထားသည့်အတိုင်း မ,ရဲ့ ချစ်ခြင်း၊ အားကိုး ခြင်းတွေကို ရရှိခဲ့လေပြီ။ ဒါဟာ လူဖြစ်ရကျိုးအနပ်ဆုံးလို့ သူ ထင်မှတ်ခဲ့သည်။ မ,ကတော့ သူ့မေးဖျားကို ဆွဲယူ၍ သူမနှင့် မျက်နှာချင်းဆိုင်စေပြီး ...

"တို့ ... ပီယကို တစ်ဘဝလုံးပုံပြီး အားကိုးပါရစေ နော်"

"အားကိုးပါ မ,ရယ်၊ ကျွန်တော် မ,အတွက်ဆို ဘာပဲ စတေးရ စတေးရပါစေ ... မ,ကို ကာကွယ်ပေးပါ့မယ်"

"ပီယ ... တကယ်ပြောတာနော်"

"တကယ်ပါ ... မ"

"တို့ကို တကယ်ရော ချစ်ရဲ့လားဟင်၊ တို့ပြန်ချစ်တာ မြန်တယ်ဆိုပြီးတော့ရော အထင်သေးမသွားဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



သူက မ,၏သေးကျဉ်သောခါးကို သိမ်းပွေ့ထားမိသည်။

''မ,အချစ်ကိုရတာ ကျွန်တော့်အတွက် နောက်တောင်ကျနေပါသေးတယ် မ,ရယ်''

''ဒါပေမဲ့ ... တို့ကတော့ ပီယအချစ်ကို မယုံနိုင်သေးဘူး ဆရာ''

မ,ပြောသံက ပေါ့ပျက်ပျက်။ ဒါပေမဲ့ ... သူ့ရင်ဘတ်အား လေးလံသွားစေသော စကားပါ။ သူက မ,ရင်ခွင်ထဲ ပိုတိုးကာ ခေါင်းမှေးတင်ထားရင်း ...

''ဘာဖြစ်လို့လဲ မ,ရယ် ... ကျွန်တော်က အဲဒီလောက်တောင် ယုံကြည်ချင်စရာ မကောင်းဘူးလားဟင်''

မ,က ချက်ချင်းစကားမပြန်။ သူ့ဆံပင်တို့အား ဖွဖွသပ်တင်ပေးရင်းက ...

''ပီယက မ,ထက် အသက်အရွယ်အားဖြင့်လည်းငယ်၊ ရုပ်ရည်ကလည်း တကယ့်မိန်းကလေးတွေ အကြိုက်၊ ကိုယ်ပိုင်အလုပ်အကိုင်နဲ့ သူဌေးသား၊ ကဲ ... ဒီလိုလူမျိုးကို မယုံတာ မ, အလွန်လား''

''ဒါဆို ... မ, ယုံအောင် ကျွန်တော် ဘာနဲ့သက်သေပြ





ရမလဲ ... ပြော''

သူက မ,မျက်နှာပေါ်မှ အကြည့်မလွှဲစတမ်း ငေးရင်းမေးမိပြီ။ မ,သည် နှုတ်ခမ်းလေး တင်းတင်းစေ့ထားပေမယ့် မျက်ဝန်းတွေက ပြုံးယောင်သမ်းနေကာ ''အင်း'' ဟု သံရှည်ဆွဲကာ စဉ်းစားဟန်ပြုပြီးမှ ...

''မ,ကို အလိုလိုက်ရမယ်''

''အောင်မလေးဗျာ ... ဒါလေးပြောဖို့ကိုများ စဉ်းစားနေလိုက်ရတာ၊ ကဲပါ ... ကျွန်တော့်အချစ်ကို သက်သေပြဖို့အတွက် အလိုလိုက်ပါ့မယ် ... ကဲ ... ကျေနပ်ပြီလား''

''မ, ဘာပဲလုပ်လုပ် မချုပ်ချယ်ရဘူးနော်''

''စိတ်ချပါ ... မချုပ်ချယ်ပါဘူး''

''မ,ပြောစကား နားထောင်ရမယ်''

''အင်း ... နားထောင်ပါ့မယ်''

ဟု သူက လွယ်လင့်တကူ ကတိပေးခဲ့သည်။ မ,ပြောသော အရာမှန်သမျှ သူ အကုန်လိုက်နာနိုင်သည်ပဲလေ။ သို့ပေမယ့် မ, ပညတ်ခဲ့သည့် စည်းကမ်းချက်များသည် တခြားသမီးရည်းစားတွေထုတ်သော အမိန့်တွေနှင့်တော့ တခြားစီပင်



www.burmeseclassic.com

www.burmeseclassic.com



သူကြားဖူးသော သီချင်းတစ်ပုဒ်ရှိပါသည်။ ဘာတဲ့ ... အရက်မသောက်ရဘူး ... ချစ်သူက ပြောတယ်တဲ့။

မ,ထုတ်သော စည်းကမ်းချက်များသည် သမားရိုးကျတော့ မဟုတ်။ ထိုကတည်းက သူချစ်သော မ,သည် ရိုးရိုးလေးနှင့် ဆန်းသော မ,ဖြစ်၏။

*

--------------------။

သူ့အတွက် ချစ်သူမဖြစ်ချင်ကတည်းက ဆန်းကြယ်ခဲ့သော မ,သည် ချစ်သူဖြစ်ပြီးသောအခါ ပဟေဠိတွေနှင့် မ,ဖြစ်လာ၏။ ချစ်သူဖြစ်ပြီးကတည်းက မနှင့်သူ အေးအေးဆေးဆေး မတွေ့ရတော့။ မ,သည် ညှိသည်တွေနှင့် အချိန်းအချက်လုပ်ကာ သူ့တိုက်ခန်းဆီ ရောက်လာတတ်သည်။

''မောင့်အိပ်ခန်းက တစ်ခန်းလွတ်နေတာပဲနော်''

''အင်း ... အလွတ်ကြီးတော့ မဟုတ်ဘူး ... မ၊ အထဲမှာ ပိတ်စတွေ၊ ကျွန်တော့်ဒီဇိုင်နာပညာနဲ့ ပတ်သက်တဲ့ စာအုပ်တွေ ထည့်ထားတာပါ၊ စတိုခန်းလိုသဘောမျိုးပေါ့''

''မ,ကို အဲဒီအိပ်ခန်းပေးပါလား မောင်၊ ညှိသည်တွေနဲ့ ဆွေးနွေးစရာကျရင် သီးသန့်ဆန်အောင်''

''ညှိခန်းကိုသုံးပါလား ... မ,ရယ်၊ ကျွန်တော့်နေရာ

သက်ပိုင်ရဲ့စာပေ

www.burmeseclassic.com

www.burmeseclassic.com



နဲ့ ညည့်ခန်းနဲ့လည်း ဝေးတာပဲ၊ ဟိုထဲမှာ ရှုပ်ပွနေတော့ အားနာစရာကြီး ဖြစ်နေလို့ပါ''

သူက ညည့်သည်တွေကို တစ်ချက်ဝေ့ဝဲအကဲခတ်ရင်း ပြောမိသည်။ ညည့်သည်သုံးယောက်၌ မိန်းမကြီးက နှစ်ယောက်၊ ယောက်ျားက တစ်ယောက်။ မိန်းမကြီးတွေပါတယ်ဆိုပေမယ့် အဲဒီတစ်ယောက်တည်းသော ယောက်ျားရဲ့အကြည့်တွေကို သူက မကြိုက်လှပေ။

အထူးသဖြင့် မ,အပေါ်ကြည့်သော အကြည့်တွေက မရိုးသား။ ဒါကို မြွေမြွေချင်း ခြေမြင်တယ်ပဲ ပြောရမလားမသိ ...။ ထို့ကြောင့် အခန်းတစ်ခန်း မပေးချင်ပါ။ ညည့်ခန်းဆိုက တစေ့တစောင်း အကဲခတ်၍ရသေး။ မ,ကတော့ စိတ်အလိုမကျတိုင်း ညိုသွားလေ့ရှိသော မျက်နှာဖြင့် ...

''အရေးတကြီးကိစ္စတွေကျတော့ သီးသန့်ဖြစ်စေချင်လို့ပါဆို၊ မောင်ကလည်းကွာ ... ကတ်စရာမရှိ ကြံဖန်ကတ်နေပြန်ပါပြီ''

''ကတ်တာမဟုတ်ဘူး ... မ,ရဲ့၊ မ,ကို စိတ်မချလို့''

ထိုစကားကို သူက မ,နားကပ်၍ တိုးတိုးပြောခြင်းပါ။





မ,ကတော့ မျက်နှာပြန်မကြည်လာဘဲ ခပ်ပုပ်ပုပ်ဖြင့် ...

''ဘာစိတ်မချစရာရှိလဲ ... ရှင့်အိမ် ရှင့်အရိပ်အောက်မှာကို''

''ကဲ ... ကဲ ... သဘောပါဗျာ ... ယူပါ ... ယူပါ ... စိတ်မကောက်နဲ့တော့''

''သော့ပါ တစ်ခါတည်းပေးနော်၊ မ,တို့ပြန်ရင် သော့ပါခတ်သွားမှာ၊ မောင်လိုမယ့်ပစ္စည်းတွေ တစ်ခါတည်း ထုတ်ထား''

''သော့ပါခတ်မှာ''

''ဘာလဲ ... မပေးချင်တော့ဘူးလား''

မ,က မျက်စောင်းရွယ်ပြီး နှုတ်ခမ်းဆူဟန်ပြင်သည်။ ဒီတော့လည်း သူက ကြာရှည်တင်းမထားနိုင်။

''ပေးချင်ပါတယ်ဗျာ ... ယူပါ ... သဘောပါပဲ''

လို့ ဆိုရပါသည်။ အဲဒီနောက်တော့ မ,တို့ဟာ လုပ်ငန်းကိစ္စအကြောင်းပြ၍ သူ့ထံ တစ်ပတ်ခြားဆိုသလို ရောက်လာတတ်ပါသည်။ ရောက်လာတိုင်း သုံးယောက်စလုံးမှာ အထာချီကော့စ်တွေ၊ လက်ပွေ့အိတ်အကြီးကြီးတွေနှင့်။



www.burmeseclassic.com

www.burmeseclassic.com



မ,ကရော ဘာထူးသနည်း။ တစ်ခါတစ်ရံ လပ်ဖေ့ချ် ကြီးပင် ပါလာ၍ သူတောင် ပိုင်းကူဆွဲပေးရသေး။

လူစုံတာနှင့် အခန်းတံခါးပိတ်ပြီး ဆွေးနွေးကြတာ တစ်နာရီ၊ နှစ်နာရီနီးပါး။ သူကတော့ ထိုအချိန်၌ အပ်ထည် တွေရှိက အလုပ်ရှုပ်နေရပြီး ဘာအပ်ထည်မှ မရှိတော့လည်း စာအုပ်တစ်အုပ်နှင့် ဒီဖိုင်းတွေ ထွင်ရသည်။ မ, ထွက်လာမည့် အခန်းအား လည်တဆန့်ဆန့်နှင့် မျှော်ရသည်။

သို့ပေမယ့် သူ ဖြေသာပါသည်။ မ,နှင့် တစ်မိုးအောက် တည်းနေရသည် မဟုတ်ပါလား။ မ,တို့ ဆွေးနွေးပွဲပြီး၍ ဟိုလူ တွေ ပြန်သွားရင်တော့ သူနှင့်မ,သာ ကျန်ရစ်ခဲ့ပါသည်။ ထို အချိန်လေးသည် သူ့အတွက် ...။

မ,ပေးသောအနမ်းတွေ၊ မ၏သာယာပျော့ပျောင်းသော အထိအတွေ့ အပွေ့အပိုက်တွေကြားထဲ သူက သာယာယစ်မူးခဲ့ ရတာ အကြိမ်ကြိမ်ပင်။

မ,ပေးသော အချစ်တွေက သူ့အတွက် သောက်လေ သောက်လေ ငတ်မပြေပေ။ မ,သည် သူ့အား မောအောင် အချစ်တွေနှင့် လိုက်တမ်းပြေးတမ်းကစားပြီး ညမိုးစုပ်စုပ်ချုပ်မှ





ပြန်သွားတတ်သည်။

"မောင် လိုက်ပို့မယ်လေ"

ဟု သူက တောင်းဆိုတိုင်း ...

"မောင်နဲ့ လက်မထပ်ရသေးဘူးလေ၊ ဒီအချိန်ကြီးမှ မောင်လိုက်ပို့ရင် ပတ်ဝန်းကျင်မှာ မ,အထင်သေးခံရမှာပေါ့"

"ဒါဆိုလည်း မောင်နဲ့ အမြန်လက်ထပ်လိုက်လေ၊ မောင်က မ,နဲ့ အတူတူနေချင်ပြီဗျ ... နော်"

ဟု သူက ဆိုတိုင်း မ,သည် သူ့ပါးပြင်၊ သူ့နှုတ်ခမ်းတွေ အား လက်ညှိုးနှင့် ဖွဖွ တို့ထိပွတ်သပ်ရင်း ...

"မ,လည်း အတူတူနေချင်တာပေါ့ မောင်ရယ်၊ ဒါပေမဲ့ ... မ,ဘက်က ကိစ္စတွေ မပြတ်သေးလို့ပါ"

"ဟင် ... မ,တို့ တစ်ပတ်ခြားတစ်ခါ ဒီလောက် အခန်းတံခါးပိတ်ပြီး ဆွေးနွေးနေတာတောင် မပြတ်သေးဘူး လား"

"မ,အမွေကိစ္စတွေလေ မောင်"

"ဒါဆို သူတို့သယ်လာတဲ့ အိတ်တွေကရော မ,အမွေ ပစ္စည်းတွေပဲလား"



www.burmeseclassic.com

www.burmeseclassic.com



သူက တမင်အရွဲ့တိုက်မေးခြင်းပါ။ ထိုအိတ်တွေသယ်လာကာ သူ့အခန်းထဲ၌ မ,က အမြဲထားတတ်သည်လေ။ သိပ်များလာပြီဆိုမှ မ,အိမ်အပြန် သယ်သွားတတ်သည်။ တစ်ခါတစ်ရံတော့ လူမျိုးခြားတွေက မ,နှင့်အတူပါလာကာ အခန်းထဲဝင်သွား၊ နောက် ... တစ်နာရီခန့်ကြာလျှင် အိတ်တွေဆွဲပြီး ထွက်သွားတတ်၏။

ထိုအကြောင်းတွေကို သူ တစ်ခါမှ မမေးခဲ့ဖူးပေ။ စပ်စုဖို့ရန် ဝါသနာမပါ။ သူ့အတွက်က မ,အချစ်ကို ရနေရင်သာ ပြီးတာပါပဲ။ အရာအားလုံးထက် မ,ရဲ့အချစ်သာ အရေးကြီးဆုံး မဟုတ်ပါလား။

မ,ကတော့ သူ့အမေးကြောင့် ခေတ္တငြိမ်ကျသွားပြီးမှ ...

''ဆိုပါတော့ မောင်ရယ် ... မ,အယုံကြည်ရဆုံးနဲ့ အလုံခြုံဆုံးနေရာဟာ မောင့်အရိပ်ပဲ မဟုတ်လား၊ အဲဒါကြောင့် ... ထား,ထားရတာပါ၊ မောင်က မကြိုက်လို့လား''

လို့ မျက်နှာငယ်လေးနဲ့မေးသော မ,ကြောင့် သူ စိတ်မကောင်းဖြစ်ရပြန်သည်။ သူက ခေါင်းခါငြင်းဆန်ရင်း ...





''ကြိုက်ပါတယ် မ,ရဲ့၊ မ,အဆင်ပြေတယ်ဆိုရင် ပြီးတာပါပဲ''

''အဆင်ကတော့ အပြေကြီးမဟုတ်ဘူး ... မောင်''

''ဘာဖြစ်လို့လဲ''

''အခုတလော မ,မိတွေးတွေက မ,နောက် လိုက်နေတယ်လို့ မ,သိရတယ်၊ အဲဒီကိစ္စနဲ့ပတ်သက်လို့ မောင့်ကို သတိလည်း ပေးထားရဦးမယ်၊ ပြီးတော့ ... အကူအညီလည်း တောင်းချင်တယ်၊ ဒါပေမဲ့ ... မောင့်ဆီ အကူအညီတောင်းရတာလည်းများတော့ အားတောင်နာလာပြီ၊ မ,မှာလည်း တခြားအားကိုးစရာက မရှိတော့ ...''

''ကဲပါ မ,ရယ် ...''

သူက မ,ခန္ဓာကိုယ်အိအိလေးအား တင်းတင်းလေး ထွေးဖက်လိုက်သည်။ မ,ကလည်း သူ့ရင်ခွင်ထဲ အလိုက်သင့် ပြုကျလာ၏။

''မောင်တို့နှစ်ယောက်က ချစ်သူတွေလေ၊ အေးအတူ ပူအမျှပေါ့၊ မောင့်ဆီ အကူအညီတောင်မတောင်းလို့ မ,က ဘယ်သူ့ဆီ တောင်းမှာလဲ၊ တခြားယောက်ျားတွေဆီ အကူအညီ



www.burmeseclassic.com

www.burmeseclassic.com



တောင်းတာမျိုးလည်း မောင်က မကြိုက်ပါဘူး၊ လက်လည်း မခံနိုင်ဘူး၊ ကဲ ... ပြော ... မောင် ဘာကူညီရမလဲ''

''တခြားအခက်အခဲတော့ မဟုတ်ပါဘူး မောင်ရယ်''

မ,က သူ့ရင်ဘတ်အား လက်သည်းနှင့် ဖွဖွ ထိုးခြစ်ရင်းက ...

''အခု မောင့်အခန်းထဲမှာ မ,ပစ္စည်းတွေ ထား,ထားတာ မောင်သိတယ်နော်''

''အင်း ... သိတယ်လေ၊ ဟိုအိတ်ကြီးတွေ မဟုတ်လား၊ အဲဒီထဲက ဘာတွေလဲ ... မ''

''မ,မိဘလက်ထက်ကတည်းက အမြတ်တနိုး တန်ဖိုးထားတဲ့ ပစ္စည်းတွေလေ၊ ပန်းချီကားတို့ ဘာတို့ပါ''

''ဪ''

''တကယ်လို့ မ,မရှိစဉ်ဘဲ ဖြစ်ဖြစ်၊ မ,ရှိတုန်းပဲဖြစ်ဖြစ် တခြားတစ်ယောက်ယောက်ကများ အဲဒီပစ္စည်းတွေ ဘယ်သူ့ဟာလည်းမေးရင် မောင့်ပစ္စည်းတွေလို့ပဲ ပြောပေးနော်၊ မ,ဟာတွေဆို မိထွေးက ပြန်သိမ်းသွားမှာ စိုးရိမ်လို့ပါ''

ဟု မ,က တောင်းပန်အပြုံးနှင့်ဆိုသောအခါ သူ မငြင်း





နိုင်ခဲ့ပေ။ ချစ်သူချင်း ဒီလောက်ကူညီပေးရတာ သူ့အတွက် အပန်းမကြီးလှ။ အန္တရာယ်ပတ်လည်ဝိုင်းနေသော ချစ်သူအား သူ ကာကွယ်ပေးချင်စမ်းပါသည်။ ဒါဟာ ... မဟာပုရိသ ယောကျ်ားတို့၏ တစ်ပြေးညီသော စိတ်ဓာတ်ပင် မဟုတ်ပါလား။

သူက မ,၏ပခုံးကို အားပေးဟန်နှင့် ခပ်ဖွဖွပုတ် နှစ်သိမ့်ရင်း ...

''စိတ်ချပါ မ,ရယ် ... မောင့်ဆီမှာထားတဲ့ မ,ပစ္စည်းတွေ ဘယ်သူ့နောက်မှ မပါသွားစေရဘူး၊ မောင် အသက်နဲ့လဲပြီး ကာကွယ်ပေးပါ့မယ် ... ဟုတ်ပြီလား''

ဟူ၍ သူက ဆိုလေသည်။ ထိုအခါမှ မ,မျက်နှာအား ရွှန်းမြမြအပြုံးနှင့် သူ တွေ့ရပြီး သူ့နှုတ်ခမ်းဖျား၌ ရီဝေချိုမြသော အနမ်းမြစ်တစ်စင်း ဖြတ်သန်းစီးဆင်းသွား၏။ ထိုအနမ်းရဲ့ စွမ်းပကားကြောင့်ပင် သံသယဓာပဝါပါးသည် လေနှင်ရာ တိမ်းသည့်အလား လွင့်ပါးပျောက်ကွယ်သွားရပါတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း (၅)

မ, နှင့် သူဇာတ်တိုက်ပြီး မကြာသောရက်အတွင်း မှာပင် ပြဿနာစတင်ပေါ်ပေါက်ခဲ့တာဖြစ်သည်။ ထိုနေ့က မ,သည် သူမ အဖွဲ့တွေနှင့်ဆုံရန် သူ့အခန်း၌ ထုံးစံအတိုင်း ချိန်းဆိုထားသောနေ့။

သူကတော့ နာမည်တက်စပြုနေသော မော်ဒယ်လ် တစ်ယောက်၏အပ်ထည်ကို လက်စသတ်နေသောအချိန်။ ထိုအခိုက်မှာပင် မ,သည် သူပေးထားသော သီးသန့်အခန်း ငယ်လေးထဲမှ အလွန်တရာ ပျာယာခတ်သောအသွင်ဖြင့် ထွက် လာပြီး ...





"အမယ်လေး ... ကိုယ်ကျိုးတော့ နည်းကုန်ပြီနဲ့ တူ တယ်မောင်၊ မ, ... မ,သွားမှ ဖြစ်တော့မယ်"

ဟု ပြောသောအခါ သူသည် ရုတ်တရက် ထိတ်လန့် သွားရသဖြင့် ဝတ်စုံ၏အနားအား လက်ချုပ်လိုက်နေသော အပ် ဖြင့် သူ့လက်မ,ကို ထိုးမိသွားပါသည်။ ချက်ချင်း သွေးစို့တက် လာသော သူ့ဒဏ်ရာကို အလေးမထားနိုင် ...။ မ,ကိုပဲ တအံ့တဩ လှမ်းကြည့်နေရင်းက ...

"ဘာဖြစ်တာလဲ ... မ"

မ,သည် ဖျတ်ဆို သူ့အနားကပ်၍ သူ့နဖူးပြင်အား အနမ်းဖွဖွပေးရင်း ...

"မောင် ... မ,ပြောမယ် နားထောင်နော်၊ အောက်မှာ မ,မိတွေးဘက်က လူတွေရောက်နေပြီ၊ မောင့်ကို မှာထားတဲ့ အတိုင်းနော်၊ ဘာပဲမေးမေး မ,နာမည် မပြောပါနဲ့၊ မ,ကို ကာ ကွယ်ပေးပါ၊ Ok ..."

ဟု ပြောချင်ရာတွေ တရစပ်ပြော၊ သူ့ပြန်စကားကိုပင် နားမထောင်နိုင်တော့ဘဲ သူမ အိတ်ကိုကောက်လွယ်ကာ အခန်း ထဲမှ တစ်ဟုန်ထိုး ပြေးထွက်သွားပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျော်ပီယကတော့ မ,တစ်ယောက် သူမ မိထွေးကြောက်ရပုံဂို အထူးတလည် အံ့သြနေရကာ လက်မ,ထိပ်ကို ပါးစပ်ထဲ ထည့်ငုံထားမိသည်။ မကြာမီမှာပင် သူ့အခန်းထဲသို့ ယောကျ်ားကြီးသုံးယောက်နှင့် အမျိုးသမီးတစ်ဦး ဝင်ရောက်လာပါတော့သည်။

"ကျော်ပီယဆိုတာ ညီ ... လား"

အင်း ... ယဉ်ယဉ်ကျေးကျေးတော့ ရှိသားပဲ,လို့ သူက စိတ်ထဲမှ မှတ်ချက်ချပြီး ...

"ဟုတ်ပါတယ် ... အစ်ကိုတို့က ..."

"အစ်ကိုတို့က မြန်မာနိုင်ငံ တပ်ဖွဲ့ကပါ"

အပြောနှင့်အတူ ကတ်ပြားလေးကို သူမြင်သာအောင် ထုတ်ပြသည်။ ဒီတော့မှ သူက စိတ်အေးသွားရကာ မ, မိထွေးတွေဘက်မှ မဟုတ်သည့်အတွက် ...

"ဩော် ... ဟုတ်ကဲ့ ... ဘာကိစ္စရှိပါသလဲ"

"ညီ့အခန်းကို ရှာချင်လို့ပါ"

"ဩော် ... ရှာပါခင်ဗျာ ရပါတယ်၊ ကျွန်တော်က ဒီဖိုင်နာအလုပ် လုပ်တာပါ၊ ဥပဒေနဲ့ ငြိစွန်းတာ ဘာတစ်ခုမှ





မရှိရပါဘူး"

သူက အမှန်အတိုင်း စိတ်လက်ပေါ့ပါးစွာ ပြောမိလေပြီ။ သူ့အား စကားပြောသောသူက အကြီးအကဲဖြစ်ဟန်တူသည်။ နောက်ပါသုံးယောက်ကို လှည့်၍ ခေါင်းဆတ်ပြသည်။ ထိုသုံးယောက်တို့သည် သူ့အခန်းတွေရှိရာသို့ ဝင်ရောက်သွားပါတော့သည်။ သူကတော့ အဲဒီအချိန်အထိ အေးဆေးသက်သာစွာ ရှိဆဲပင်။ လေကလေး တချွန်ချွန်ဖြင့် လက်ချုပ်ဆက်လိုက်နေမိသည်။

များမကြာမီ ထိုလူနှစ်ယောက်သည် လပ်ဂေ့ချ်ကြီး တစ်လုံးအား မ,တို့ သီးသန့်ဆွေးနွေးခန်းမှ ဆွဲချလာခဲ့၏။ အဲဒီသေတ္တာကြီးမြင်မှ သူ မျက်လုံးပြူးသွားသည်။ ကြည့်စမ်း ... ဒါ မ,မိထွေးဘက်က လူတွေပဲ။ ရဲတွေဆိုပါက ပန်းချီကားတွေထည့်ထားသော သူမ,သေတ္တာအား ဆွဲလာစရာအကြောင်း မရှိပေ။ ဒါဆို ... ဒီလူတွေဟာ မိထွေးရဲ့ ဘက်တော်သားများလား။

ပီယဟာ မ,အပေါ် ယုံကြည်ရင်းစွဲရှိပြီးသားမို့ ဤလူစိမ်းတွေအပေါ် သံသယဝင်ရန် ပိုလွယ်ကူပါသည်။ သူဟာ အဲဒီလို



www.burmeseclassic.com

www.burmeseclassic.com



တွေးနေစဉ်မှာပင် ...

"ဒီသေတ္တာက ဘာတွေထည့်ထားတာလဲ ကိုကျော်ပီယ"

ဟူသော မေးခွန်းဟာ သူ့အာရုံကို ဖျတ်ခနဲ နိုးထစေသည်။ သူ့နားစည်ထဲတွင် ...

"ဘယ်သူပဲမေးမေး မ,နာမည်ကို မပြောပါနဲ့၊ မ,ကို ကာကွယ်ပေးပါနော်"

ဟူသည့် စကားသံလေးနှင့် အသနားခံသော မျက်နှာလေးက တရစ်ဝဲဝဲ။

"ကျွန်တော်မေးနေတယ် ကိုကျော်ပီယ၊ ဒီသေတ္တာက ဘယ်သူ့သေတ္တာလဲ၊ ဘာတွေထည့်ထားလဲ"

"ကျွန်တော့်သေတ္တာပါ"

အဖြေက တိကျပြတ်သားစွာ။ စိတ်ထဲကလည်း ကျိတ်ဂုဏ်ယူနေဆဲ။ မ,ကို ကာကွယ်ပေးနိုင်ပြီဟူ၍။

"ကောင်းပြီ ... ဒါဆို ဖွင့်ပြပါ"

ဟု နိုင်းစေလေသည်။ လပ်ဂေ့ချ်သည် သူနှင့် မစိမ်းသောပစ္စည်း။ လွယ်လင့်တကူပင် သူ ဖွင့်ပြမိသည်။ အထဲမှ





ထွက်လာသောအရာတွေက သူမျှော်လင့်ထားသော ပန်းချီကားတွေပင်။

"ကျွန်တော့်ပန်းချီကားတွေပါ"

"ဟုတ်ပါပြီ၊ ကဲ ... တပ်ကြပ်ကြီး၊ ပန်းချီကားတွေကို ဘေးဖယ်လိုက်စမ်းပါဦး"

အမိန့်သံနှင့်အတူ ပန်းချီကားတွေ ဆွဲဖယ်သည်။ တစ်ချပ်၊ နှစ်ချပ်၊ သုံးချပ်မြောက်အောက်၌ ပုံသဏ္ဍာန်အမျိုးမျိုးနှင့် ထုပ်ပိုးထားသော ကျောက်စိမ်းတုံးများ။ သူက အံ့အားတသင့် ကြောင်ငေးနေချိန်မှာပင် ...

"တရားခံကို လက်ထိပ်ခတ်လိုက်ပါ ရဲဘော်"

ဟူသော သွေးပျက်ချောက်ချားဖွယ် စကားသံနှင့်အတူ သူ့လက်ကောက်ဝတ်၌ အေးစက်သော အထိအတွေ့။ သူ့လက်တင်မက။ ဘဝတစ်ခုလုံးပါ အချုပ်ကျသွားခဲ့ခြင်းဖြစ်သည်။

*

www.burmeseclassic.com

www.burmeseclassic.com

-------------------॥

"မိုက်လှချည်လား သားရယ်၊ အမေ မယုံဘူး၊ အမေ့သားက ဒီလိုမဟုတ်ဘူး၊ အစ်ကို ... သားကို ကယ်ပါဦး၊ မလေးသားက လူတော်လူကောင်းလေးပါ"

အမေက သံတိုင်အပြင်ဘက်၌ ပဏ္ဍာမြေလူး။ အဖေကတော့ မေးကြောကြီးတွေ ထောင်ထနေအောင် အံကြိတ်လို့။

"တိတ်စမ်း ... မလေး၊ ဒါ လူတော်လူကောင်းလား၊ လူတော်လူကောင်းမို့ မင်းသား အချုပ်ထဲရောက်တာ၊ ရှက်ဖို့ကောင်းလိုက်တာ၊ ဖအေက တရားဝင် ကျောက်တွင်းတွေ အများကြီးပိုင်ထားပါလျက်နဲ့ သားက ကျောက်မှောင်ခိုကူးသတဲ့၊ မင်း တစ်ခါတည်း ငါတို့မျိုးရိုးကို အသေသတ်နေတာကွ၊ ဟမ် ... ဘယ်လောက်သိက္ခာကျသလဲ၊ ဘယ်လောက်အရှက်ကွဲသလဲ၊ အခု ... မင်းကြောင့် ... မင်းကြောင့် ငါရော၊ ငါ့အလုပ်





သမားတွေရော အစစ်ဆေးခံနေရတယ်၊ ထို့ ... မွေးထားမိတာ ငါ အကြီးအကျယ်မှားတာပဲ၊ မင်းက အဖာတသတ်လိုကောင်ကွ ... နားလည်လား"

"အဖေ"

"မခေါ်နဲ့၊ မင်း ... ငါ့ကို အဖေလို့မခေါ်နဲ့၊ မင်းကို ဒီနေ့ကစပြီး အမွေပြတ်စွန့်လွှတ်မယ်"

အဖေဟာ ခပ်ကျိတ်ကျိတ်နှင့် တိုးတိုးလေး ပြောပေမယ့် ဒေါသတွေပါနေမှန်း သူ ခန့်မှန်းရပါသည်။ အမေကတော့ အရုပ်ကြိုးပြတ် ပျော့ခွေယိုင်လဲမတတ်ဖြစ်ကာ ...

"အစ်ကို ... သားကို မလေး မထားခဲ့နိုင်ဘူး၊ မထားခဲ့ပါရစေနဲ့ အစ်ကို၊ သားကို ခေါ်ခဲ့ပါ"

"တော်တော့ မလေး ... ပြီးပြီ၊ သူနဲ့တို့ရေစက် ဒီမှာတင် ပြီးပြီ၊ မင်း သူ့ကို စိတ်ဖြတ်လိုက်တော့"

"အစ်ကို ... အဲလိုမလုပ်ပါနဲ့"

အဖေက အတင်း အမေ့ကို ဆွဲခေါ်သွားသည်။ အမေသည် သူရှိရာသို့ လက်ဆန့်တန်းရင်း ...

"သား ... သားရေ ... သား"



www.burmeseclassic.com

www.burmeseclassic.com



ဟု အော်ဟစ်ငိုယိုကာ ပါသွားသည်။ သူသည် သံတိုင်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း မျက်စိထဲက အဲဒီဝမ်းနည်းစရာ မြင်ကွင်းကို အံကြိတ်ပြီး တင်းတင်းတောင့်ခံထားသည်။ အမေ့မျက်ရည်၊ အမေ့ခေါ်သံတွေက သူ့နှလုံးအိမ်အား တင်းကျပ်စွာ ဖိစီးလာ၏။ သူ့ရင်တစ်ခုလုံး ဆို့နင့်လာသည်။ အမေ့အသွင်ကို မမြင်ရပေမယ့် အမေ့ခေါ်သံက ကြားနေရဆဲ ...။

"အ ... မေ"

သူ ရင်ပွင့်မတတ် အော်ဟစ်ရင်း သံတိုင်တွေကို အားရှိသ၍ နဖူးဖြင့် ပစ်ဆောင့်လိုက်သည်။ ပူနွေးစေးထန်းသော သွေးတို့က သူ့မျက်နှာအနှံ့အပြား၌ စိုစွတ်သွား၏။ မျက်ရည်လား၊ သွေးတွေလား မသေချာ။

သေချာတာတစ်ခုက သူ လုံးဝမငိုခဲ့ပါ။ ယောကျ်ားဆိုတာ မျက်ရည်နှင့် မအပ်စပ်သောသူလေ။ အဲဒီအသိတရားကို သူ စွဲနေအောင် မှတ်ထားသည်။ ပြီးတော့ မိမိမလုပ်ခဲ့သည့် အပြစ်အတွက် သူ ငိုရန်မလိုဟု ထင်သည်။

ထိုနေ့ ထိုအချိန်မှစ၍ အချစ်ကို ကိုးကွယ်တတ်သော၊ မေတ္တာတရားကို အလေးထားသော၊ နူးညံ့သိမ်မွေ့တတ်သော၊






အနုပညာ၌ စိတ်နှလုံး မွေ့လျော်တတ်သော သူသည် ထိုအရာတွေနှင့် ဆန့်ကျင်ဘက်အဖြစ်သို့ ပြောင်းလဲသွားခဲ့ပါတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

နောင်နှစ်အနည်းငယ်ကြာသောအခါ ...



## အပိုင်း (၆)

ထောင်တံခါးပိတ်သံကို သူ့နောက်ကျောမှ မင်္ဂလာရှိစွာ ကြားရသည်။ သူ့မျက်နှာမှုရာ ရှေ့တည့်တည့်၌ ကားတစ်စီးရပ်ထား၏။ ကျောက်စိုင်,ကျောက်သားလို မာကျောနေသော သူ့နှလုံးသားသည် မေတ္တာတရားကို မျှော်လင့်မှုဖြင့် နိုးထလာခဲ့လေပြီ။

ဒီကားဟာ မိုးကုတ်က အဖေ့ကား။ ဒါဆို ...။

“အမေ ... အဖေ”

နှုတ်မှ ဖွဖွတီးတိုးရေရွတ်ရင်း သူ ကားဆီ သွက်သွက်လှမ်း၏။ မြေကြီးပေါ် ပေါ်နေသည့် သူ့အရိပ်သည် အုံ့သြဖွယ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလောက်အောင် တောင့်တင်းသန်မာလျက်။ အရင်ကလို နူးညံ့ပျော့ပျောင်းသော ကျော်ပီယ မဟုတ်တော့။ သူဟာ သံမဏိနှလုံးသားနှင့် ကျော်ပီယ။ အဖေနဲ့အမေ့အတွက်က လွှဲ၍ပေါ့။

သူဟာ ခြေလှမ်းကျဲကြီးတွေဖြင့် အမေ့ရင်ငွေ့ ခိုလှုံရန် ကားဆီ အပြေးလာခဲ့မိသည်။ ကားနားရောက်တော့ နောက်ခန်း တံခါးတစ်ချပ် ဖျတ်ခနဲပွင့်လာ၏။ အထဲ၌ ဆီးကြိုနေသူက သူမျှော်လင့်ထားသော အမေနဲ့အဖေ မဟုတ်။

သူ အံ့အားတသင့်နှင့် ခြေလှမ်းတွေ ရပ်တန့်သွားရသည်။

"အမေတို့ရော ..."

အသံက အေးစက်စက် ပြတ်တောင်းတောင်း။ အထဲမှ အသက်ငါးဆယ်ခန့်ရှိမည့် တိုက်ပုံအနက်ရောင် ဝတ်ဆင်ထားသော လူကြီးက တစ်ချက်ပြုံးပြကာ ...

"ကျုပ်က မောင်ရင့်ဖခင် ဦးအောင်သော် လွှတ်လိုက်တဲ့ ရှေ့နေလွန်းညိုပါ၊ ကားထဲကြွပါ မောင်ရင်၊ အေးအေးဆေးဆေး စကားပြောကြတာပေါ့"

"ကျုပ်မှာ အချိန်မရှိဘူး ... အိမ်ပြန်ရဦးမယ်"





"ဘယ်အိမ်ကို ပြောတာပါလိမ့် မောင်ရင်"

"ကျုပ်အဖေနဲ့အမေရှိတဲ့ မိုးကုတ်လေ"

"မောင်ရင် ကားထဲကိုသာ ခဏဝင်ထိုင်ပါ၊ ကျုပ်ဆီမှာ မောင်ရင့်အမေ ပေးထားခဲ့တဲ့စာရော၊ မောင်ရင့်အဖေ မှာလိုက်တဲ့ စကားတွေပါပြောဖို့ ရှိပါတယ်"

သူ ဆတ်ခနဲဖြစ်သွားသည်။ ဦးနှောက်က အချက်ပေး သံတွေ မြည်လာ၏။ ထောင်ထဲ၌ သူရရှိခဲ့သော သင်ခန်းစာသည် လူတွေကို မယုံကြည်ရေးပင် ဖြစ်သည်။ သို့ပေမယ့် အမေ့စာတဲ့။

အမေ့ကို မတွေ့ရပေမယ့် အမေ့လက်ရေးနှင့်တော့ သူ အလွမ်းဖြေချင်သေးသည်။ အမေ့ဆုံးမစကားကို သူ ဦးခိုက်ချင် သေးသည်။ နောက်ဆုံးတော့ သူ့သံသယစိတ်အား အမေ့ မေတ္တာကို မျှော်ကိုးခြင်းစိတ်က ဖုံးလွှမ်းသွားခဲ့ပြီ။ သူ ကားထဲ ဝင်ထိုင်မိပါတော့သည်။ သူ ကားထဲရောက်သည်နှင့် ငြိမ့်ခနဲ မောင်းထွက်လေပြီ။ နောက်ခန်း၌ သူနှင့်ရှေ့နေကြီး ဦးလွန်းညို။

"ကဲ ... ပေး ... အမေ့စာ"

"ခဏလေး မောင်ရင်၊ ဦးအောင်သော်မှာတဲ့စကားကို အရင်နားထောင်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



''ပြောပါ''

''မောင်ရင် မိုးကုတ်ကို မပြန်ခဲ့ရဘူးတဲ့''

''ဘာဗျ ... ခင်ဗျားကြီး ဘာတွေလာပြောနေတာလဲ၊ အဲဒါ ကျုပ်အဖေ၊ ကျုပ်အဖေက ဘယ်တော့မှ အဲဒီလို မပြောဘူး၊ တော်ဗျာ ... တော်၊ ကြားဝင်ပြီး ကတုံးကတိုက်တွေ မလုပ်နဲ့၊ ဟော့လူ ... ကားရပ်လိုက်၊ ကျုပ်ဆင်းတော့မယ်''

''ကောင်းပြီ ... မောင်ရင် ဆင်းချင်လည်း ဆင်းပါ၊ ဒါပေမဲ့ ... ဒေါ်မီမီလေး စာကို ဘယ်လိုလုပ်ရမလဲဆိုတာ ကျုပ်ကို တစ်ချက်တော့ ပြောခဲ့ပါဦး''

သူ ဆတ်ခနဲဖြစ်သွားသည်။ တံခါးဖွင့်၍ ဆင်းဟန်ပြင်နေသော သူ လှည့်ကြည့်လိုက်တော့ ရှေ့နေကြီးလက်ထဲမှာ စာအိတ်တစ်အိတ်။ သူ ဆွဲယူလိုက်သည်။ ဒါပေမဲ့ ... သူ့လက်ထဲ ပါမလာ။ ရှေ့နေကြီးက စာအိတ်ကိုင်ထားသော လက်ကို နောက်သို့ ဖျတ်ခနဲ ဆုတ်လိုက်ပြီးမှ ...

''ကတိပေးပါ မောင်ရင်၊ မိုးကုတ်ကို ပြန်မလာဘူး ဆိုတာ''

''အဓိပ္ပာယ်မရှိတာဗျ၊ ကျုပ် အမေ့ကို တွေ့ချင်တယ်''





''တွေ့ရမှာပါ ... သုံးနှစ်တစ်ခါ တွေ့ရမယ်''

''ဘာ ... ဗျ''

သူ့အသံက အကျယ်ကြီး။ မထွက်တာကြာပြီဖြစ်သော ဒေါသက အားကြီးသည့် မုန်တိုင်းတစ်စင်းနှယ် သူ့တစ်ကိုယ်လုံးအား လှည့်ပတ်မွှေနှောက်နေသည်။

''နေစမ်းပါဦး ... အမေ့ကို သုံးနှစ်တစ်ကြိမ် တွေ့ရမယ် ... ဘာအတွက်လဲ ... ဘာကြောင့်လဲ''

''ဒါက မိဘက သားသမီးကို အပြစ်ပြန်ပေးတဲ့ သဘောပါ၊ ကဲပါလေ ... မောင်ရင် မိုးကုတ်ကို မပြန်ဘူးဆိုတဲ့ ကတိသာပေးပါ၊ ဒီစာဖတ်လိုက်ရင် အားလုံးရှင်းသွားလိမ့်မယ်''

အမေ့စာက သူ့အား တစ်ဖန်ဆွဲဆောင်ပြန်သည်။ လွန်ခဲ့သော နှစ်အတန်ကြာက သူ့အား တကြော်ကြော်အော်ခေါ်ရင်း အဖေဆွဲခေါ်ရာနောက် ပါသွားသော အမေ့ပုံသဏ္ဍာန်ကို သူ ပြန်မြင်ယောင်သောအခါ အမေ့စာမှတစ်ပါး တခြားအရာက အရေးမကြီးတော့သလိုပင်။

သူက မေးကြောကြီးတွေ တင်းနေအောင် ထောင်ထ,၍ အံကြိတ်ပစ်သည်။ သူ့အား မိုးကုတ်သို့ အပြန်မခံတာ အဖေ့



www.burmeseclassic.com

www.burmeseclassic.com



ဆန္ဒပင် ဖြစ်လိမ့်မည်။ အဖေသည် သူထင်ရာ, မြင်ရာကိုပဲ သဘောကျ ဆုပ်ကိုင်ထားတတ်သူ။ သူ့ရဲ့ နိုင်ကျည်သော နှလုံးသားသဲမှ မာနတရားက စိမ့်ထွက်လာ၏။

ကောင်းပြီ ... အဖေ့မာနထက်ပိုသော မာနတစ်မျိုး သူ၌ ရှိနေစေရမည်။ ထိုအတွေးနှင့်အတူ ပီယက ခေါင်းကို ဆတ်ခနဲ ညိတ်ပြပြီးမှ ...

"ကျုပ် ... မိုးကုတ်ကို မပြန်တော့ဘူး"

"သေချာပါတယ်နော် မောင်ကျော်ပီယ"

"ကျုပ် ယောကျ်ားပါဗျ၊ ပေးပြီးသားကတိကို အလွယ်တကူ မဖျက်တတ်ပါဘူး"

ဦးလွန်းညို က သဘောကျဟန်ဖြင့် ခေါင်းတဆတ်ဆတ် ညိတ်ရင်း ...

"ကောင်းပြီလေ ... ဒါဆိုလည်း ပြီးတာပါပဲ၊ ရော့ ... ဒီမှာ မောင်ရင့်အတွက်စာ"

ဦးလွန်းညို ကမ်းပေးသော စာအိတ်ကို သူက အလျင်စလို ဖောက်လိုက်သည်။ မျှော်လင့်ထားသည်ထက် ပိုမိုသေးငယ်သော စာရွက်ခေါက်လေး။





'သား ...'

ဟု ခေါင်းစဉ်တပ်ထားသည့် အမေ့လက်ရေး ဝိုင်းစက်စက်က သူ့ရင်ကို ကျဉ်သွားစေ၏။ အမေ နားနားကပ်၍ လာခေါ်နေသယောင်။

အမေ ... ငါ့သားကို သတိရနေတယ်။

သား ... အပြင်ရောက်ရင် လိမ္မာတော့နော်။

အစောကြီးကတည်းက သားက လိမ္မာတဲ့သူပါ အမေရယ်။ မကြုံဖူးတဲ့ မာယာပရိယာယ်တွေကြားထဲ သား ကျဆုံးသွားလို့ပါလို့ သူဟာ စိတ်ထဲက ရေရွတ်ရင်း လက်သီးကို တင်းခနဲ ဆုပ်ထားမိသည်။ သူ့ယုံကြည်ချက်၊ အချစ်မာနဘဝနှင့် ဂုဏ်သိက္ခာတို့အား လဲလှယ်ယူသွားခဲ့သော မိန်းမတစ်ယောက်ကို သူ မုန်းတီးလှပါသည်။

သူမ,သာ အနားရှိက သူ အသက်ချင်း လဲပစ်မိမလားပင် မသိတော့။

*သားအတွက် အမေစီစဉ်ထားတာတစ်ခု ရှိတယ်၊ အမေ့ရပိုင်ခွင့်တွေအားလုံးကို သားနာမည်နဲ့ ဘဏ်စာရင်း ဖွင့်ပေးထားတယ်။*



www.burmeseclassic.com

www.burmeseclassic.com



ရှေ့နေကြီး ဦးလွန်းညိုက အစစအရာရာ ကူညီပါလိမ့်မယ်။

မြို့က[illegible] လောလောဆယ် ပြန်မလာပါနဲ့ဦး မ[illegible]ဘူး။ အမေ့[illegible]အတွက် အကျိုးမရှိလို့ပါ။

သား ဝါသနာပါမယ့်အလုပ်ကို အောင်မြင်အောင် ကြိုးစားလုပ်ပေါ့။ သား အောင်မြင်မယ့်အချိန်ကို အမေ အမြဲမျှော်လင့်နေမယ်။

သားဘက်က ဂုဏ်တည်နေတဲ့ ...

အမေ

တဲ့လေ ...။

စာက အဲဒီနေရာမှာ ဆုံးသွားပေမယ့် သူ့ရင်ထဲမှာတော့ ပြင်းပြသော ခံစားချက်တစ်မျိုး ကိန်းအောင်းနေတာက အဆုံးသတ်မသွားသေးပေ။ သူသည် လေးလံပူလောင်သော သက်ပြင်းတစ်ချက် ရှိုက်သွင်းပြီးမှ ...

"ကျွန်တော် ဒီမှာပဲ အခြေချတော့မယ်"

"ကောင်းတယ် မောင်ရင်၊ ဒါက ... ဘာဏ်စာအုပ်၊ ဦး ဘာကူပေးရမလဲ"





"ကျွန်တော့်ကို ရန်ကုန်မြို့အစွန်မှာ ခြံကျယ်ကျယ် တစ်ခြံ ဝယ်ပေးပါ"

သူ့တောင်းဆိုချက်ကြောင့် ရှေ့နေကြီး အံ့အားသင့်သွားပုံရသည်။

"ခြံကျယ်ကျယ် ... မောင်ရင် ဒီဇိုင်နာအလုပ်က..."

သူ လက်ကာတားမြစ်လိုက်သည်။ ပြီးမှ ...

"ကျွန်တော်ခိုင်းတာကိုပဲ အဆင်ပြေအောင် တစ်ပတ်အတွင်း လုပ်ပေးပါ၊ ဒီရက်ပိုင်းတော့ အရင်တိုက်ခန်းလေးမှာပဲ ကျွန်တော် ပြန်နေမယ်"

ဟု ပြောတော့ ဦးလွန်းညို ခေါင်းညိတ်ရသည်။ မတတ်နိုင်။ ကိုယ့်အား သူ့ကိစ္စအဝဝကို ဆောင်ရွက်ပေးပါလို့ သူ့မိဘနှစ်ပါးစလုံးက လွှဲထားသည်ပဲ။ သူ့သဘောကျပေါ့။

ဒါပေမဲ့ ... နားမလည်တာတစ်ခုတော့ ရှိသည်။

သူကြားဖူးသည့် ဒီဇိုင်နာတိုင်းက မြို့လယ်ကောင် တိုက်ခန်းတွေနှင့် လူကုံထံရပ်ကွက်တွေမှာ ဟိတ်ဟန်ကြီးကြီးနှင့် နေတတ်ကြသည်။

ဒီကလေးကျမှ ...



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ ...သူလည်း သူ့စိတ်ကူးနဲ့သူ ရှိလိမ့်မပေါ့"

လို့ တွေးလိုက်တာက ဦးလွန်းညိုအတွက် ပင်ပန်းတာ သက်သာမည်ဖြစ်၏။

*

--------------------------------------॥

ခြံက လှည်းကူးမှာ။ သူ့စိတ်ကြိုက် အကျယ်အဝန်းပင်။ ပိုသဘောကျစရာကောင်းတာက ခြံကြီးထဲမှာ သက်ရင့်ပိန္နဲပင်၊ သရက်ပင်နှင့် အုန်းပင်တွေက ဝေဝေဆာဆာပါခြင်းဖြစ်၏။ အိမ်လေးကတော့ ခြံထောင့်နားကျကျမှာ တစ်ပတ်ရစ် ပျဉ်ထောင် ခပ်နွမ်းနွမ်းလေးပင်။

"မောင်ရင်ပြောသလိုပဲ ... မြေကွက်သုံးပုံနှစ်ပုံကို ရှင်းထားတယ်၊ ဒီအပင်ကြီးတွေက အိမ်ရှေ့မှာ ပေါက်နေတာဆိုတော့ ..."

"ရပြီ ဦးလွန်းညို"

"အိမ်ကိုလည်း ကြည့်ပါဦး ... ဆောက်ထားတာ ဆယ့်ငါးနှစ်ကျော်နေပြီဆိုတော့ တော်တော်ဟောင်းနေပြီ၊ မောင်ပီယ မကြိုက်ဘူးဆိုရင်တော့ ဖျက်ပြီး အသစ်ပြန် ..."



www.burmeseclassic.com

www.burmeseclassic.com



"နေပါစေ ဦးလွန်းညို ... အဲဒီအသစ်လည်း တစ်ချိန်ကျ ပြန်ဟောင်းသွားမှာပဲ မဟုတ်လား"

"အဲ ... ဒါကတော့ မောင်ပီယရယ်"

စကားကြွယ်လှပါသည်ဆိုသော ရှေ့နေကြီးက ရှေ့ဆက်မပြောနိုင်။

"နေ[illegible]သေးတာပဲ၊ ကျွန်တော်တစ်ယောက်တည်းနေမှာလေ ... ရပါသေးတယ်၊ အိမ်က တစ်ယောက်တည်းသမားအတွက် နည်းနည်းတောင် ကျယ်နေသေးတာ"

သူက ခြံတံရှည်အိမ်မြင့်လေးကို လှည့်ပတ်ကြည့်ရင်းပြောမိသည်။ လှေကားသုံးထပ်နှင့် အရှေ့တွင် ဝရန်တာငယ်လေးပါသည်။ ဧည့်ခန်း၊ ဘုရားခန်းနှင့် အိပ်ခန်းက နှစ်ခန်းတောင်။ မီးဖိုချောင်နဲ့ ထမင်းစားခန်းကတစ်ဆင့် ထပ်ဆင်းရသည်။ သမံတလင်းခင်းထားသော မီးဖိုခန်းက သန့်ရှင်းသပ်ရပ်နေ၏။

"အဆင်ပြေရဲ့လား မောင်ပီယ"

"အင်း ... ပြေပါတယ်၊ ကျွန်တော် မှာထားတဲ့ မျိုးစေ့နဲ့ မြေသြဇာတွေရော"





"အေး ... ရောက်ပါပြီ၊ ဒီအနီးနားက လူတွေအကုန်ကတော့ ပန်းစိုက်တာများတယ် မောင်ပီယ၊ ပန်းစိုက်တာ အောင်လည်း အောင်မြင်တယ်တဲ့၊ မင်းရော ပန်းစိုက်ကြည့်ပါလား"

"နေပါဗျာ ... ပန်းဆိုတာ နူးညံ့သိမ်မွေ့လွန်းတယ်၊ ပြီးတော့ သိပ်လှလွန်းတယ်၊ လှပပြီး နူးညံ့တဲ့အရာတွေမှာ အဆိပ်တွေ ပါတယ်ဗျ၊ ကျွန်တော် နောက်တစ်ခါ အဆိပ်ထပ်သင့်မှာကြောက်တယ်"

ဟု ပြောတတ်သော ပီယကြောင့် ဦးလွန်းညိုက စာနာနားလည်ပေးရသည်။ ဦးလွန်းညိုက ပီယလိုအပ်သမျှ ဆောင်ရွက်ပေးနေရသဖြင့် ပီယအနား၌ နေရသောအချိန်က များလှသည်။ ထို့ကြောင့် ပီယရဲ့အတွင်းစိတ်ကို သိလာရ၏။ ပီယဟာပန်းတွေကို မုန်းသလို မိန်းမတွေပေါ်လည်း အမြင်မကြည်လင်လှ။

တစ်ခါက သူတို့ခြံ ရေသွယ်နေစဉ် တခြားခြံဘက်က မိန်းကလေးတစ်ဦးသည် ရေပုံးကြီးဆွဲကာ ...

"သောက်ရေတစ်ပုံးလောက် ပေးပါလားရှင်၊ ဒီဘက်က အဝီစိဆိုတော့ ကြည်ပြီးသောက်လို့ကောင်းတာမို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟူသော စကားသံကြောင့် ပီယသည် ထိုင်နေရာမှ ဝုန်းခနဲထကာ ...

"ဟေ့ ... ရှုပ်ရှုပ်ယှက်ယှက်တွေ မပေးနိုင်ဘူး၊ လာမတောင်းနဲ့"

ဟု မောင်းထုတ်ပစ်တာဖြစ်၏။ ဦးလွန်းညိုရော၊ အလုပ်သမားလေးတွေပါ တအံ့တဩဖြစ်ရသည်အထိပင်။ ပီယကတော့ အော်ဟစ်မောင်းထုတ်ရုံနှင့် အားရပုံမပေါ်။ မျက်နှာကြီး ရဲရဲနီကာ တရှူးရှူးတရှဲရှဲဖြင့် ...

"အလကားဟာတွေ ... သနားစရာရုပ်ကလေးတွေနဲ့ လူတကာကို လိုက်လှည့်စားတဲ့ဟာတွေ"

ဆိုပြီး ရေရွတ်မဆုံး၊ ဒေါသထွက်မဆုံး။ ဦးလွန်းညိုဟာ ငယ်ရာက ကြီးလာသူပီပီ ကျော်ပီယအား တစေ့တစောင်း အကဲခတ်ရလာပါသည်။ ကျော်ပီယဟာ စိတ်နှလုံးသိမ်မွေ့သူဆိုတာ သိလာလေလေ ဘာကြောင့် ဘဝ၌ အမည်းစက်ကြီး စွန်းထင်းအောင် လုပ်ခဲ့သလဲဆိုတာ စဉ်းစားမရလေလေပင်။

ဒါပေမဲ့ ... အဲဒီအမည်းစက်ကြီးဟာ မိန်းမတစ်ဦးနှင့် ပတ်သက်ခဲ့မည်ဆိုတာလောက်တော့ သိမြင်လာရပါသည်။





ဒီလိုနဲ့ ဦးလွန်းညိုတာဝန်က ကုန်ဆုံးတော့မည့်အချိန် တဖြည်းဖြည်း နီးကပ်လာလေပြီ။ သူ့တာဝန်က ဒီကောင်လေး အခြေတကျဖြစ်လျှင် တော်ပြီ။ သို့ပေမယ့် စားပင်သီးပင်တွေ မျိုးစေ့ကြဲထားသော ခြံကြီးတစ်ခြံနှင့် ဘာစိုက်ပျိုးရေးမှ နားမလည်သော ကောင်လေးအား သူ ဒီအတိုင်းပစ်မထားရက်။

ကျွမ်းကျင်သူ အကူတစ်ဦးတော့ ငှားလိမ့်မည်ဟူ၍ သူ အကြံမပြုရခင် အချိန်လေးမှာပင် ကျော်ပီယက စတင်၍ ...

"ကျွန်တော့်စိုက်ခင်းအတွက် အတွေ့အကြုံရှိတဲ့ လူနှစ်ဦးလောက် ရှာပေးနိုင်မလား ဦးလွန်းညို"

ဟု စတင်တောင်းဆိုခဲ့ခြင်းဖြစ်သည်။ သူကလည်း လုပ်ပေးနိုင်သည့်ကိစ္စမို့ လွယ်လင့်တကူ ခေါင်းညိတ်ခဲ့၏။

"စိုက်ပျိုးရေးနဲ့ ပတ်သက်တဲ့ အတွေ့အကြုံ ... လက်တွေ့သမားနော် ဦးလွန်းညို၊ စာတွေ့ဘွဲ့ရတွေ ခေါ်မလာနဲ့၊ ရေလောင်းသင့် လောင်းရမယ်၊ ပေါင်းသင်သင့် သင်ရမယ်၊ ကျွန်တော်နဲ့ တန်းတူလုပ်နိုင်မှ ဖြစ်မှာ"

လို့ သူ့ကို သေချာအောင် မှာလိုက်သေးသည်။ ကျော်ပီယ အလုပ်လုပ်ပုံကတော့ သူတောင် အံ့ချီးယူရသည် အထိ



www.burmeseclassic.com

www.burmeseclassic.com



မနားမနေ တဖော်ဖော်လုပ်တာမျိုးမို့ သူနှင့်တန်းတူဆို တကယ့် အပင်ပန်းခံနိုင်သူမှ ဖြစ်ပေလိမ့်မည်။ ကျော်ပီယသည် အရင် ကျောက်တွင်းသူဌေးနှင့် လုံးလုံးမဆိုင်သောတစ်ယောက် ဖြစ်၍ နေပေပြီ။

ညိုမောင်းသော အသားအရေ၊ အမြှောင်းမြှောင်းထနေသော ကြွက်သားတွေနှင့် မရိတ်မသင်ဘဲထားသော မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးတွေကြောင့် တကယ့်လူကြမ်းကြီးလိုလို။ ထို့ကြောင့် သူက ကျော်ပီယနှင့်အတူ အကြမ်းခံနိုင်မည့် ခြံအလုပ်သမားနှစ်ဦးကို ရှာခဲ့ပါသည်။ ရမယ့်ရတော့လည်း စုံတွဲ။ အသက်နှစ်ဆယ်ကျော်ခန့် လင်မယားနှစ်ဦး။

နှစ်ယောက်စလုံးက ခြံစိုက်ဖူးကြသည်။ တော၌ စီးပွားရေးမကောင်းသဖြင့် မြို့တက်လာကြသူတွေ။ ကျော်ပီယ ပေးမည့်လစာ၊ နေစရာ၊ စားစရာပါရမည်ဆိုတော့ ဝမ်းသာအားရ လက်ခံကြသည်။ လက်မခံသူက ကျော်ပီယ။

“ဒါ ... မင်းခြံမှာ ကူဖို့လိုတဲ့ လူနှစ်ယောက်လေ ကျော်ပီယ”

လို့ ဆိုလိုက်ရုံနဲ့ ခါးခါးသီးသီး ထပြီးငြင်းတော့တာ





ပါပဲ။

“ဟာဗျာ ... ဦးလွန်းညိုကလည်း လုပ်ချလိုက်ပြန်ပြီ၊ ကျွန်တော် မိန်းမ မလိုချင်ပါဘူးဆို”

“အမယ်လေးဗျာ ... ဘယ်သူကရော ခင်ဗျားကို မိန်းမ ပေးစားနေလို့လဲ၊ ဒါ ... ကျုပ် ခက်ခက်ခဲခဲ ပိုးပန်းပြီး ယူထားရတဲ့ မိန်းမပါဗျ”

ထပြောသူက အညာသား မောင်ကောင်း။

သူရော ဦးလွန်းညိုရော တစ်ချက်ကြောင်သွားပြီးမှ ဦးလွန်းညိုက သတိပြန်ဝင်လာပြီး ...

“အေးပါကွာ ... မင်းမိန်းမကိုလည်း သူ မယူပါဘူး၊ သူက မိန်းမအလုပ်သမား မလိုချင်ဘူး ပြောတာ”

“ဟုတ်မှသားပဲ ... တော်ကလည်း စကားကို သေချာ နားမထောင်ဘူး”

“သိဘူးလေကွာ ... မင်းကို စိုက်ကြည့်ပြီး ပြောတာကိုး”

“ကဲ ... တော်ကြပါတော့ကွာ”

ဦးလွန်းညိုက ကြားမှ ဟန့်တားလိုက်ရပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"မောင်ပီယ … သူတို့က ကိုယ်တိုင်ကိုယ်ကျ ခြံစိုက် စားဖူးတဲ့သူတွေ၊ သူတို့ရဲ့ရိုးသားမှုနဲ့ သစ္စာရှိမှုကိုတော့ ဦး အာမခံတယ်၊ ပြီးတော့ လင်မယားနှစ်ယောက်တည်း၊ နောက် ကြောင်းရှင်းတယ်၊ တခြား ဘာအပူအပင်မှမရှိဘူး၊ မင်း အတွက်က သူတို့လိုလူမျိုးနဲ့မှ သင့်တော်မယ်လို့ ဦးတော့ ထင်တယ်"

"မိန်းမဆိုတဲ့အမျိုးတွေဟာ အစပထမတော့ ရိုးသား သယောင်, သစ္စာရှိသယောင်နဲ့ နောက်ဆုံးတော့ ယောကျ်ား တွေကို လှည့်စားသွားကြတာပါပဲ ဦးလွန်းညိုရ"

သူက သူ့ခံစားချက်နှင့်သူ ပြောတော့ …

"ဝါးလုံးရှည်နဲ့ သိမ်းမရမ်းနဲ့လေကွာ၊ အဲဒီမိန်းမ တွေထဲမှာ မင်းအမေလို မိန်းမမျိုးတွေလည်း ရှိသေးတာပဲ"

"ဒါပေမဲ့ ဦးလွန်းညိုရာ …"

"ဟုတ်တယ်ဗျ … ဒီအစ်ကိုပြောတာ မှန်တယ်၊ နဂို က မသီလည်း အင်မတန် အေးတာ၊ ကျုပ်နဲ့လည်း ရပြီးတော့ ရွာမှာ စိုက်ခင်းထဲ မဆင်းခင် အိမ်အလုပ်တွေ ကျုပ်လုပ်ပေး ရတယ်၊ ရေခပ်ပေး, အဝတ်လျှော်ပေးနဲ့ ပြီးမှ အလုပ်သွားရ





တယ်၊ သူက အခန့်သား ကြော့မော့ပြီးနေတာ၊ ပြီးတော့ ပိုက် ဆံကျရင် သူ့အကုန် အပ်ရတာ၊ မရခင်ကတော့ အပြော လေးက ချွန်းလို့၊ သူချက်ကျွေးပါ့မယ် ဘာညာနဲ့ … အခု ကျုပ်ချည်းပဲ လုပ်ရတော့တာ"

ဟု ဝင်ပြောသော အသားညိုညို၊ အရပ်က ခပ်ပျပ်ပျပ်၊ ကွမ်းချိုးတွေ တက်နေသည့် သွားတွေနှင့် မောင်ကောင်းဆိုသူ အား သူ သဘောတကျဖြစ်သွားရပါသည်။ မသီဆိုသော မိန်းမ ကတော့ သူမ,ယောကျ်ားအား မျက်စောင်း ဒိုင်းခနဲ တစ်ချက် ထိုးရင်း …

"လူတွေရှေ့ကျမှ တော်က … တကတဲ … လူကွယ် ရာကျတော့ မသိရယ် … အိမ်အလုပ်တွေ ဘာမှမလုပ်ပါနဲ့၊ ပင်ပန်းပါတယ်ဆိုပြီးတော့ …"

"အဲ … ဒါကတော့ကွာ .. ဟဲ .. ဟဲ"

မောင်ကောင်းက သွားမည်းမည်းတွေပေါ်အောင် အဖြဲ သား ရယ်လေသည်။ ကျော်ပီယသည် ခဏချင်းမှာပင် အဲဒီ နှစ်ယောက်ရဲ့ ပွင့်လင်းမှုကို သဘောကျသွားရပြီး …

"ကောင်းပြီလေ … ဒါဆိုလည်း ထားခဲ့ပေါ့၊ ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



လည်း ယောက်ျားတွေနဲ့တန်းတူ အလုပ်လုပ်ရမှာနော်''

''ရပါတယ် အစ်ကိုလေး ... မသီ အားလုံးလုပ်နိုင်ပါတယ်''

''ကဲ ... ဒါဆို ထားခဲ့တော့ ဦးလွန်းညို၊ သူတို့ နှစ်ယောက်နေဖို့ ခြံနောက်ဘက်မှာ အိမ်တစ်လုံးဆောက်ပေးရမယ်၊ အဲဒါ ... လက်သမားတွေ ခေါ်ခဲ့ဦး''

''မခေါ်နဲ့ အစ်ကိုလေး၊ ကျုပ် ဆောက်တတ်တယ်၊ ခြံထဲမှာ ဝါးပင်တွေရှိတာပဲ၊ အရင့်တွေခုတ်ပြီး အိမ်တစ်လုံးဆောက်မယ်၊ အဲ ... ဓနိသာ ဝယ်ပေးထား ...''

ဟု ဆိုလေသည်။ သူက မောင်ကောင်းပြောသည့်အတိုင်း လိုအပ်သည့်ပစ္စည်းတွေ ဝယ်ပေးရသည်။ မောင်ကောင်းက သူတို့လင်မယားနှစ်ဦးစာ အိမ်ခန်းကျဉ်းလေးတစ်လုံး ဆောက်သည်။

အဲဒီလိုနဲ့ ဦးလွန်းညိုကောင်းမှုကြောင့် သူ လူကောင်းနှစ်ဦးရလိုက်၏။ မောင်ကောင်းက ခြံကိစ္စ၊ စိုက်ခင်းကိစ္စသာမက အခြားဗာဟီရအမျိုးမျိုးလည်း အားကိုးရသူ။ မသီကတော့ မောင်ကောင်းအား အကူအညီပေးရင်း ...





''အစ်ကိုလေးအဝတ်တွေလျှော်ဖို့တော့ ကျွန်မ တာဝန်ယူမယ်၊ ဟို ... ဟင်းတော့ ချက်ပေးချင်ပေမယ့် အစ်ကိုလေးပစ္စည်းတွေ မသီ မကိုင်တတ်ဘူး၊ ပြီးတော့ မသီချက်တာက ရွာကလိုပဲ ချက်တာ''

ဟု ဆိုပါသည်။ သူ့မီးဖိုချောင်သုံးပစ္စည်းတွေက အကုန်လျှပ်စစ်ပစ္စည်းတွေချည်းပဲကိုး။ ထို့ကြောင့် ...

''နေပါစေ မသီရယ် ... ကျွန်တော့်အတွက် ဒါက အပန်းမကြီးပါဘူး၊ ဟင်းကလည်း ဖြစ်သလိုပဲ၊ တစ်ခါတလေ ကြက်ဥကြော်၊ တစ်ခါတလေတော့ ခေါက်ဆွဲပြုတ်ပဲ၊ ရတယ် ... ကျွန်တော် စားတတ်တယ်''

သူက ပြောရသည်။ ဦးလွန်းညိုဟာ သူ့အတွက် ရေခဲသေတ္တာ၊ တီဗွီနဲ့ ဒီဗီဒီပါ အပြည့်အစုံ ထားသွားပေမယ့် ဦးလွန်းညို ပြန်သွားသောအခါ သူ့ရေခဲသေတ္တာထဲ၌ ရေပုလင်းနဲ့ ကြက်ဥလောက်သာ ကျန်တော့သည်။ သူက ဝယ်မှမဖြည့်ဖြစ်တာပဲကိုး။

တစ်နေ့တစ်နေ့ အပင်တွေရှင်အောင် မြေဆွပေါင်းသင်၊ ရေလောင်းလိုက်၊ ဖြစ်ထွန်းလာသော အသီးအနှံတွေအား ဈေးထဲ



www.burmeseclassic.com

www.burmeseclassic.com



ဖောက်သည်ချပေးလိုက်နှင့် သူ့ဘဝဟာ ခြံစိုက်သမားရဲ့ နေ့ရက်တွေထဲ နေသားတကျဖြစ်၍လာလေပြီ။ တည်ငြိမ်စ ပြုလာပြီး အတိတ်ကိုလည်း မေ့နိုင်လာပြီ။

အဲဒီအချိန်ကျမှ ဂယက်ရိုက်သော အဖြစ်အပျက်သည် သူ့ဘဝကန်ရေပြင်ထဲ ရေပွက်ပမာ ထကြွလာခဲ့၏။

* * *

## အပိုင်း (၇)

"ဟင် ... ဟိုနှစ်ယောက် ပြန်မရောက်သေးပါလား"

သူက ခြံထိပ်၌ ဂျစ်ကားလေးရပ်ကာ ခြံတံခါးသော့ ဆင်းဖွင့်ရသည်။ သူနှင့် မောင်ကောင်းတို့လင်မယားမှာ ခြံသော့ တစ်ယောက်တစ်ချောင်းစီ ရှိပါသည်။ သူက မြေဩဇာ အဝယ်ထွက်၊ အဲဒီ မောင်ကောင်းတို့လင်မယားက အသီးအနှံတွေ ဈေးထဲ၌ ဖောက်သည်ပေးနှင့် တစ်နေ့တစ်နေ့ အချိန်ကုန်မှန်း မသိ ကုန်သွားရတာပင်။

အခါတိုင်းလည်း သူက အရင်ရောက်နေကျမို့ ခြံသော့



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ပြီး ကားပါ တောက်လျှောက်မောင်းသွင်းလာခဲ့သည်။ မြေသြဇာအိတ်တွေနှင့် တခြား တိုလီမိုလီပစ္စည်းတွေ ချရဦးမှာမို့ သူက သစ်ပင်ရိပ်အောက်၌ ကားထိုးရပ်ပြီး အိမ်လေးဆီ လှမ်းလာခဲ့ပါသည်။ အိမ်ကိုတော့ သူ ဘယ်တော့မှ သော့မခတ်တတ်။ ခြံသော့သာ အခတ်များတ. ၁မို့ စေ့ရုံစေ့ထားသော တံခါးချပ်ကို တွန်းဖွင့်ဝင်လာခဲ့သည်၊ အိမ်ထဲရောက်တာနှင့် သူ့နှာခေါင်းထဲ ထူးကဲသော ရနံ့။

''ဘာနံ့လဲဟ ... မွှေးလှချည်လား၊ ဘယ်အိမ်က ဟင်းတွေချက်နေပါလိမ့်''

သူက တစ်ယောက်တည်းဆိုရင်း ရေတစ်ခွက် ခပ်သောက်သည်။ ဟင်းအနံ့က ပျောက်မသွား။

''ဟ ... အနံ့က ဒီနားပဲ တဝဲလည်လည်နဲ့၊ ဗိုက်တောင် ဆာလာပြီ၊ ငါကတော့ ဒီမနက် ထမင်းလည်း မတည်ခဲ့တော့ ခေါက်ဆွဲပြုတ်နဲ့ နှစ်ပါးသွားရမှာပါပဲ၊ အနံ့လေးခံပြီး ထမင်းစား ... အဲ ...''

သူ့နှုတ်က ပြောလက်စ စကားတွေ ရပ်သွားရ၏။ မရပ်ဘဲ ရှိပါရောလား။ တွေ့လိုက်ရတာက ထမင်းစားပွဲပေါ်က အုပ်ဆောင်း အုပ်ထားသည့်မြင်ကွင်း။ အုပ်ဆောင်းက အတွင်းသို့ ထွင်းဖောက်မြင်တာမို့ ဟင်းခွက်တွေ အစီအရီရှိနေတာကို သူ အတိုင်းသားတွေ့ရသည်။

''ဟ ... ဘယ်သူ့လက်ရာလဲ ... မသီများလား''

သူ မနက်က မထွက်ခင်အထိတော့ မသီချက်ပြုတ်နေတာမြင်သား။ ဒါပေမဲ့ ... သူနဲ့နေတာ လေးငါးလရှိပြီ။ မသီ တစ်ခါမှ ဟင်းမချက်ပေးဖူး။ သူကလည်း မချက်နဲ့ ပြောထားတာကိုး။ မသီချက်သော ဟင်းလက်ရာမျိုး သူ မစားတတ်တာ သေချာပါသည်။

မသီတို့က အညာက,လာတာမို့ ဘာချက်ချက် ခရမ်းချဉ်သီးပါမှ။ ငရုတ်သီးကလည်း အင်မတန်စားသည်။ သူက အစပ်မစားတော့ သူနှင့်မဖြစ်။ အခု အုပ်ဆောင်းထဲ တွေ့ရတာက ပုန်းရည်ကြီးနဲ့ ဝက်သားဟင်းက တစ်ခွက်။ အမယ် ... ဆီကိုအိုင်လို့။ ကန်စွန်းရွက်နှင့် မှိုရောကြော်ထားတာကလည်း အစိမ်းစိုစိုလေးနဲ့ စားချင်စဖွယ်။ အဲ ... ချဉ်ပေါင်ဟင်းချိုတစ်ခွက်က ချက်ထားသေး။ ထမင်းကလည်း ပေါင်းအိုးထဲမှာ အဆင်သင့်။







www.burmeseclassic.com

www.burmeseclassic.com



"တယ်ဟုတ်ပါလား၊ မသီက မချက်တတ်ဘူးနဲ့ ချက်ထားတော့လည်း ရှယ်ပါလား၊ ကန်စွန်းရွက်တွေ, မှိုတွေက ငရုံခြံထွက်တွေနဲ့ တူတယ်"

သူက တစ်ယောက်တည်းလည်း ပြောရင်း ထမင်းတစ်ပန်းကန်ခူးကာ အားပါးတရ စားပစ်လိုက်သည်။ စားလို့ကောင်းလိုက်တဲ့ဖြစ်ခြင်း။ လက်ရာကောင်းကောင်း ထမင်းဟင်းတွေ မစားရတာ သူ့အတွက် အတော်ကြာနေပြီ။ ထို့ကြောင့် အားပါးတရစားတာများ နောက်ထပ် နှစ်ပန်းကန် တက်တက်စင်အောင်ပြောင်ရောပဲ။

ထိုအခိုက်မှာပင် သူ့နောက်ကျောဆီမှ ...

"အဟီး ..."

ဟူသော ရယ်သံကြောင့် သူ ထူးဆန်းသွားသည်။ ဖျတ်ခနဲ ပြတင်းပေါက်ရှိရာ လှည့်ကြည့်တော့ ဘာမှမတွေ့ရ။ သူဟာ ထမင်းတွေ ပေကျံနေသော လက်နှင့်ပင် ပြတင်းပေါက်ရှိရာ သွားကြည့်သည်။ ဘာမှမတွေ့ရ။ ခြံပတ်လည်မှာလည်း လူရိပ်လူခြည် မတွေ့ရ။ အခါတိုင်းလိုပင် တိတ်ဆိတ်မြဲ။ တစ်ချက်တစ်ချက် ငှက်အော်သံ ကြားရသည်။ ဒီလောက်ပါပဲ။





သူဟာ စိတ်ကျေနပ်အောင် တစ်ခြံလုံးအနှံ့ ကြည့်ပြီးမှ ...

"ငါ ... စိတ်ထင်လို့ ဖြစ်မှာပါ"

လို့ တွေးရင်း ပန်းကန်တွေသိမ်း၊ ခြေလက်ဆေးကြောသည်။ ဗိုက်က, လေးတာရယ်၊ ဝက်သားအရှိန်ရယ်ကြောင့်ထင်သည် ...။ ထမင်းဆိပ် တက်လာလေပြီ။ မျက်ကြောတွေလည်း စင်းလာပြီ။ ထို့ကြောင့် သူက အရိပ်ကြီးသော အပင်ကြီးအောက်၌ ရိုက်ထားသည့် ကွပ်ပျစ်လေးပေါ် လှဲပြီး မကြာမီပင် အိပ်ပျော်သွားခဲ့၏။ အိပ်မက်များတောင် မက်နေသေး။

သူ့ပခုံးပေါ် အပြာရောင်ငှက်ကလေးတစ်ကောင် လာနားနေသည်။ သူက ထိုငှက်အား သွားလေရာ သယ်သွားသည်တဲ့။ ပြီးတော့ နှင်းဆီပန်းတစ်ပွင့် ငှက်ကလေးအား ပေးတော့ ငှက်ကလေးက နှုတ်သီးဖြင့် ရိုးတံကို ကိုက်ချီထားပါသတဲ့။ သူ အမှတ်ရတာကတော့ အဲဒီငှက်ကလေးရဲ့ နှုတ်သီးတွေက ပန်းရောင်တဲ့။ ပြီးတော့ သိပ်ကို လှပါသည်။

သူက ငှက်ကလေးရဲ့ နှုတ်သီးအား ငေးမောနေသည့် အချိန်မှာပဲ ဆူဆူညံညံစကားသံတွေကြောင့် သူ လန့်နိုးလာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။

"ဟား ... ဟား ... တို့အစ်ကိုလေးကတော့ မြေဩဇာသယ်တာ တော်တော်ပင်ပန်းသွားတယ်နဲ့ တူတယ်၊ အိပ်လိုက်တာ သိုးလို့"

"အမယ် ... ကျုပ်တော့ မထင်ဘူး ကိုကောင်း၊ တော့်အစ်ကိုလေး ဗိုက်ဆာလို့ အိပ်နေတာဖြစ်မယ်"

ဟူသော တစ်ယောက်တစ်ပေါက် စကားသံတွေကြောင့် သူ နိုးလာခဲ့တာပါ။ သူက အခုထိ အိပ်ချင်မပြေသေးသော မျက်လုံးအစုံကို လက်ဖြင့် ပွတ်သပ်ရင်း ...

"မသီလက်ရာ ထမင်းနဲ့ဟင်းစားပြီးတော့ တစ်ချိုးတည်း အိပ်ပျော်သွားတော့တာပဲ၊ ခင်ဗျား ... ထမင်းဟင်းတွေထဲ အိပ်ဆေးတွေများ ထည့်ချက်ထားသလား မသီ"

"ရှင် ... ကျွန်မလက်ရာ၊ အာ ... အစ်ကိုလေးကလည်း ပေါက်ပေါက်ရှာရှာ၊ ကျွန်မ ဘာမှမချက်ပါဘူး၊ လာနောက်မနေနဲ့"

ဟု ငြင်းလေသည်။ သူက တအံ့တဩဖြစ်သွားပြီး ...

"ခင်ဗျားချက်တာ မဟုတ်ဘူးဆိုတာ တကယ်လား





မသီ၊ ဒါဆို ကျွန်တော့်အိမ်ပေါ်က ထမင်းဟင်းတွေက ..."

"ကျွန်တော်ချက်တာ အစ်ကိုလေး ... အဟဲ"

နောက်နားမှ ဖြေသူက မောင်ကောင်း။

"မင်းချက်တာ"

"ဟုတ်တယ် အစ်ကိုလေးရဲ့၊ အစ်ကိုလေး နေ့တိုင်း ခေါက်ဆွဲခြောက်နဲ့ နှစ်ပါးသွားနေရတာ စိတ်မကောင်းလို့ ကျွန်တော် တတ်သလောက်နဲ့ ချက်ထားတာ၊ ဘယ်လိုလဲ ... စားလို့ကောင်းတယ် မဟုတ်လား"

"အေး ... ကောင်းတယ်ကွ၊ မင်း မဆိုးဘူး၊ အစောကြီးကတည်းက မင်းချက်တတ်မှန်း ငါမသိလို့"

"နောက်ကြုံရင် ကျွန်တော် ချက်ကျွေးပါ့မယ်"

"နေပါကွာ ... မင်း အားမှပေါ့၊ ခြံအလုပ်နဲ့ လက်တောင် မလည်တာ"

"ရပါတယ် အစ်ကိုလေးရဲ့၊ မသီ ... ငွေတွေ အပ်ဦးလေ ... အသီးဖိုးတွေ"

"ဪ ... အင်း ... အင်း"

ဟု ပြောပြီး ငွေအပ်သော မသီ အမူအယာက ယေ



www.burmeseclassic.com

www.burmeseclassic.com



နန၊ မောင်ကောင်းအကြည့်တွေကလည်း တစ်ခြံလုံး ခေ့ဝိုက်ကြည့်ကာ ဂနာမငြိမ်သည့်ဟန်ဖြင့်။ ဒီနှစ်ယောက်ဟာ ဟန်ဆောင်ကောင်းသူတွေမဟုတ်။ ရိုးသားကာ ပွင့်လင်းသော သူတို့နှစ်ယောက်ရဲ့မျက်နှာပေါ်တွင် တစ်စုံတစ်ရာသော ကိစ္စဆိုလျှင် အထင်းသား တွေ့မြင်နိုင်သည့်အထိ ရှင်းလင်းလှသူတွေ။

သူတို့တွေ ဘာဖြစ်နေကြပါလိမ့်။ ထိုမေးခွန်းရဲ့ အဖြေကို သူလည်း မသိနိုင်ပေ။ သို့ပေမယ့် ထူးဆန်းသော အခြင်းအရာတွေကတော့ တစ်နေ့မှ နောက်တစ်နေ့ ကူးပြောင်းတိုင်း သူ့ထံသို့ ရောက်ရှိလာစမြဲ။

နောက်တစ်နေ့ မနက်၌လည်း အဖြစ်အပျက်တစ်ခုက သူ့အိပ်ရာနိုးတာနှင့် ဆီးကြိုနေခဲ့၏။ အဲဒါကတော့ …

*

--------------------------------------------------။

"ဟင် … လာပြန်ပြီ၊ မုန့်ဟင်းခါး၊ ကော်ဖီဖျော်ပြီးသား၊ အဲ … ထမင်းလည်း တည်ထားတယ်၊ ဓာတ်ဘူးထဲလည်း ရေနွေးအပြည့်"

သူက မီးဖိုခန်းထဲ အဲဒါတွေ … တွေ့သောအခါ အိမ်ရှေ့သို့ အပြေးအလွှား ထွက်ကြည့်သည်။ အိမ်ရှေ့တံခါးမကြီးက ဟောင်းလောင်းပွင့်လို့။ သူက ညအိပ်လျှင် တံခါးမကြီးကို စေ့ရုံစေ့ထားတတ်သည်။ ချက်ပင်မထိုး။ အရေးအကြောင်းရှိက မောင်ကောင်းတို့ အလွယ်တကူ ဝင်လာနိုင်ရန်ဖြစ်သည်။

သူက ထမင်းစားပွဲမှာ ဝင်ထိုင်ရင်း မနေ့က … မောင်ကောင်းတို့လင်မယားနှစ်ယောက်၏ အူကြောင်ကြောင်ရုပ်ကို ပြန်မြင်ယောင်လာ၏။

"မဟုတ်သေးပါဘူး၊ မောင်ကောင်း ဒီအိမ်ထဲ ဝင်ချက်

သက်ပိုင်ရဲ့စာပေ

www.burmeseclassic.com

www.burmeseclassic.com



နေတာကို မသီက မသိနိုင်ဘူးတဲ့လား၊ သူတို့နှစ်ယောက်က အဲဒီလောက်ပဲ အဆက်အသွယ်မရှိတော့ဘူးလား၊ တစ်ခုခုတော့ မှားနေသလိုပဲ''

တွေးသာ တွေးနေရသည်။ သင်းပျံ့သော မုန့်ဟင်းခါး အနံ့ကို သူ့ မတော်လှန်နိုင်ပေ။ ကော်ဖီကလည်း သူ့အကြိုက်နှင့် ကွက်တိ။ ခါးဆိမ့်ဆိမ့်လေး။ တစ်ညလုံး ဟာနေသော ဝမ်းမီးကို သူ အရင်ငြိမ်းပြီးမှ ခြံထဲဆင်းလာခဲ့သည်။ ထူးဆန်းသော ဖြစ်ရပ်တွေအတွက် သူ စနည်းနာရန်ပါ။ ခြံနောက်ဘက် မောင်ကောင်းတို့ တဲနားမရောက်ခင်ကတည်းက အသံတွေ ဆူညံညံကို ကျယ်လောင်စွာ သူ ကြားရ၏။

''မင်းစားရင်လည်း ဝန်ခံ မသီ၊ ငါက အစောကြီးထပြီး သွားဝယ်ထားရတာ၊ ဝယ်ပြီးပြီးချင်း ငါ့ဟာငါ ထမင်းကြမ်းနဲ့ နယ်စားလိုက်ရင် ဖြစ်တယ်၊ ဩော် … ငါ့မိန်းမက မုန့်ဟင်းခါး ကြိုက်ပါတယ်ဆိုပြီး စောင့်နေတာ''

''ကိုကောင်း … တော် … ကျုပ်ကို အသားလွှတ် လာမစွပ်စွဲနဲ့နော်၊ ကျုပ်အခုမှ အိမ်သာက ဆင်းလာတာ၊ တော် မုန့်ဟင်းခါး ဝယ်လာတာလည်း ကျုပ်မသိဘူး၊ တော် ဘယ်





မှာထားလဲ ကျုပ်မသိဘူး၊ မိုးလင်းတာနဲ့ ကျုပ်ကို ပြဿနာ လာမရှာနဲ့''

သူ ဟိုက်ခနဲဖြစ်သွားသည်။ မုန့်ဟင်းခါး ဆိုပါလား။ သူ့ထံရောက်နေသော မုန့်ဟင်းခါးများလား။ သူဟာ ဖဝေဖဝါ။ မောင်ကောင်းဝယ်လာ၍ ပျောက်နေတာဆို တရားခံက မောင်ကောင်းတော့ မဖြစ်နိုင်။ ဒါဆို မသီကရော၊ ပို၍ပင် မဖြစ်နိုင်သေး။ မသီက ဝယ်လာတာ သိတောင်မသိဟု ဆိုသည်။ ပြီးတော့ သူ့ကိုကျွေးလျှင် နှစ်ယောက်သား ရန်ဖြစ်စရာမရှိ။

အတွေးတွေနှင့်လုံးလည်လိုက်ရင်း သူက မောင်ကောင်းတို့အနား ရောက်သွား၏။ သူ့ကိုတွေ့တော့ နှစ်ယောက်စလုံးက ရန်ဖြစ်သံတွေ စဲသွားကာ ပျာပျာသလဲ သူ့အနားပြေးလာသည်။ နှစ်ယောက်စလုံး သူ့ရှေ့၌ ပိတ်ကာထားကာ …

''ဘာလိုချင်လို့လဲ အစ်ကိုလေး''

''ဘယ်လိုဖြစ်နေတာလဲ''

သူက အဲဒီလင် ယားအပြုအမူကို ထူးဆန်းလှ၏။ အခါတိုင်းဆို သူက ဒင်းတို့အိမ်ထဲ ဝင်ထိုင်နေကျ၊ စကားစမြည် ပြောနေကျ။ သူ မဝင်ရင်တောင် အိမ်ထဲအတင်းခေါ်နေကျ။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ သူ အိမ်ထဲဝင်ထိုင်မှာတောင် ကြောက်နေကြသည့်ပုံ။ ထို့ကြောင့် သူက စိတ်မရှည်ဟန်ဖြင့် ...

"မင်းတို့ ဘယ်လိုဖြစ်နေကြတာလဲလို့ ငါမေးနေတယ်လေ ... ပုံစံတွေက ပြူးတူးပျာတာနဲ့"

"ဘာမှမဖြစ်ပါဘူး အစ်ကိုလေးရဲ့"

ဒါတော့ ညီသား။ နှစ်ယောက်သား ဖာတ်တိုက်ထားသည့်အလား ...။

"ဘာဖြစ်လို့ ငါ့ရှေ့က ပိတ်ရပ်နေရတာလဲ"

"မရပ်ပါဘူး အစ်ကိုလေးရဲ့"

ပြောသာပြောတယ်။ သူ့ရှေ့က ခြေတစ်လှမ်းတောင် မရွှေ့။ သူ မသက်ာတော့။ သံသယစိတ်က ပိုကြီးလာလေပြီ။ မဟုတ်တာ လုပ်ထားသည့်အရိပ်တွေက အဲဒီနှစ်ယောက်မျက်နှာပေါ်မှာ အထင်းသား။ သူက လျှပ်တစ်ပြက်အကြံရသွားပြီး ...

"ကဲ ... ဘာမှမဖြစ်လည်း ဈေးထဲသွားဖို့ပြင်တော့ ချဉ်ပေါင်တွေ စည်းထားပြီးပြီလား"

"ပြီးပြီအစ်ကိုလေး၊ ဒီနေ့အတွက် ဘူးသီးဆယ်လုံးရတယ်၊ ရှောက်သီးတွေလည်း အများကြီးပဲ ထွက်ထားတာ"





"အေး ... ပြီးရော၊ ငါလည်း ဆီထုတ်ရဦးမယ်"

သူက ပြောပြီး လှည့်ထွက်ခဲ့သည်။ တကယ်လည်း ဒီနေ့ ကားဆီထုတ်ရက်။ သူက မောင်ကောင်းတို့ထက် နောက်ကျမှ ထွက်ခဲ့ပြီး ဆီထုတ်ပြီးတာနဲ့ လှည့်ပြန်ခဲ့သည်။ အရင်နေ့တွေ တုန်းကလို ဘယ်မှမဝင်။ သူ အိမ်ပြန်ရောက်တော့ မောင်ကောင်းတို့တောင် မရောက်သေး။ ဒါပေမဲ့ ... သူ့အတွက် ကြက်သားကာလသားချက် တစ်ခွက်၊ ပဲသီးနှင့် ဘဲဥကြော်ထားသောဟင်းတွေက အဆင်သင့် ဖြစ်၍နေလေပြီ။

ထူးဆန်းတာကတော့ တကယ်ပင်။ ထူးဆန်းသလောက်နက်နဲသောအဖြစ်အား သူက တစ်စထက်တစ်စ စိတ်ဝင်စားလာရပြီ။ မနက်က သူ မောင်ကောင်းတို့နောက်မှ ထွက်တာကြောင့် ဒီဟင်းတွေက မောင်ကောင်းတို့တော့ မဟုတ်နိုင်။ ဒီလင်မယားအပြင် အခြားတစ်ယောက်ယောက်တော့ ရှိနေပါပြီ။ အဲဒီတရားခံက ဘယ်သူဖြစ်နိုင်ပါသနည်း။

သူ့ခြံထဲ မြေလှန်ရှာမှ ဖြစ်တော့မည်ဟု စိတ်ကူးမိသည်နှင့် တစ်ပြိုင်နက် သူက တစ်စုံတစ်ယောက်အား လှမ်းတွေ့ရသည်။ ထိုသူက မောင်ကောင်းပါ။ တောင်းကြီးထမ်းပြီး ခြံထဲ



www.burmeseclassic.com

www.burmeseclassic.com



ဝင်လာသည်။ သူ့နောက်မှ မသီ။

"အစ်ကိုလေး အစောကြီးပဲ"

"အေး … ဆီထုတ်ပြီးတာနဲ့ တန်းပြန်လာတာ"

သူက ဒါပဲဆိုပြီး အိမ်ပေါ်တက်ခဲ့သည်။ ဒီလင်မယား နှစ်ယောက်ရှေ့၌တော့ သူ့စိတ်ကူးကို အကောင်အထည်ဖော်၍ ရမည် မထင်ပါ။ အဲဒီနေ့က သူဟာ အလုပ်ပုံမှန်လုပ်နေရပေမယ့် စိတ်ကတော့ ပဟေဠိထဲမှာပင် တဝဲလည်လည်။

စားလည်း ဒီစိတ်၊ သွားလည်း ဒီစိတ်နှင့် တစ်နေ့ဝင် သွားခဲ့သည်။ ဒါပေမဲ့ … သူ အားမလျှော့။ နောက်တစ်နေ့ ရှိသေးသည်။ သူ ပီရိယထားရန်ပဲ လို၏။ ထိုညက သူ စောစော အိပ်ရာဝင်ခဲ့သည်။

"အစ်ကိုလေး … အိပ်တော့မလို့လား၊ တရုတ်ကား တောင် မပြီးသေးဘူး"

ရုပ်မြင်သံကြားမှလာသော ဇာတ်လမ်းတွဲတွေ စောင့် ကြည့်တတ်သော မောင်ကောင်းက ပြောသည်။

"အေးကွ … ဒီနေ့မှ စောစောအိပ်ချင်လို့"

"အိပ်ပါစေတော် … အစ်ကိုလေးက သိုင်းကားတွေမှ





မကြိုက်တာ၊ ကျွန်မတို့ပြန်သွားရင် ဝံခါးစေ့သွားမယ် အစ်ကို လေး … အခါတိုင်းအတိုင်းပဲပေါ့"

ဟု မသီက ဝင်ပြောသည်။ သူ ခေါင်းညိတ်ပြီး အိပ်ခန်း ထဲ ဝင်ခဲ့၏။ ဒီည စောစောအိပ်မှ မနက်စောစောနိုးမည်။ သူ … သူခိုးဖမ်းရမည်လေ။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း (၈)

သူ့နားထဲ ချီးချီးချွတ်ချွတ်အသံတွေကြောင့် နိုးလာ၏။ အိပ်မက်လားဟု ဝေဝါးဝါးဖြစ်နေသေးသည်။ ခဏကြာတဲ့အထိ အာရုံစိုက်ပြီး နားထောင်တော့မှ ညင်သာတိုးဖွဲသော ခြေသံ။ သေချာပြီ ...။ ဒါ ... သူစောင့်မျှော်နေခဲ့သော ခြေသံပိုင်ရှင်။ သူက မီးစုန်းပါသော နာရီအားကြည့်မိတော့ မနက်လေးနာရီတိတိ။

အိပ်ရာမှ အသံမကြားအောင် ဗီယ တိုးတိုးထသည်။ မီးဖိုခန်းထဲမှ လှုပ်ရှားသံသဲ့သဲ့ကိုပါ တစ်ခါတည်း ကြားရ၏။ သူ အိပ်ခန်းတံခါးကို အသံမထွက်အောင် တိုးတိုးဖွင့်ကာ မီးဖိုခန်း





ဆီ ခြေဖျားထောက်၍ သွားသည်။ တွေ့ပါပြီ။ လူတစ်ယောက် ရှပ်အင်္ကျီအပွကြီးနှင့် အောက်က ထရက်စုဘောင်းဘီပွပွကို ဝတ်ထား၏။ သူ့ကိုကျောပေး၍ ဘာတွေတကုပ်ကုပ် ဘာလုပ်နေမှန်းမသိ။

မီးရောင်မှိန်မှိန်ကြောင့်လည်း သူ လူလုံးမကွဲပြား။ ဒါပေမဲ့ ... မောင်ကောင်းတို့ မဟုတ်တာတော့ အသေအချာပင်။ သူ မီးဖိုခန်းထဲထိ ခြေသံမကြားအောင် ရွရွလေးဆင်းသည်။ အဲဒီလူနားရောက်တဲ့အထိ သူ့ အသက်တောင် မရှူရဲ။ အသံကြားမှာ စိုး၍ပါ။ အနားရောက်ပြီ၊ ပိုင်ပြီဆိုတာနှင့် ဝုန်းဆို နောက်မှပြေးဖက်ကာ ...

“မိပြီ ... မပြေးနဲ့”

ဟု သူက နှုတ်မှပါ တစ်ခါတည်း အော်သည်။ သူဖက်ထားသော လူကလည်း သူ့လက်တွင်းမှ ရုန်းကန်တွန်းထိုးရင်း ...

“လွှတ် ... လွှတ်နော်၊ လွှတ် ... ရှင်ဘယ်သူလဲ”

အသံက သေးသေးစူးစူးလေး။ သူ ဒီတော့မှ သတိထားမိသည်။ သူ သိမ်းဖက်ထားသော အသားစိုင်က ထွေးထွေးအိအိ



www.burmeseclassic.com

www.burmeseclassic.com



လေး။ ဒီတော့မှ သူ့ရင် ဒိန်းခနဲဖြစ်သွားသည်။ ချက်ချင်း ပခုံးမှ ကိုင်ဆွဲလှည့်တော့ အလိုက်သင့်ပါလာသော မျက်နှာက မော့မော့လေးရယ်။ သူတွေ့လိုက်ရတာက ကြည်လဲ့ရွှန်းစိုနေသော မျက်ဝန်းပြာလေးနှင့် အထူးတလည် ရှည်လျားကော့ညွတ်နေသော မျက်တောင်တထွေးကြီး။ မျက်ဝန်းတွေထဲမှာ ကြောက်ရွံ့ရိပ်မရှိ။

"မင်း … ဘယ်သူလဲ"

"အဟဲ"

သွားအစုံပေါ်အောင် ရယ်ပြသည်။ ဘယ်ဘက်သွားစွယ် ချွန်ချွန်လေးက လက်ခနဲ။ သေချာကြည့်မှ စိန်တစ်ပွင့် မြှုပ်ထားမှန်း သိရသည်။

"ဟေ့ … ငါမေးနေတယ်လေ … မင်း ဘယ်သူလဲ"

ပခုံးကို ကိုင်ပြီး ခပ်ကြမ်းကြမ်း ဆောင့်မေးသည်။ သူမကလည်း အလာကြီးပင်။ သူကိုင်ထားသော လက်ကို ပုတ်ထုတ်ရင်း …

"ဘာဖြစ်နေတာလဲ၊ ဒီမှာ သူများက ဟင်းလာချက်ပေးတာကို"





"အေးလေ … မင်းဘယ်သူလဲလို့ မေးနေတာ"

"ကိုကို့ကို ချစ်တဲ့သူ"

"ဘာ …"

သူ အံ့သြရင်းက လက်တွေပါ ပြုတ်ကျကုန်သည်။ သူမကတော့ မေးလေးကိုပင် ဆတ်ခနဲပင်မော့တော့ သူ့မျက်နှာနှင့် ထိလုနီးပါး။ သူမ အသက်ရှူငွေ့ကတောင် သူ့မျက်နှာပေါ် ရိုက်ခတ်သွားသေး။ သူ့ရင်ဟာ အတိုင်းအဆမဲ့ အခုန်ကြမ်းသွားသည်။ သူမလေးကတော့ သိဟန်မတူ။

"ဟုတ်တယ်လေ … ကိုကို့ကို ချစ်တဲ့သူ"

"ကျစ် … မင်း ဘယ်ကလာတာလဲ"

"မိုးပေါ်က"

"ဟင် … သွားပြီ၊ ငါတော့ ဂေါက်သီးနဲ့ လာတွေ့နေပြီ"

"အမယ် … ကိုကိုကလည်း၊ ဒီနေ့ သူများက ဂေါက်သီးမချက်ဘူး၊ ဖရုံသီးချက်မှာ"

"ဟမ်"

"ဟုတ်တယ် … ဒီနေ့ ဖရုံသီးကို ချက်မယ်၊ ပြီးရင်



www.burmeseclassic.com

www.burmeseclassic.com



ငါးကြော်မယ်၊ ကိုကို ဒီနေ့ ထမင်းငါးပန်းကန် ကုန်စေရမယ် ... ဟီဟိ''

ပြောပြီး ရယ်နေသော အရှုံးမကိုကြည့်ကာ သူ ဘာလုပ်ရမှန်းမသိတော့။

''ဟား ... သွားပြီ''

သူက စိတ်ပျက်လက်ပျက်နဲ့ ပြောပြီး မီးချောင်းခလုတ်ဖွင့်လိုက်သည်။ တစ်ခန်းလုံး ဖွေးထိန်သွားမှ မျက်နှာကို အတင်းဆုံးထားလိုက်ပြီး ...

''ဟဲ့ ... ကောင်မလေး''

''ဟုတ်ကဲ့ ကိုကို''

အမယ်လေး ... ခေါ်ပုံက ကြက်သီးထချင်စရာ။

''သွားစမ်း ... သွား ... ထွက်သွား၊ နင် မထွက်သွားရင် ငါ ရဲခေါ်ပြီး ဖမ်းခိုင်းမှာနော် ... သွား''

သူဟာ မိန်းကလေးဖြစ်မှန်းသိတော့ မထိရဲ မကိုင်ရဲတော့။ အဝေးကသာ ပါးစပ်သေနတ်ပစ်ရဲပါသည်။ သူမလေးက တောင် ဖြုံတောင် မဖြုံပေ။

''အမယ် ... ဘာဖြစ်လို့ သွားရမှာလဲ၊ ဒါ ... သူများ





အိမ်''

''ဟေ့ ... ငါပြောနေတယ်နော်၊ မသွားရင် ငါ ရဲခေါ်လိုက်မှာ''

''ခေါ်ပေါ့၊ သူများက ကိုကို့မိန်းမလို့ ပြောလိုက်မှာ''

''ဟမ်''

သူ နောက်တစ်ကြိမ် အကျပ်ရိုက်သွားရသည်။ အတင်းအကျပ်လည်း ထပ်မပြောရဲတော့။ သူမဟာ စိတ်မနှံ့သူ၊ မတော်ပေါက်တတ်ကရတွေအော်မှ သူပဲ အရှက်ကွဲဦးမည်။ မောင်ကောင်းတို့ပဲ နှိုးလိုက်ရကောင်းမလား။ အတွေးနဲ့အတူ သူ့ခေါင်းထဲ လက်ခနဲ ဖြစ်သွား၏။ မောင်ကောင်းနဲ့ မသီ၊ မှုပျက်နေတာတွေ၊ ဒင်းတို့အိမ်ထဲ သူဝင်မှာစိုး၍ အသည်းအသန်တားထားတာတွေ၊ သူ အခုမှ ရေလည်စွာ သဘောပေါက်တော့သည်။ သူ သဘောပေါက်တာ မြန်သလို သူ့စိတ်ထဲ သိချင်တာတွေကလည်း မြန်ဆန်စွာ နှုတ်ဖျားမှ ခုန်ထွက်သွား၏။

''ဟဲ့ ... ပြောစမ်း ... နင် ဘယ်မှာနေလဲ''

''ဟိုးအနောက်က တဲလေးမှာ၊ အိမ်ကလည်း မကောင်းဘူး ကိုကိုရယ်၊ အခု ကိုကိုက လက်ခံပြီဆိုရင် သူများ ဒီမှာပဲ



www.burmeseclassic.com

www.burmeseclassic.com



လာနေတော့မယ်''

''အမယ်လေး ... ဘာတွေလာပြောနေတာလဲ၊ နင့်ကို ဘယ်သူက လက်ခံလို့လဲ''

''အခု ... ကိုကိုက လက်ခံနေပြီလေ''

''ဘယ်မှာလက်ခံလို့လဲ၊ နင်က တစ်မှောင့် ... အရူးမ ရယ်''

''ဟုတ်တယ်လေ၊ ကိုကို့ကိုချစ်တဲ့ အချစ်တွေနဲ့ ရူးနေတာ''

''အေး ... ကောင်းရောပဲ''

''ကောင်းပါတယ် ကိုကိုရဲ့၊ ဒါပေမဲ့ ... အဲဒီမုတ်ဆိတ်ကြီးတွေ တိုစိစိက မကောင်းဘူး ... ယားမှာ ... ဟီး .. ဟီး''

''အေး ... ငါသတ်ချင်တယ်၊ ဟိုနှစ်ယောက်ကိုပဲ ငါ သတ်ချင်တယ်၊ ချေးထုပ်ကို အိမ်ပေါ်ခေါ်တင်ထားတာ၊ တွေ့မယ်၊ ဟဲ့''

''ရှင် ... ကိုကို''

မျက်လုံး ပေကလပ် ပေကလပ်နှင့် ထူးပုံက ပိတ်ထုချင်စရာ။ ကိုကိုလို့ တစ်ခါအခေါ်ခံရတိုင်းလည်း သူ့မှာ ကျောချမ်း





သွားရတာ သူသာ အသိဆုံး။

''နင်လာခဲ့ ... ဟိုနှစ်ယောက်ဆီ သွားမယ်''

''ကိုကို့ဘာသာသွား၊ သူများ ဒီမှာဟင်းချက်ရဦးမှာ''

''ဟာ ... မရှည်နဲ့၊ လာဆိုလာခဲ့''

သူ စိတ်မရှည်တော့။ အရူးမလက်ကောက်ဝတ်ကို ဆောင့်ဆွဲ။ တစ်ဖက်က ဓာတ်မီးကိုင်ပြီး မောင်ကောင်းတို့အိမ်ရှိရာ ခြေလှမ်းကျဲကြီးများနှင့် လှမ်းမိသည်။ ဒါတောင် တစ်လမ်းလုံး အရူးမက ပါးစပ်မပိတ်နိုင်။

''ကိုကိုကလေ သူများကိုဆို သိပ်အနိုင်ကျင့်တာပဲ၊ ဒါပေမဲ့လည်း သူများက အချစ်မလျော့ပါဘူး၊ ဆက်၍ ချစ်ဆဲ ချစ်မြဲပါ ကိုကိုရဲ့၊ အဲဒါကြောင့် ... ကိုကို့အတွက် အပင်ပန်းတွေခံပြီး သူများက ထမင်းဟင်းတွေ ချက်ကျွေးနေတာပေါ့၊ ကိုကို စားကောင်းတာ တွေ့ရတော့ သူများ အပင်ပန်းခံရကျိုး နပ်ပါတယ်''

''ကျစ် ... ပါးစပ်ပိတ်ထားစမ်း ... နားငြီးတယ်''

လို့ သူက လှည့်အော်တော့ ...

''ဟုတ်ကဲ့ ကိုကို''



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး ပါးစပ်ပိတ်သွားသား။ သူက မောင်ကောင်းတို့အိမ်ရှေ့မှာ ရပ်ပြီး ...

"မောင်ကောင်း ... မသီ"

ဟု ခပ်ကျယ်ကျယ်အော်ခေါ်တော့ ...

"ရှူး ... တိုးတိုးလုပ်ပါ ကိုကိုရယ်၊ ဘေးအိမ်တွေကြားရင် ရှက်စရာကြီး"

အရှူးမက တစ်မူးပိုရူးတာပါ။ သူက စိတ်မရှည်နိုင်တော့ဘဲ ...

"နင့်ပါးစပ်ကို ပိတ်ထားလို့ ငါပြောနေတယ်နော်၊ မောင်ကောင်း ... မသီ ... အိပ်နေရင်းနဲ့ သေကုန်ပြီလားဟ"

"ရှင် ... အစ်ကိုလေး"

"ဗျာ ... လာပြီ အစ်ကိုလေး"

ထူးသံတွေက ရှေ့ဆင့် နောက်ဆင့်။ ပြီးတော့ ပုဆိုးစွန်တောင်ဆွဲပြီး မောင်ကောင်း အရင်ဆင်းလာသည်။ သူ့နောက်မှာ ဆံပင်စုတ်ဖွားနဲ့ မသီ။

"အစ်ကိုလေး ... ဘာဖြစ်လို့လဲ"

"ဝါး ... မိုးတောင်မလင်းသေးဘူး အစ်ကိုလေးရယ်၊





အိပ်ကောင်းတုန်းကို"

"ဩော် ... ခင်ဗျားတို့လင်မယားကတော့ အိပ်ကောင်းတယ်၊ ကျုပ်အိမ်ပေါ်ကို ချေးထုပ်တစ်ထုပ်တော့ ပစ်တင်ထားတယ်"

"ပေါက်ပေါက်ရှာရှာ အစ်ကိုလေးရယ် ... မဟုတ်တာ၊ ကျွန်တော်တို့ အိမ်သာပဲ သွားကြတာ"

"ဟုတ်ပါ့တော်၊ စောစောစီးစီး အညစ်အပတ်တွေ လာပြောနေတယ်"

"ဩော် ... ဟော် ... ကျုပ်ကပဲ လူအညစ်အပတ်ကြီးပေါ့၊ ကဲ ... ဒါဆို သိပ်သန့်စင်တဲ့လင်မယားတွေ၊ ဒါက ဘာလဲ ကြည့်ကြပါဦး"

လို့ သူက ခပ်ငေါ့ငေါ့ဆိုကာ သူ့အနောက်၌ ကွယ့်ရပ်နေသော အရူးမအား ဆွဲထုတ်ပြလိုက်သည်။

"အယ် ... သရက်သီး"

"ဟင် ... ညည်း ဘယ်လိုလုပ်ပြီး သူ့ဆီ ရောက်သွားတာလဲ၊ မသီ ..."

"ဘာတုံးတော်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့အိပ်နေတာ မဟုတ်ဘူးလား"

"အိပ်နေတာပဲ၊ ဘယ်အချိန်ထွက်သွားလည်းမှ မသိတာ၊ တော်ရော မသိဘူးလား ... အပေါက်ဝ ပိတ်အိပ်ပြီးတော့"

"ဩော် .... အတူအိပ်တဲ့ မင်းတောင်မသိတာ"

"တော်ကိုက ပေါ့တာပါတော်"

"တိတ်ကြစမ်း"

သူ ဖြတ်အော်မှ လင်မယားနှစ်ယောက်စလုံး မျက်နှာငယ်လေးတွေနဲ့ အသံတိတ်သွား၏။

"ကဲ ... ငါ့ကို ရှင်းစမ်းပါဦး ... သူက ဘယ်က ဘယ်လိုဖြစ်ပြီး ရောက်နေတာလဲ"

"ဟို ... မသီတို့ခေါ်ထားတာ မဟုတ်ဘူးအစ်ကိုလေး၊ ညတစ်ညတုန်းက သူ့ဘာသာရောက်လာတာ၊ လူကလည်း ပူခြစ်ပြီး သတိလစ်ကာ လဲနေတာမို့ သနားတာနဲ့ ခဏခေါ်ထားမိတာပါ အစ်ကိုလေး၊ သူနေကောင်းတာနဲ့ မသီတို့လည်း သူ့ကို ပြန်သွားခိုင်းပါတယ်"

"ဟုတ် ... ဟုတ်ပါတယ် အစ်ကိုလေး၊ ကျွန်တော်တို့



BURMESE CLASSIC .com



သူ့ကို ခဏခဏ နှင်ထုတ်ပါတယ်၊ ဒါပေမဲ့ သူက မပြန်ဘူး"

"အင်း ... ပြီးတော့ ပြောသေးတယ်"

"မဟုတ်တာတွေ ..."

သူက အသံပြာပြာနှင့် ကြုံးအော်သလို သူ့နောက်ပါးမှ အရူးမကလည်း ...

"ကို ... ကို"

ဟု ထအော်သည်။ ပြီးတော့ မျက်စောင်းတွေထိုး၊ နှုတ်ခမ်းတထော်ထော်ဖြင့် ...

"ဟွန်း ... အခုတော့ ကိုကိုက သူများကို ပစ်ထားချင်ပြီပေါ့၊ ကျောရရုံတော့ မကြံနဲ့ တော်ရေ၊ အခု သူများမှာလေ ... သူများမှာ ... ဟီဟိ ... ဝန်ကိုယ်ရှိနေပြီ"

"ဟမ် ... ဘာ ... ဘာ"

"ဝန်ကိုယ်ဆိုတာ ကိုယ်ဝန်၊ အဲဒါတော့ ကိုကို တာဝန်ယူရမယ်နော်"

"ဟာ ... အဓိပ္ပာယ်မရှိတာ၊ ငါ ဖြတ်ရိုက်လိုက်မှာနော်၊ နှင့်ပါးစပ်ကို ပိတ်ထားစမ်း"

"ဟုတ်ကဲ့ ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ဆိုပြန်သည်။ သူ့မှာသာ စိတ်မောလူမော ဖြစ်ရကာ ဟူးခနဲ သက်ပြင်းမောကြီးတစ်ချက် မှုတ်ထုတ်လိုက်ပြီး

"ကဲ ... မောင်ကောင်း ... ဒါကြီးကို ဘယ်လိုလုပ်မလဲ"

"ကျွန်တော်လည်း စဉ်းစားနေတာ အစ်ကိုလေး၊ အခု အစ်ကိုလေးပစ္စည်း မဟုတ်တာတော့ သေချာပါတယ်နော်"

"ဟော့ကောင် ..."

BURMESE CLASSIC .com

သူက အော်ရင်း လက်သီးနဲ့ပါ တစ်ခါတည်းရွယ်ထားမှ မောင်ကောင်းသည် လေသံပြောင်းသွားပြီး ...

"မဟုတ်ရင်လည်း ပြီးတာပါပဲ အစ်ကိုလေးရယ်"

"ပြီးတာပဲ လုပ်မနေနဲ့၊ ဒါကြီးကို ပ,ထုတ်ဖို့ စဉ်းစား"

"မသိ ... မင်းလည်းစဉ်းစား၊ မင်းတို့မိန်းမတွေက ဒါမျိုးဆို ဉာဏ်ပို့ရှင်တယ်"

"တော်စမ်းပါ ... တာဝန်ဆို ကျုပ်ခေါင်းပေါ်ပဲ ပုံချဖို့ မစဉ်းစားနဲ့"

"ကဲ ... ကဲ ... ရန်မဖြစ်ကြပါနဲ့တော့၊ ငါပဲ ကြားထဲက တောင်းပန်ပါတယ်၊ ဒါကြီးကို မိုးမလင်းခင် ထွက်အောင်သာ





ကြံစည်ကြစမ်းပါ"

သူကပြောတော့ အရှုးမသည် သူ့အား ခါးနောက်မှ သိမ်းဖက်ထားရင်း ...

"ဟင့်အင်းနော် ... သူများက ကိုကိုနဲ့ပဲ အတူတူနေမှာ၊ တခြား ဘယ်ကိုမှမသွားဘူး"

ဟု ဆိုလေသည်။ သူက ဒီအတိုင်း အကြမ်းနည်းသုံးမရတာနဲ့ပဲ ...

"အေးပါ ... ငါနဲ့ပဲ အတူနေ၊ အခုတော့ ငါဖိုက်ဆာပြီ မိုးလင်းတော့မယ်၊ ထမင်းဟင်းတွေ သွားချက်တော့ .. သွား"

"ဟုတ်ကဲ့ ကိုကို"

ဟူ၍ နာခံကာ သူ့အနားမှ ပြေးထွက်သွားလေပြီ၊ ဒါကို အစအဆုံး လိုက်ကြည့်နေသော မောင်ကောင်းက အလွန်တရာ နောင်တရသော လေသံဖြင့် ...

"ဖွန်း ... အိမ်က မသိနဲ့များ ကွာပဲ့၊ ဟိုက အရှူး ပေမယ့် တစ်ခွန်းဆို တစ်ခွန်းပဲ"

ဟု ဆိုသေး။ မသီကလည်း မခံ။

"တစ်ခွန်းပဲပေါ့၊ အရှူးမက အစ်ကိုလေးကို ကြိုက်နေ



www.burmeseclassic.com

www.burmeseclassic.com



တာကိုး၊ ကျုပ်က တော့်ကို ကြိုက်မှမကြိုက်တာ"

တဲ့လေ။ ကောင်းကြပါလေရော။ သူ့မှာ စိတ်ညစ်၍ အကြံထုတ်မရသည့်အထဲ အဲဒီနှစ်ယောက်ရဲ့ နားပူနားဆာကို မခံနိုင်တာနဲ့ဘဲ ...

"ကဲ ... ပါးစပ်ပိတ်ပြီး စဉ်းစားကြပါ"

"ဟုတ်ကဲ့ ... အစ်ကိုလေး"

ပြောပြီး သူတို့ အိမ်ထဲပြန်ဝင်ရန် ဟန်ပြင်နေသော ဒီလင်မယားကြောင့် ...

"မင်းတို့ ဘယ်သွားကြမှာလဲ"

BURMESE CLASSIC .com

"အိမ်ထဲမှာ သွားစဉ်းစားမလို့"

"ငါ့အိမ်လိုက်ပြီး စဉ်းစား"

သူက တစ်ချက်လွှတ်အမိန့်နဲ့ ခေါ်လာတော့ နှစ်ယောက်သား သူ့အနောက်မှာ ခပ်ကုပ်ကုပ်ပါလာ၏။ အရှုးမနဲ့သူ တစ်အိမ်တည်းမှာ နှစ်ကိုယ်တူ မနေနိုင်တာကတော့ သူ့ရဲ့ အားနည်းချက်ပင် ဖြစ်ပါလိမ့်မည်။

*

---------------------॥

"ကိုကိုက မုန့်ဟင်းခါးကြိုက်တယ် မဟုတ်လား"

သူက လှည့်မကြည့်စတမ်း ခေါင်းညိတ်ပြသည်။ လူတွေက အိပ်ရေးပျက်ထားသဖြင့် ငေါင်စင်းစင်း။ ဒီကြားထဲ အခုထိ အရှုးမကို ပထုတ်ရန် နည်းလမ်းရှာမရသေး၍ စိတ်ဓာတ်တွေ ကျချင်နေသည်။ မိုးလင်းလာပြီ။ ခေါင်းထဲက အကြံဉာဏ်တွေက မှောင်မိုက်တုန်း။

အရှုးမကတော့ သူတို့ငြိမ်နေလေ သူမက ပိုတက်ကြွလေပါ။ တစ်မနက်လုံး ချက်ပြုတ်ပြီးတော့ အခု စားစရာ အကြောင်း လာမေးနေပြန်ပါသည်။

"ကိုကောင်း"

"ဗျာ"

အရှုးမခေါ်သံကြောင့် မောင်ကောင်းက ရှုတ်တရက်



www.burmeseclassic.com

www.burmeseclassic.com



လန့်သွားဟန်တူသည်။ ပြီးမှ ပေစောင်းစောင်းနဲ့ လှည့်ကြည့်ကာ ...

"တိတ်တိတ်နေစမ်းပါ သရက်သီးရယ်၊ ငါ ဒီမှာ စိတ်ညစ်နေတယ်"

"တိတ်တိတ်နေရအောင် သူများက အ,အမမှ မဟုတ်တာ၊ ဒီမှာ ကိုကို ဗိုက်ဆာနေပြီ၊ မုန့်ဟင်းခါးသွားဝယ် ... သွား"

"နင်သွားဝယ်ပါလား"

မသီက ဝင်ပြောသည်။ ဒီတော့မှ သူ့ဦးနှောက်က မီးတွေ လင်းပွင့်လာ၏။

"ဟုတ်သားပဲ သရက်သီးရယ် ... နင် သွားပါလား။ နင်ဝယ်ကျွေးတဲ့ဟာဆို ပိုပြီးစားကောင်းမှာ"

"တကယ် ... တကယ်လားဟင် ကိုကို"

အရှုံးမက မျက်လုံးတွေ အရောင်လက်လာတဲ့အထိ တက်ကြွစွာ မေးသည်။ သူက ခပ်သွက်သွက် ခေါင်းညိတ်ပြပြီး ...

"တကယ်ပေါ့ဟ"





"အဲဒါဆိုပြီးရော၊ သူများ သွားဝယ်မယ်၊ ပေး ... ပိုက်ဆံ"

သူက အိတ်ထဲ၌ အလွယ်တကူရှိသော တစ်ထောင်တန် တစ်ရွက် ထုတ်ပေးလိုက်သည်။ သူမက ဖျတ်ခနဲထရပ်တော့ သူ့ရင်ထဲ၌ ဝမ်းသာစိတ်က လှိုက်ခနဲ။ အင်း ...သူ့စရိတ်နဲ့သူ သွားတာ အေးပါသည်ဟူသော အတွေးမဆုံးခင်မှာပင် အရှုံးမက သူ့ဘေးနား ပြန်ထိုင်ချလိုက်ပြီး ...

"သူများမှ လမ်းမသိတာ ကိုကိုကလည်း"

"ငါ လမ်းညွှန်မယ်လေ"

"ကိုကိုပါ လိုက်ခဲ့"

"အာ ... ငါလိုက်လို့မဖြစ်ဘူး"

"ဘာဖြစ်လို့လဲ"

တော်တော်လျှာရှည်တဲ့ အရှုံးမ။ သူက စိတ်ထဲမှ အသံတိတ် ဆဲရေးရင်းက ချော့မော့ပြောရန် စကားလုံးရွေးချယ်နေစဉ်မှာပင် နားထဲတိုးဝင်လာတာက စူးစူးရှရှကားဟွန်းသံ။

'တီ ... တီ ... တီ'

ဟူသော အသံကြောင့် အရှုံးမက ဖျတ်ဆို သူ့နား



www.burmeseclassic.com

www.burmeseclassic.com



တိုးကပ်ထိုင်သည်။

"မောင်ကောင်း … သွားကြည့်စမ်း၊ စောစောစီးစီး … ဘယ်သူလဲ"

"မပြောတတ်ဘူး အစ်ကိုလေး၊ ကျွန်တော် သွားဖွင့်ပေးလိုက်မယ်"

မောင်ကောင်းက ခပ်သုတ်သုတ် ထသွား၏။ အရှုံးမက သူ့နောက်ပါး တွယ်ကပ်နေတုန်း။ မကြာပါ။ ခြံထဲသို့ ငွေမှင်ရောင် လင့်ခရူဇာကားကြီးတစ်စင်း တရကြမ်း တိုးဝင်လာ၏။ သူ့အိမ်ရှေ့ရောက်မှ တီခနဲ ထိုးရပ်၏။ ကားတံခါးလေးဖက်စလုံး ပြိုင်တူလို ပွင့်လာသည်။

"ဟင့်အင်းနော် ကိုကို … သူများ ပြန်မလိုက်ဘူးနော်၊ ရှိကြီးခိုးပါရဲ့ ကိုကိုရယ်၊ သူများကို ပြန်မထည့်ပါနဲ့၊ သူများ ကိုကိုနဲ့ပဲ အတူတူနေချင်တယ်"

ရုတ်ခြည်း သူ့ကို တွယ်ဖက်ကာ အကြောက်အကန်ငြင်းသော သရက်သီးကြောင့် သူက တအံ့တသြ။

"ညီမလေး … မမလေ … မမပါ ညီမလေးရဲ့"

ခေါ်သံက သူနှင့် သိပ်ရင်းနှီးလှသည်။ ကျော်ပီယ





သည် အရှုံးမထံရောက်နေသော အကြည့်တို့အား အသံပိုင်ရှင်ဆီ လွှဲလိုက်သောအခါ …

"ဟင် …"

သူ့ရင်သည် ဒိန်းခနဲ။ ထိတ်လန့်သော မျက်ဝန်းဝိုင်းဝိုင်းတစ်စုံကြောင့် သူ့သွေးတွေ ဆူပွက်လာခဲ့၏။ ဒီမိန်းမ …။ သူ့ဘဝတစ်သက်တာ၌ မေ့နိုင်ဖွယ်မရှိသော မိန်းမ။ သူ့ရင်ဘတ်ဟာ နာကြည်းခြင်း၊ ခံပြင်းခြင်းတို့ကြောင့် အဆမတန် ခုန်လှုပ်လာ၏။ သူ ထိုင်နေရာမှ ဖြည်းဖြည်းချင်း ထရပ်သည်။ လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုတ်ထား၏။ မေးကြောကြီးတွေက အံကြိတ်ထားသဖြင့် ထင်းနေအောင် ပေါ်နေသည်။

"ဝိ … ယ"

မပီမသ၊ ခပ်တိုးတိုးထွက်လာသော အသံ။ သူက တဟားဟား ထရယ်ပစ်လိုက်၏။ မသီရော၊ နောက်က ရောက်လာသော မောင်ကောင်းတို့ရောက သူတို့အစ်ကိုလေးရဲ့ ပြောင်းလဲမှုကို အံ့မခန်းဖြစ်စွာ လိုက်ငေးနေသည်။

"ခင်ဗျားက မှတ်မိသေးတာပဲကိုး"

"တို့ တစ်ရက်မှ မေ့လို့မရခဲ့ပါဘူး၊ ဒါ မှန်သောစကား



www.burmeseclassic.com

www.burmeseclassic.com



ပါ ... ပီယ''

''တော်စမ်းပါဗျာ''

သူဟာ ပြောရင်းက ပါးစပ်ထဲသို့ ရင်ဘတ်ထဲက အမုန်းတွေ ပျို့တက်လာသလို ခါးသက်လာရ၏။

''တို့ ... ခင်ဗျား မာယာတွေ တစ်လှေကြီးနဲ့လာပြီး ကျုပ်ကို နှစ်သတ်ခဲ့တာလေ၊ အခု ... ကျုပ်မှာ ဘာမှမရှိတော့ဘူး၊ ကျုပ်ရဲ့ အနာဂတ်တွေ, ကျုပ် ပဋိညာဉ်တွေ, ကျုပ် ရည်ရွယ်ချက်တွေ ... အို ... အကုန်ပါပဲ၊ ခင်ဗျား ဖျက်ဆီးခဲ့တာ''

''တို့ မတတ်သာလို့ပါ ပီယရယ်၊ တို့ တမင်လုပ်ခဲ့တာ မဟုတ်ပါဘူး''

သမုဒယသည် ပြောရင်းက မျက်ရည်တွေ ဝိုင်းလာခဲ့၏။ အသံတွေ တုန်ယင်နေခဲ့သည်။ ဒါဟာ ... မာယာမပါသော တကယ့်အစစ်အမှန် ခံစားချက်တွေဆိုတာ သူမ ကျိန်ရဲပါသည်။

''ခင်ဗျား တမင်ပဲဖြစ်ဖြစ်၊ မတော်တဆပဲဖြစ်ဖြစ် ကျုပ်ကတော့ သွားပြီ၊ ကျော်ပီယဆိုတဲ့ကောင်က မြောင်းထဲ ရောက်သွားပြီ ဒေါ်သမုဒယရဲ့''





''တို့မှာလည်း တကယ်အခက်အခဲရှိလို့ပါ၊ အဲဒီအချိန်မှာ တို့အပြစ်တွေခံယူဖို့ အဆင်သင့်မဖြစ်သေးလို့ပါ ပီယရယ်''

''ကျုပ်ကတော့ ခင်ဗျားအတွက် အဆင်သင့်မဖြစ်လို့ စတေးရတာလေ၊ ကျုပ်ကို ခင်ဗျား ဘာနဲ့ပြန်လျော်မလဲ''

သူက အေးစက်စက် မေးလေသည်။ အို ... သူ့အကြည့်တွေ၊ သူ့အပြောတွေ၊ သူ့ဟန်ပန်တွေဟာ အရင် ကျော်ပီယနဲ့ လုံးလုံးမတူတော့။ အေးစက်သော၊ စိမ်းကားသော၊ ရက်စက်သော အငွေ့အသက်တွေ အများကြီးပျော်ဝင်နေလေပြီ။

''တို့မှာ အခု အားလုံးပြည့်စုံနေပါပြီ၊ ငွေကြေးအရလား ဒါမှမဟုတ် တို့ဘဝတစ်ခုလုံး ပြန်ပေးဆပ်ရမလား ... ပြောပါ ... ပြောပါ ပီယ''

''ဟား .. ဟား .. ဟား .. တော်တော်ကောင်းတဲ့ ပြက်လုံးပဲ၊ ကျုပ် ခင်ဗျားပြောတာတွေ တစ်ခုမှ လိုချင်စိတ် မရှိတာ ဆောရီးပါပဲ၊ ကျုပ် ပြန်လိုချင်တာက ကုန်ဆုံးသွားတဲ့ အချိန်တွေ''

''ကုန်သွားတဲ့အချိန်တွေ''

သမုဒယက သံယောင်လိုက်သည်။ ပီယသည် ယခု



www.burmeseclassic.com

www.burmeseclassic.com



ထက်တိုင် လှပဆဲ၊ ပျိုမြစ်ဆဲ၊ ပြီးတော့ … ညို့စာတ်များစွာ ကိန်းဝပ်နေဆဲ သူမအား လှည့်ပတ်ကြည့်ရင်းက …

"သိပ်ခက်ခဲသွားလား ဒေါ်သမုဒယ"

"တို့ … မင်းပြောတဲ့စကားကို နားမလည်ဘူး ဝီယ"

"ခင်ဗျား နားမလည်တာ မဟုတ်ပါဘူး။ မသိချင်ယောင်ဆောင်နေတာပါ၊ လူတစ်ယောက်လုံးရဲ့ဘဝကို လက်ဝါးထဲထည့်ပြီး သွန်လိုသွန်၊ မှောက်လိုမှောက်လုပ်ခဲ့တဲ့ ခင်ဗျားက ဒါတွေ နားမလည်တော့လည်း၊ ကဲ … ရှိစေတော့၊ ခင်ဗျား နားလည်အောင် ခပ်ရှင်းရှင်းပဲ ပြောမယ်၊ ကျုပ် ခံစားရတာနဲ့ ထပ်တူညီတဲ့ တမြည့်မြည့်လောင်ကျွမ်းမှု"

သူက သမုဒယနောက်နား၌ ရပ်သည်။ ပြီးတော့ သူမ ပခုံးပေါ်မှကျော်ကာ အရှုံးမထဲ လက်ညှိုးညွှန်ပြလိုက်ပြီး …

"သူက ခင်ဗျားရဲ့ ညီမအရင်းလား"

"ဝီ … ယ"

သမုဒယခေါ်သံက စိတ်လှုပ်ရှားမှုကြောင့် တိုးတိတ်တုန်ယင်စွာ။

ဒါကိုပဲ သူက သဘောကျစွာ ရယ်မောရင်း …





"ဒိုး … ဟိုး … ကြောက်သွားတာများ နဂိုက သမုဒယ မဟုတ်တဲ့အတိုင်းပါပဲလား"

"တို့ပြောမယ် ဝီယ … တို့နဲ့သက်ဆိုင်တဲ့ကိစ္စကို တို့နဲ့ပဲ ရှင်းပါ၊ မဆိုင်တဲ့လူတွေ ဆွဲမထည့်စေချင်ဘူး"

"ခင်ဗျားရဲ့ကိစ္စတွေက ကျွန်တော်နဲ့မဆိုင်ဘဲ ဆွဲထည့်သွားခဲ့တာ မဟုတ်ဘူးလား"

"ပြီးတာတွေ ပြီးပါစေတော့ ဝီယ၊ ယောကလေး … လာ … မမနဲ့ အိမ်ပြန်မယ်"

"ဟင့်အင်း … မလိုက်ဘူး။ ကိုကို … သူများ မလိုက်ဘူးနော်"

"ယောကလေး"

သမုဒယက ပြောရင်း အိမ်ပေါ်ပြေးတက်ဟန်ပြင်၏။ သူမရှေ့ အရင်ရောက်သူက ကျော်ဝီယ။ သူက ရင်ဖွင့်ကာ ယောကလေးအား ဆီးကြိုဖက်ပွေ့လိုက်သည်။ ထိုမြင်ကွင်းကို မြင်ရသော သူမက အသားတွေ ဆတ်ဆတ်တုန်ကာ …

"ဟဲ့ … ဘာလုပ်နေတာလဲ၊ ယောကလေးကို ဗိုင်း ဆွဲကြစမ်း"



www.burmeseclassic.com

www.burmeseclassic.com



လို့ အမိန့်ပေးတာနှင့် သူမ နောက်တော်ပါတွေက တက်ဆွဲရန် ခြေလှမ်းပြင်ကြသည်။ သို့ပေမယ့် ...

"ဒါ ... ကျုပ်ပိုင်နက်နော်၊ ရှေ့ကို ခြေတစ်လှမ်း တိုးကြည့်စမ်း၊ ခင်ဗျားတို့ ဘာဖြစ်သွားမယ်ထင်လဲ၊ ဒေါ်သမုဒယ ... ကျုပ်က အရင်က ကျော်ပီယ မဟုတ်တော့ဘူးနော်၊ ရင်ဆိုင်ချင်ရင်လည်း လာခဲ့၊ ကျုပ်က ရယ်ဒီပဲ"

"ငါ့ညီမကို ပြန်ခေါ်သွားမယ်"

"အသံက နာလိုခံခက်ကြီးနဲ့ပါလား၊ ယောကလေးတဲ့၊ အင်း ... သိပ်ချစ်စရာကောင်းတဲ့ နာမည်လေးပဲ"

သူက အရှုံးမရဲ့ သေးကျဉ်တဲ့ခါးလေးကို လက်တစ်ဖက်ဖြင့် သိမ်းပွေ့ထားပြီး ကျန်တစ်ဖက်က သူမ့မေးဖျားလေးကို ခပ်ပင့်ပင့် ဆွဲမော့စေကာ ...

"ယောကလေး"

"ကိုကို ... သူများ သူတို့နဲ့ ပြန်မလိုက်ဘူးနော်၊ ကိုကိုနဲ့ပဲ နေမယ်"

"ကိုကိုနဲ့ လက်ထပ်မလား"

"ကျော် ... ပီ ... ယ"





သမုဒယအသံက ကျားဟိန်းသံပမာ။

"ညီမလေးက ပုံမှန်စိတ်အခြေအနေမဟုတ်ဘူး၊ ဒါကို အခွင့်ကောင်းမယူပါနဲ့၊ မင်း ယောက်ျားကောင်းဆန်ရင်ပေါ့"

"ကျုပ်က ထောင်ထွက်လေ၊ ဘယ်တော့မှ ယောက်ျားကောင်းဖြစ်မှာမဟုတ်ဘူး၊ ယောကလေး ... ကိုကိုနဲ့ လက်ထပ်မလားဟင်"

"အတူတူနေရမှာလား ကိုကို"

ယောကလေးက ဘာမှမသိရှာ။ အဲဒီယောက်ျားရဲ့ မျက်နှာကိုပဲ တစိုက်မတ်မတ်ကြည့်ရင်းမေးတော့ သူမ အလူးအလဲ ခံစားရ၏။

"ဒါပေါ့ ... အတူနေရမယ်၊ အတူအိပ်ရမယ်၊ ပြီးတော့ ... ကိုကိုနဲ့တူတဲ့ သားလေး၊သမီးလေးတွေ မွေးပေးရမယ်၊ လက်ထပ်မလားဟင်"

သူ့အသံဟာ ကလေးတစ်ယောက်အား ချော့မြှူသလို နွဲ့ညံ့လို့ ...

"ဟုတ်ကဲ့ ... လက်ထပ်မယ် ကိုကို"

"ကိုင်း ... ဒေါ်သမုဒယ ... ပွဲပြီးသွားပြီ၊ ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



ပြန်တော့''

''မင်းကိုငါ အခုနေ တရားစွဲလို့ရတယ် ကျော်ပီယ''

''ဘာပုဒ်မနဲ့လဲ ... သွေးဆောင်ဖြားယောင်းမှုလား။ ရတယ် ... စွဲလိုက် ... ရင်ဆိုင်မယ်၊ ဒါပေမဲ့ ... တရားရုံးမှာ ခင်ဗျားညီမ,ပါးစပ်က ကျုပ်နဲ့ပဲ နေပါ့မယ်ဆိုရင်တော့ ...''

သူက ပခုံးနှစ်ဖက်ကို ဟန်ပါပါတွန့်ရင်း ...

''ကျုပ် ... မတတ်နိုင်ဘူး၊ စိတ်မနဲ့သူက လက်မထပ်ရ ဥပဒေမှ မရှိတာဘဲ ... နော် ... ဒေါ်သမုဒယ''

အရင်က ကျော်ပီယမဟုတ်သော သူ့အား သူမ နာကျင်စွာ ငေးမောနေမိသည်။ သမုဒယသာ နောက်ကြောင်းရှင်းသော မိန်းမတစ်ယောက်ဖြစ်ခဲ့လျှင် တရားရုံးတက်ရန် ဝန်လေးနေမည် မဟုတ်။ အခုတော့ သူမ၌ မပြီးပြတ်သေးသော အတိတ်က အရိပ်မည်းကြီးတွေ ရှိနေလေပြီ။ သူမက ဆတ်ခနဲ မျက်နှာကို တင်းရင်း ...

''ကောင်းပြီ ကျော်ပီယ၊ အခုတစ်ပွဲတော့ မင်းနိုင်တယ်ပဲ ထားပါ၊ ဒါပေမဲ့ ... သိပ်မကြာခင် အချိန်အတွင်း ငါ့ညီမကို ငါ ပြန်လာခေါ်မယ်''





''ကောင်းပါပြီ၊ အဲဒီအခါကျမှ ခင်ဗျားအတွက် တူလေး, တူမလေးတွေပါ လက်ဆောင်ထည့်ပေးလိုက်မယ် ... ဟုတ်ပြီလား''

ဆတ်ခနဲကျောခိုင်းတော့ ကျော်ပီယရယ်သံကြီးက.မုန်းစရာ ထွက်ပေါ်လာ၏။

သူမ,ရင်ထဲက ဒေါသကို တောက်တစ်ချက်ခေါက်ကာ ဖောက်ခွဲပစ်မိသည်။ သံယောဇဉ်မပြတ်နိုင်သော ညီမလေးအား တစ်ချက်ငဲ့စောင်းကြည့်တော့ ထိန်းမရတဲ့ မျက်ရည်တစ်စက်ကြွေ၏။

ခွင့်လွှတ်ပါ ယောကလေးရေ၊ မမ ဝဋ်လည်နေပြီ။ ဒါပေမဲ့ ... ယောကလေးက ကိုယ်စား ခံနေရတယ်။ မမ ပြန်လာခေါ်ပါ့မယ် ... သူ့ကိုနိုင်တဲ့ တစ်နေ့ပေါ့။

အခုလောလောဆယ်တော့ သူမ ရင်ကွဲနေပြီဖြစ်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း (၉)

"**အစ်**ကိုလေး လက်ထပ်လိုက်တာ အိပ်မက်လိုပဲနော် မသီ"

မောင်ကောင်းက အိမ်ပေါ်တက်သည့် သစ်သားလှေကားထစ်တွေပေါ်ထိုင်ရင်း ပြောသည်။

သူတို့နှစ်ယောက်အတွက်တော့ တကယ့်အိပ်မက်ပါပေ။

မနက်ကတင် သရက်သီးရဲ့အစ်မ ဆိုသူနှင့် အစ်ကိုလေး ပြဿနာတက်ကြသည်။ ဖော ... နေ့လယ်ရောက်တော့ သရက်သီးအား အစ်ကိုလေးက တရားရုံး၌ လက်ထပ်ပစ်လိုက်သည်။ သူတို့သိထားတာနဲ့ တလွဲကြီး။





သူတို့ဆို ရန်သူပဲဖြစ်ဖြစ်၊ ကိုယ်နဲ့မတည့်သူပဲဖြစ်ဖြစ် သူတို့ရဲ့ဆွေမျိုးမောင်နှမတွေနဲ့ ပတ်သက်ရန် မစဉ်းစားတော့ပေ။ အခုတော့ အစ်ကိုလေးက ဘာတွေလုပ်နေမှန်း မသိ။

"အေးလေ ... ကျုပ်စိတ်ထဲတော့' တစ်မျိုးကြီးပဲ"

"ဘာတစ်မျိုးကြီးလဲ"

"အစ်ကိုလေးကြည့်ရတာ သရက်သီးကို မချစ်သလိုဘဲတော့"

မသီက သရက်သီးကြားမှာစိုးသည့်အလား လေသံကိုနှိမ့်ပြီး ပြောသည်။

"သူ့နာမည် ပြောင်းခေါ်တော့လို့ အစ်ကိုလေးက ပြောထားတယ်လေ ... သံယောဇဉ်တဲ့"

"ပါးစပ်က အကျင့်မရသေးလို့ပါတော်၊ ကျုပ်ပါးစပ်ထဲ သရက်သီးပဲ စွဲနေတော့တာ"

"အေး ... စွဲတာ,မစွဲတာ အရေးမကြီးဘူး၊ အစ်ကိုလေးတို့က အရင်ကလို မဟုတ်တော့ဘူးနော်၊ စိတ်ခက်ထန်လာသလိုပဲ၊ အနေအထိုင်,အပြောအဆို ဆင်ခြင်ပါမှ"

"သိပါတယ်တော်၊ မနက်တုန်းက အဖြစ်ကိုပဲ ကြည့်ပါ



www.burmeseclassic.com

www.burmeseclassic.com



လား .. အစ်ကိုလေး ဒေါသထွက်နေတာများ ကြောက်စရာကြီး''

''သံယောဇဉ်ရဲ့အစ်မနဲ့ အစ်ကိုလေးတို့က အရင်က ပတ်သက်မှုရှိတယ်နဲ့ တူတယ်''

မောင်ကောင်းက ကောက်ချက်ချသလို ပြောရင်း ခြံပေါက်ဝဆီ တစ်ချက်မျှော်ငေးမိသည်။ အစ်ကိုလေးက မနက်ကတည်းက ... အင်း ... သံယောဇဉ်နဲ့ လက်မှတ်ထိုးပြီးကတည်းက ထွက်သွားတာများ အခုထိ ပေါ်မလာ။ နေပင်စောင်းတော့မည်။ သံယောဇဉ်ကတော့ တရားရုံးက ပြန်လာပြီးကတည်းက တစ်နေကုန် ချက်တာပြုတ်တာ မမောမပန်း။

အစ်ကိုလေး အိပ်ရာခင်းတွေ၊ စောင်တွေ အကုန်ဆွဲလွှဲပြီး လျှော်သည်။ တစ်အိမ်လုံး ဖိတ်ဖိတ်ထနေအောင် ပြင်ဆင်တိုက်ချွတ်ထားသည်။ သူမ ရောက်လာမှ အိမ်က အရောင်ထွက်သွားသလိုလို။ တစ်နေကုန် ချွေးတလုံးလုံးနဲ့ အလုပ်လုပ်နေသော သူမအား မသီက သနား၍ ကူလုပ်မယ်ဆိုတာတောင် ...

''နေပါစေ မသီရဲ့ ... ကိုယ့်အိမ်အလုပ်ပဲ၊ ကိုယ့်ဟာကိုယ် လုပ်ရမှာပေါ့''

တဲ့လေ။ အလုပ်အကုန်ပြီးတော့ ရေမိုးချိုး သနပ်ခါး





လိမ်းပြီး သူတို့နှစ်ယောက်အနား လာထိုင်သည်။ ပြီးတော့ မေးလေးထောက်ကာ ခြံဝဆီ မျှော်ငေးပြီး ...

''ကိုကိုကလည်း ကြာလိုက်တာနော်၊ မှောင်ပဲ မှောင်တော့မယ်''

''ပြန်လာတော့မှာပါ ယောကလေးရဲ့''

မသီက နှစ်သိမ့်ရပေမယ့် မခေါ်ဖူးသော နာမည်အသစ်အဆန်းမို့ လျှာဖျားမှာ ယားကျိကျိ။ ယောကလေးကတော့ ဒါကို သတိထားမိပုံမပေါ်။

''နဂိုကဆို သူများက ကိုကို့ကို ချောင်းပြီးကြည့်ရတာ''

''အမယ် ... ပေါ်ပြီဟော့၊ ဒါဆို ယောကလေးက တို့အစ်ကိုလေးကို စပြီးကြွေခဲ့တာပေါ့ ... ဟုတ်လား''

ဟု မသီက ရယ်ကာမောကာနှင့် မေးသည်။ ယောကလေးကတော့ မရှက်မရွံ့ပင် ခေါင်းညိတ်ပြပြီး ...

''ကိုကိုက အရပ်ကြီးက အမြင့်ကြီး၊ အသားက ညိုညိုနဲ့၊ ပြီးတော့ ...မုတ်ဆိတ်မွေး နှုတ်ခမ်းမွေးတိုစစနဲ့ သိပ်ကြည့်လို့ကောင်းတာ၊ သူများချက်ထားတဲ့ ထမင်းတွေ ဟင်းတွေကို အားပါးတရစားရင်လေ သူများက သိပ်ကျေနပ်တာ ...



www.burmeseclassic.com

www.burmeseclassic.com



သိလား''

ဟု အပြုံးကလေးဖြင့် နွဲ့နွဲ့လေး ပြောတတ်ပါသည်။

မောင်ကောင်းကတော့ အဲဒီကောင်မလေးကို ကြည့်ရင်း စတွေ့ကတည်းက အဆင့်အတန်း နိမ့်ပါးပါးထဲက မဟုတ်တာ အကဲခတ်မိပြီးသား။ ဆံပင်က ယောကျ်ားပုံစံလို ဖောင်းဖောင်း အထပ်ထပ်လေး။ ရယ်ရင်ပဲ လက်လက်ထသွားတဲ့ သွားထဲက စိန်တစ်ပွင့်မြုပ်ထားတာ တော်ရုံလူ မဟုတ်နိုင်။

သူတို့ခြံထဲ ညကြီးမင်းကြီးရောက်လာကတည်းက ဝတ်ထားတဲ့ အဝတ်အစားကိုကြည့်ပြီး အဆင့်အတန်း အမြင့်စားထဲကမှန်း သူ ရိပ်မိပါသည်။ အခုတော့ ဒီကောင်မလေးက အစ်ကိုလေးရဲ့ မိန်းမတဲ့။ ကံကြမ္မာရဲ့ မျက်လှည့်ပြပုံများ သူတို့ သြချယူရတဲ့အထိ အံ့မခန်း။

"အေးပါ ... ညည်းက ချက်ထားလိုက်၊ အစ်ကိုလေး မသိအောင် ငါတို့က ဖာထေးလိုက်နဲ့ အဲဒီတုန်းက တော်တော် ဒုက္ခရောက်ခဲ့တာ''

"အခု ... အဲဒီဒုက္ခတွေအတွက် သူများက လျော်ကြေး ပြန်ပေးမယ်လေ ကိုကောင်းရဲ့''





သူနှင့် မသီက ကလေးမလေးရဲ့ စကားကြောင့် တစ်ယောက်နဲ့တစ်ယောက် မျက်စပစ်ပြီး ကြည့်လိုက်ရင်း ...

"အေး ... ပြောပါဦး ဘယ်လိုလျော်ကြေးလဲဆိုတာ''

"ဩော် ... သူများ ဒီညနေ ပဲကုလားဟင်းကို ရှယ်ချက်ထားတယ်၊ ကိုကောင်းတို့အတွက်ပါ ပိုချက်ထားပါသတဲ့ ရှင်''

"ဟာ ... ပွတာပဲ၊ ကျုပ်က ပဲကုလားဟင်းဆို သိပ်ကြိုက်တာ ယောကလေးရဲ့''

မသီက အားရဝမ်းသာ ထပြော၏။

"ဒါပေမဲ့ ... အခုတော့ မရသေးဘူးနော်''

"ဟင် ... ဘာဖြစ်လို့လဲ''

"ကိုကိုပြန်လာတဲ့အထိ သူများကို စောင့်ပေးဦး၊ ဒီအိမ်မှာ သူများတစ်ယောက်တည်း မနေရဲဘူး''

"ဟင် ... နဂိုကတော့ ဟင်းတွေဝင်ချက်နေပြီးတော့''

"အဲဒီတုန်းက ကိုကိုရှိနေသေးတယ်လေ''

သူမက ပြောသောအခါ မသီတို့လင်မယားက သဘောတကျ ထရယ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က ကိုကိုသည် မျှော်သူများ၍လား မသိ ...။ တော်တော်နှင့် ပြန်ရောက်မလာ။ ရောက်လာသည့် အချိန်ကျတော့ မိုးစုပ်စုပ်ချုပ်၍နေပြီ။ ပြီးတော့ ကိုကို့ကိုယ်မှ ချဉ်စုပ်စုပ် အနံ့တစ်မျိုး ရသည်။

ကိုကောင်းကတော့ ကားပေါ်မှ ဒယိမ်းဒယိုင်ဆင်းလာသော ကိုကို့အား ပြေးတွဲရင်း ...

"နောက်ကျလိုက်တာ အစ်ကိုလေးရာ၊ ကျွန်တော်တို့က စိတ်ပူနေတာ"

"မလိုပါဘူးကွာ၊ ငါက အသက်ဆယ့်ရှစ်နှစ်ကတည်းက ကိုယ့်ဘဝကိုယ် ကျောင်းလာတဲ့ ကောင်ပါကွ၊ အေ့ ... ငါ့မိန်းမ အသစ်စက်စက်လေးရော"

"သူများရှိပါတယ် ကိုကို"

လို့ အသံသာပြုရသည် ...။ သူများဟာ အနားသို့ သွားမတွဲရဲတာ အမှန်ပါ။ မူးယစ်ရီဝေနေသည့် ကိုကို့အား ဘာရယ်ကြောင့်မှန်းမသိ။ စိတ်ထဲ ကြောက်အားပိုနေခဲ့မိပါသည်။ ကိုကိုကတော့ မရ။ သူမထံ ရဲရဲနီနေသော မျက်လုံးတွေနှင့် ဖျတ်ခနဲ လှမ်းကြည့်ရင်း ...





"လာတွဲလေ သံယောဇဉ်ရဲ့၊ ဘာတွေကြည့်နေတာလဲ၊ ငါက မင်းရဲ့ တရားဝင်ယောကျ်ားပါ"

"ဟုတ် ... ဟုတ်ကဲ့ ကိုကို"

ဟု အထစ်ထစ်အငေါ့ငေါ့နှင့် သူများက ဆိုကာ ကိုကောင်းနေရာမှ တစ်ဖက်ဝင်တွဲရသည်။ ကိုကို့ခန္ဓာကိုယ်ကြီးသည် သူမအပေါ် လေးလံအိတွဲစွာ ပိကျလာသည်။ သူများကယိုင်တော့ ကိုကောင်းက ဘေးမှ ကူညီဖေးမ ထိန်းပေး၏။

"မောင်ကောင်း"

ကိုကိုက အာလေးလျှာလေးအသံကြီးနှင့် ခေါ်သည်။

"ဗျာ ... အစ်ကိုလေး"

"မင်းတို့ပြန်တော့"

"အစ်ကိုလေး အဝတ်အစားတွေ ဘာတွေ လဲရဦးမယ် လေ"

"ငါ့မိန်းမ ရှိတယ် ... ဟုတ်တယ်မဟုတ်လား မိန်းမ ... အေ့ ... ဝေါ့"

စကားရဲ့ နောက်ဆက်တွဲအဖြစ် ကိုကိုက လေချဉ်တွေ ဘာတွေ တက်လို့ ...။



www.burmeseclassic.com

www.burmeseclassic.com



"ပြန်တော့"

ဟု ထပ်ပြောသော ကိုကို့အမိန့်စကားကို ဘယ်သူမှ မလွန်ဆန်နိုင်။ လင်မယားနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြေးတာများ တစ်ချိုးတည်း။ သူများ တစ်ယောက်တည်းကသာ ကိုကို့ကိုတွဲပြီး အိပ်ခန်းထဲအထိ ပို့ရသည်။ အိပ်ခန်းထဲရောက်တာနှင့် ကိုကို့အား ...

"အဝတ်အစားလဲရအောင် ကိုကို"

"ရတယ် ... ငါ့ဟာငါ လဲမယ်"

"မဟုတ်တာဘဲ ... ကိုကိုမှ မထနိုင်တာ"

"ဘာ ... ငါက မထနိုင်ဘူး ... ဟုတ်လား"

"အင်းလေ ... ကိုကို ဒီလောက်အထိ မူးနေတာ ဘယ်လိုလုပ် ထမလဲ၊ သူများလဲပေးပါ့မယ် ကိုကိုရဲ့"

"မလိုပါဘူး"

ကိုကိုက ပြောရင်း သူ့ကိုယ်သူထိန်းပြီး ထရပ်သည်။ ပြီးတော့ သူမအား ရီဝေသော မျက်လုံးအစုံနှင့် တစ်ချက် လှမ်းကြည့်ကာ ...

"ဒီထဲက ခေါင်းအုံးတွေ စောင်တွေယူသွား"





ကိုကို့စကားကို သူများက ချက်ချင်းနားမလည်နိုင်ပါ။ ထို့ကြောင့် ...

"ရှင် ... ကိုကို"

"အခြားအခန်းမှာ သွားအိပ်ဖို့ ပြောတာ"

"အာ ... ကိုကိုကလည်း၊ သူများက ဒီမှာပဲ အိပ်မှာ၊ ကိုကိုနဲ့ လက်ထပ်ရင် အတူတူနေရမယ်ဆို၊ သူများ တစ်ယောက်တည်းလည်း မအိပ်ရဲဘူး၊ သူများက သရဲကြောက်တယ်"

ပီယက စိတ်ညစ်သွားရသည်။ သူမဟာ သူ့အတွက်တော့ အပြစ်မရှိတော့ မိန်းမငယ်တစ်ယောက်ပါ။ သူမ အစ်မကြောင့်သာ ဘာမှန်းမသိဘဲ ဘဝကို စတေးရသူ။ ဒါပေမဲ့ ... သူ့တုန်းကရော။ တကယ် ဘာမှကိုမသိဘဲ စတေးခဲ့ရတာပဲ။ သူဟာ သူမလေးကိုကြည့်ပြီး ပုံရိပ်တွေဟာ မသဲကွဲတော့။ သူ့ရှေ့ရှိ သံယောဇဉ်ဟာ နှစ်ကိုယ်ခွဲဖြစ်လိုက်၊ သုံးကိုယ်ခွဲဖြစ်လိုက်။

"သွားတော့ ... နင်ထွက်သွားတော့"

"မသွားပါဘူး ကိုကိုနော်၊ သူများကို လက်ထပ်ပြီးပြီ၊ သူများနဲ့ပဲ အတူနေရမယ်၊ သူများက အခန်းလည်းခွဲပြီး မအိပ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ကိုကို့ကို ချစ်ပါတယ်ဆိုမှ ကိုကိုနဲ့ခွဲပြီး ဘယ်နေနိုင်ပါ့မလဲ''

''ဩော် ... မင်းက ငါ့ကိုချစ်တယ်''

သူက,မေးတော့ သံယောဇဉ်က ဆတ်ခနဲ ခေါင်းညိတ်ပြပြီး ...

''အင်းလေ ... ချစ်တယ်''

''ငါနဲ့ မခွဲနိုင်ဘူး''

''အင်းလေ ... ကိုယ်ချစ်တဲ့သူနဲ့ ဘယ်သူက ခွဲပြီး နေချင်မှာလဲ''

''ဟား .. ဟား .. ကောင်းပြီ၊ သိပ်တော်တဲ့ သမုဒယရဲ့ ညီမလေးပါလား၊ ကောင်းပြီ ... ငါနဲ့ခွဲမအိပ်ချင်ဘူး, ငါနဲ့ အတူတူ အိပ်ချင်ရင် လာခဲ့''

ပြောပြောဆိုဆို ကိုကိုက သူမလက်တစ်ဖက်ကို ဆောင့်ဆွဲသည်။ အငိုက်မိသွားတာမို့ သူမက အရှိန်နှင့် ကိုကို့ရင်ခွင်ထဲ ပြိုကျ၏။ နှစ်ယောက်သား အရှိန်မထိန်းနိုင်ဘဲ ခုတင်ပေါ် ဗလုံးဗထွေးကျသည်။ သူမ ဖျတ်ခနဲ မျက်လုံးဖွင့်ကြည့်တော့ ကိုကို့မျက်နှာက သူမမျက်နှာပေါ် အုပ်မိုးလျက် ...

အာခေါင်တွေ သွေ့ခြောက်လာကာ နိုင်လိုမင်းထက်





ပြုမူချင်သောစိတ်တို့က သူ့ခန္ဓာကိုယ်အနှံ့အပြားမှ တိုးထွက်လာကြ၏။

''မင်းပဲ ငါ့ကို ချစ်တယ်ဆို''

သူ့အသံဟာ တိုးတိုးလေး။ ကောင်မလေးက ဖျတ်ခနဲ မျက်လုံးဖွင့်ကြည့်သည်။

''ချစ် ... ချစ်ပါတယ်''

''အဲဒါဆို ပြီးပြီပေါ့''

''ဟင့်အင်း ... သူများရဲ့အချစ်က ကိုကို့လို မဟုတ်ဘူး၊ သူများကြောက်တယ် ကိုကို၊ သူများကို လွှတ်ပေးပါ''

''ဘာ ... ငါက မင်းကို လွှတ်ပေးရမယ်''

''ဟုတ်ကဲ့''

သူက သူမကိုယ်ပေါ် ဖိမိုးထားရင်းက ခေါင်းမော့ကာ တဟားဟား အော်ရယ်ပစ်လိုက်သည်။

''ငါက အရင်တုန်းက ကျော်ပီယ မဟုတ်တော့ဘူး၊ ငါက ကျား ... ကျားဖြစ်သွားပြီ၊ အဲဒါ မင်းအစ်မ ကျင့်ပေးခဲ့တာတွေလေ၊ ကျားဆိုမှတော့ ငါ ဥပုသ်မစောင့်တတ်ဘူး သံယောဇဉ်''



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုက သူမ နားမလည်သော စကားတွေကို အဲဒီလို ပြောပြီး သူမမျက်နှာအနီး တိုးကပ်လာခဲ့သည်။ သံယောဇဉ်သည် ကြောက်လန့်တကြားဖြစ်ကာ မျက်ဝန်းတွေကို မှိတ်ချလိုက်၏။ အမြင်အာရုံက မှောင်အတိ။ ဒါပေမဲ့ ... အထိအတွေ့တွေက မှောင်ကျမသွား။ အပြာရောင်ဖျော့ဖျော့လေး သမ်းလို့။ ပြင်းပြသော အသက်ရှူသံတွေကြား ချစ်ခြင်းကြောင့် တငြိမ့်ငြိမ့်ခုန်ခဲ့ရသော သူမရင်ခုန်သံတွေက တိတ်တဆိတ် သေဆုံးသွားခဲ့သည်။

မျက်ဝန်းထောင့်စွန်းမှ ကြွေကျသွားသော မျက်ရည်စီးကြောင်းနဲ့အတူ ဒီညလေး တစ်ခါတည်းပါသွားလျှင် ဘယ်လောက်ကောင်းမည်နည်း။

အခုတော့ မျှော်လင့်တာနှင့် ပိုင်ဆိုင်ရတာ တခြားစီပင်ဖြစ်၏။

*





-------------------။

အိမ်ပေါ်စ,တက်တာနှင့် ပီယမျက်ဝန်းတွေနှင့် သူမ စတင်ဆုံရခြင်းပါ။ သူမကိုမြင်တာနဲ့ ပီယမျက်ဝန်းတွေ မှုန်မှိုင်းအေးစက်သွားတာများ။

"ဆို ... ဘာကိစ္စ"

သမုဒယဟာ စကားပြန်မဆိုနိုင်သေး။

ပီယခြေရင်း၌ ကျုံ့ကျုံ့လေးထိုင်ပြီး ခြေသည်းတွေကို တိတိရိရိ ကိုက်ဖြတ်ပေးနေသော ယောကလေး။

သမုဒယ ရင်ထဲနင့်နေအောင် ခံစားရသည်။

"ညီမလေး ..."

ခေါ်သံက ဆို့နင့်စွာ။ အဲဒီတော့မှ ယောကလေးက သူမကို မော့ကြည့်သည်။ မျက်ဝန်းတွေက မှတ်မိသယောင်ဖြစ်ပေမယ့် စိမ်းကားနေဆဲ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို ... သူမှား ပြန်မလိုက်ဘူးနော်"

ပီယကို မော့ပြီးပြောပုံက ကလေးငယ်တစ်ယောက်နှယ် အပြစ်ကင်းစင်စွာ။ ပီယကတော့ ခုံမှာ တမင်ပင် ခန္ဓာကိုယ်ကို လျှောထိုင်သည်။ ကုလားထိုင်နောက်မှီအား ခေါင်းတင်ပြီး တဟားဟား အော်ရယ်သည်။ ပြီးမှ ...

"အင်း ... အသည်းစားဘီလူးမကြီးနားကို ဘယ်သူမှ မကပ်ချင်ကြဘူးနဲ့ တူတယ်"

"တို့ ညီမလေးနဲ့ နှစ်ယောက်တည်း စကားပြောချင်တယ် ကျော်ပီယ"

သူမအသံက အေးစက်စက်။ ပြတ်တောင်းတောင်း။

"ပြောပါ ရတယ်လေ၊ ဒါပေမဲ့ ... နှစ်ယောက်တည်းတော့ မဖြစ်ဘူး၊ ကျုပ်ပါ ပါရမှာပေါ့၊ ကျုပ်က သူ့ရဲ့ တရားဝင်ယောကျ်ားလေ"

သူမဟာ ဘာမှဆက်မပြောချင်တော့။ ဆက်ပြောလည်း စိတ်ဆင်းရဲရုံ၊ စကားများရုံသာ ရှိမည်။ သူမဆန္ဒတွေ ဘာတစ်ခုမှ ဒင်းက လိုက်လျောမည်မဟုတ်။ ထို့ကြောင့် သမုဒယက အချိန်တွေ မဖြုန်းတော့ဘဲ ...





"ယောကလေး"

"ဟင်"

"ဒီမှာနေရတာ ပျော်ရဲ့လား"

"ဟုတ်"

"မမနဲ့ ပြန်မလိုက်ချင်ဘူးလား"

"ဟင့်အင်း ... ကိုကို့ကို မခွဲနိုင်ဘူး"

"ညီမလေး ဆေးခန်းပြရမယ်လေ၊ ပြီးတော့ ... ဆရာဝန်နဲ့တွေ့ပြီး ညီမလေးရောဂါအခြေအနေ ဆွေးနွေးရမယ်လေ"

"သူမှားနေကောင်းပါတယ် ... ဘာမှမှ မဖြစ်တာ"

"ညီမလေး ဒီရက်ပိုင်းအတွင်း ဆေးမှမသောက်တာ၊ မမနဲ့ အိမ်ပြန်လိုက်ပြီး ဆေးသောက်ပါလား"

"ဟင့်အင်း ... ကိုကိုနဲ့ပဲ နေမယ်"

သူမရင်တွေ ကွဲကြေကုန်ပါပြီ။ ညီမလေးအား ခေါ်၍ မဖြစ်တော့။ သမုဒယဟာ ကျော်ပီယအား အသနားခံသော မျက်ဝန်းတွေနှင့် တစ်ချက်လှမ်းကြည့်ရင်း ...

"တို့ ... မင်းနဲ့စကားပြောချင်တယ် ပီယ"



www.burmeseclassic.com

www.burmeseclassic.com



''ဩော် ... ဖြစ်ပါတယ်၊ သံယောဇဉ် ...''

''ရှန် ... ကိုကို''

''ထမင်းခူးထား၊ ပြီးတော့ အိပ်ထားတဲ့ အိပ်ရာခင်းကို အသစ်လဲပြီး အဟောင်းကို လျှော်ထား ... ကြားလား''

''ဟုတ်ကဲ့ ကိုကို''

လို့ နာခံကာ ဝင်သွားသော ညီမလေးကြောင့် သူမ ရင်ထဲ ဝေဒနာတစ်ရပ် စူးနစ်စွာ စိုက်ဝင်နေခဲ့သည်။ ညီမလေး အရိပ်ကွယ်သွားတာနှင့် ...

''နေပါဦး ... ရှင့်အိမ်မှာ အကူမိန်းကလေးတွေ ဘာတွေ မထားဘူးလား''

''မလိုပါဘူး ... အိမ်ရှင်မတစ်ယောက်လုံး ရှိတာပဲ''

''ညီမလေးက ရောဂါသည်ရှင့်''

''ကျုပ် သူ့ကိုယူထားတာ အလှကြည့်ဖို့အတွက်မှ မဟုတ်တာ''

''ကျော် ... ပီ ... ယ''

သူမက ဒေါသဖြင့် ကျိုးအော်တော့ သူက မခိုးမခန့် ထရယ်ပြန်သည်။ သမုဒယသည် ဒီအချိန်၌ ဒေါသထွက်နေ၍





ဘာအကြောင်းမှ မထူးမှန်း သူမ သိပါသည်။ ဒါပေမဲ့ ... အနိုင်နိုင်ထိန်းထားသည့်ကြားမှ ကျော်ပီယရဲ့ မထီမဲ့မြင် အမူအရာက သူမစိတ်အား ရိုင်းစိုင်းခက်ထန်စေသည်လေ။

''တို့ လိုရင်းပဲပြောမယ် ... ဒီမှာ စာရွက်စာတမ်းတွေကို ကြည့်ပါ''

ပီယဟာ သူ့ရှေ့ရောက်လာသည့် ပတ်စ်ပို့တွေ၊ ဗီဇာတွေ၊ လေယာဉ်လက်မှတ်တွေကို တစ်ချက်ငုံ့ကြည့်သည်။ စိတ်မဝင်စားသည့်ဟန်က ဖုံးကွယ်မရ။

''ကျွန်မတို့ ဒီရက်ပိုင်းအတွင်း သွားဖို့စီစဉ်ပြီးသား၊ ယောကလေးကို ဟိုမှာ ဆေးကုရမယ်၊ ယောကလေး အခုလို ဖြစ်သွားတာ ကျွန်မကြောင့်၊ ဒါကြောင့် ... ယောကလေး နေပြန်ကောင်းဖို့ ကျွန်မမှာ တာဝန်ရှိတယ်''

သမုဒယဟာ ပြောရင်း အတိတ်ဆီ စိတ်တွေပျံ့လွင့်သွားရ၏။ တကယ်တော့ သူမက လောဘရဲ့သားကောင် ဖြစ်ခဲ့ခြင်းပါ။ ငွေကြေးစီးပွားအတွက် ဖြတ်လမ်းလိုက်ခဲ့မိရာမှစ၍ တရားဥပဒေနှင့် မလွတ်ကင်းသော လုပ်ငန်းတွေနှင့် ငြိစွန်းလာခဲ့သည်။ မကောင်းဘူးဆိုသော အသိရှိပေမယ့် ငွေကြေးက မက်လောက်



www.burmeseclassic.com

www.burmeseclassic.com



စရာမို့ သူ မရုန်းထွက်နိုင်ခဲ့။

ဒုစရိုက်လောက၌ လျှင်သူစားစတမ်း ဥပဒေက ရှိတာမို့ သူမက ထိုလောကတွင် ကျင်လည်ရာ၌ ပါးနပ်ကျွမ်းကျင်လာခဲ့သည်။ လည်ပတ်လာတာနဲ့အမျှ ရန်သူတွေ အများအပြား။ တစ်ညတော့ သူမ ခေါင်းပုံဖြတ်ခဲ့သော အဖွဲ့တစ်ဖွဲ့မှ ရန်ငြိုးထားပြီး အိမ်ထဲအထိ ကျူးကျော်ဝင်ရောက်လာခဲ့သည်။ ရပ်ကွက်ကို အလျှင်အမြန် အသိပေးနိုင်သဖြင့် ဆုံးရှုံးမှုမကြီးမားသော်လည်း သူမနှင့် လူမှားပြီး အရိုက်ခံရသောဒဏ်ရာဖြင့် ညီမလေးအတိတ်ကို လုံးလုံးမေ့သွားရလေပြီ။

ထို့ကြောင့် ယောကလေးအား ဆေးကုရန် ငွေကို ကျားကုတ်,ကျားခဲ ရှာရ၏။ ရပြီဆိုပြန်တော့ ညီမလေး ပျောက်သွားသည်။ အခုတော့ …

"ကျုပ် လက်မခံနိုင်ဘူး"

"ဟင့်အင်း … ပီယ၊ အဲဒီလို ယတိပြတ်မငြင်းပါနဲ့၊ အခုအချိန်မှာ ရှင်က ယောကလေးရဲ့ ကိုးကွယ်ရာပါ၊ ရှင့်အမိန့်ဆို ယောကလေးက အကုန်လိုက်နာတာပါ"

"အဲဒီတော့ ကျုပ်က တိုက်တွန်းပေးရမယ်ပေါ့"





သူမက အလျှင်အမြန် ခေါင်းညိတ်ပြသည်။ သူက ဟက်ခနဲ ထရယ်၏။ ဩော် … တစ်ချိန်က အရှုံးအမူး ချစ်ခဲ့သော၊ သူမ,နှုတ်ခမ်းဖျားက ထွက်လာသော စကားတိုင်းကို ခေါင်းညိတ်နာခံခဲ့သော သူသည် အချစ်ပြယ်သောအခါ အမုန်းတွေက ရင်ထဲ၌ နိုင်မာစွာ ခံတပ်စွဲထားပြီဖြစ်၏။

"ယောကလေးရဲ့ကောင်းကျိုးအတွက် စဉ်းစားပေးပါကျော်ပီယ၊ ပြီးတော့ တို့နှစ်ယောက်ဖြစ်ခဲ့ကြတုန်းက ယောကလေးက သက်ဆိုင်ခဲ့တဲ့သူမှ မဟုတ်တာ၊ ယောကလေး နေပြန်ကောင်းတဲ့အခါ ရှင့်စိတ်ကြိုက် ဆုံးဖြတ်နိုင်ပါတယ်"

"ကျုပ် သဘောမတူဘူး"

"ယောကလေးအနာဂတ် ကောင်းဖို့ပါ"

"ကျုပ်က ခင်ဗျားညီမရဲ့ကောင်းကျိုးကို မလိုလားဘူးဆိုရင်ရော"

"ရှင် ဒီလိုတစ်ဖက်သတ် မပြောပါနဲ့ … ရှင်နဲ့ကျွန်မကိစ္စကို ကျွန်မတို့ပဲ ရှင်းရအောင်"

"ခက်တာက ကျုပ်က ခင်ဗျားနဲ့ မရှင်းချင်တော့ဘူး၊ ခင်ဗျားညီမနဲ့ပဲ ရှင်းချင်တာ၊ သူက သိပ်ချစ်ဖို့ကောင်းတဲ့ အရိုး



www.burmeseclassic.com

www.burmeseclassic.com



ခံကလေးပါ၊ ကျုပ် သူ့ကိုစွဲသွားပြီ၊ ဒါပေမဲ့ … ခင်ဗျား စိတ်သိပ်မပူပါနဲ့ သမုဒယ၊ ကျုပ်ရဲ့စွဲလမ်းမှုတွေ ကုန်ဆုံးသွားတဲ့အခါကျရင်တော့ ခင်ဗျားဆီ ပြန်ပို့ပေးလိုက်ပါ့မယ်''

''တော်တော့ ကျော်ပီယ''

သူမက စူးရှစွာ အော်ဟစ်တားမြစ်သည်။ ဒေါသလှိုင်းက ရင်ဘတ်အား ဘောင်ဘင်ခတ်လျက် …။

''ရှင် … လူယုတ်မာပဲ ကျော်ပီယ၊ ရှင်က ပန်းကောင်းအညွှန့်ချိုးတာပဲ''

''ကျုပ်က အညွှန့်တင်ချိုးတာ၊ ခင်ဗျားက … ကျုပ်ဘဝကို အမြစ်ပါ လှန်ပစ်ခဲ့တာလေ''

''တော်ပါတော့''

သူမ ကြုံးအော်ပစ်သည်။ မျက်ရည်တွေက ပါးပြင်ပေါ် အဆီးအတားမဲ့ ရွာကျလာ၏။ သူမမျက်ရည်တွေနှင့် မိုက်ပြစ်တွေ ဆေးကြော၍ရပါက ဆေးပစ်ချင်ပါသည်။ အခုတော့ … သူမရဲ့ ချစ်စွာသော၊ တစ်ဦးတည်းသော ညီမလေးက ဓားစာခံဖြစ်နေတာကိုတော့ သူမ, မခံစားနိုင်။

သမုဒယ ဝဋ်လည်ပြီထင်ပါရဲ့။





အတွေးနဲ့အတူ ငိုချင်စိတ်က ထိန်းမရတော့။ ဒါပေမဲ့ … သူမ မျက်ရည်တွေအတွက် စာနာမဲ့သူ မရှိ။

ပြောပုံကို ကြည့်ဦးလေ …။

''ကျုပ်ကို မျက်ရည်တွေနဲ့ ထပ်မဖြားယောင်းပါနဲ့တော့ သမုဒယ၊ ကျုပ်မှာ သနားတတ်တဲ့အသည်းနှလုံး မရှိတော့ဘူးဗျ၊ ကျုပ်မိန်းမကို ဘယ်နေရာမှ မလွှတ်နိုင်ဘူး၊ အဲဒါ သိပ်ချစ်လို့တော့ မဟုတ်ဘူးဗျ၊ ကျုပ်အနားထားပြီး ကျုပ်အလုပ်တွေ နိုင်းရဦးမှာမို့လို့''

သူက ပြောပြီးတာနှင့် မတ်တတ်ရပ်ကာ ကျောခိုင်းထားမိသည်။ အနောက်မှ ရှိုက်သံတွေကြားနေရပြီးမှ ငိုသံမစဲသောအသံဖြင့် …

''ကောင်းပြီ ကျော်ပီယ၊ တို့ကြားဖူးတာကတော့ ဝဋ်ကြွေးဆိုတာ ကိုယ်တိုင်ဆပ်မှကျေသတဲ့၊ ဒါပေမဲ့ … တို့ဝဋ်ကြွေးကို ညီမလေးဆပ်လို့ ကျေတယ်ဆိုလည်း ပြီးတာပါပဲ၊ တို့ နောက်သုံးရက်ဆိုရင် ဒီရန်ကုန်မြေမှာ ရှိတော့မှာမဟုတ်ဘူး၊ ဒါပေမဲ့ … ညီမလေးအတွက် စိတ်ချရတဲ့လူတွေ ထားခဲ့ပေးမှာပါ၊ တို့တစ်ခုတော့ တောင်းဆိုချင်တယ်''



www.burmeseclassic.com

www.burmeseclassic.com



သူ ခပ်ဆိတ်ဆိတ်ပဲ နေမိသည်။ သူက မတောင်းဆိုပါနဲ့ပြောလည်း လေကုန်ရုံသာ ရှိမည်။ ဒီမိန်းမက ဖွတ်ပြောမှာ ပင်။

"ဒါ … ညီမလေးရောဂါ သက်သာနိုင်မယ့် ဆေးတွေပါ၊ တစ်နေ့ကို သူ့အတွဲနဲ့သူ နှစ်ကြိမ်တိုက်ရတယ်၊ တို့ပုလင်းတွေမှာ အချိန်တွေရေးထားပေးပြီးသား၊ သေချာတာ တစ်ခုတော့ ပြောခဲ့မယ် … ညီမလေးကို စိတ်ချမ်းသာစေချင်တာရယ်၊ ကျွန်မမှာ ညီမလေးကို အနားနားပြန်ခေါ်ဖို့ အချိန်မရှိတော့တာရယ်ကြောင့်သာ ရှင့်ဆီမှာထားခဲ့ရတာ၊ ဒီရောဂါမျိုးက မျှော်လင့်နိုင်ခြေ အများကြီးရှိတယ်၊ တစ်စုံတစ်ရာ အကြောင်းတိုက်ဆိုင်မှုရှိတာနဲ့ သူ့အတိတ်ကို သူပြန်သတိရနိုင်တယ်၊ အဲဒီအချိန် အမြန်ဆုံးရောက်လာပါစေလို့ တို့ကတော့ ဆုတောင်းနေမှာပဲ"

သူမကပြောပြီး သူ့အနားမှ ထွက်သွားပြီ။ လှည့်ကြည့်တော့ ဆေးပုလင်းလေးနှစ်ပုလင်းသာ သမုဒယအစား ကျန်ခဲ့၏။

သူက ထိုဆေးပုလင်းတွေကိုကိုင်ကာ ခေတ္တမျှ တွေဝေသွားရသည်။





သူ့စိတ်ထဲ၌ သံယောဇဉ်အား အတိတ်ကို ပြန်သတိရစေချင်လား၊ သတိမရစေချင်ဘူးလား … ဝေခွဲ၍ပင် မရတော့။ သူတစ်ယောက်တည်း ကျန်ရစ်ခဲ့ရမည့်အဖြစ်ကိုတော့ အင်မတန်ကြောက်ရွံ့ရပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း (၁၀)

"ညစာ စားရအောင်လေ ကိုကို၊ ဒီနေ့ သူများက ပုစွန်နဲ့ ချဉ်ပေါင် ရောချက်ထားတယ်၊ ပြီးတော့ ကြက်သားကို ပျားရည်စိမ်ပြီး ရဲနေအောင် အကြွပ်ကြော်ထားတယ်၊ နောက် . . . ပဲသီးနဲ့ဘဲဥ ရောမွှေကြော်တယ်"

"ဟင်းကတော့ ရှယ်ပဲပေါ့၊ ကြားရတာနဲ့တောင် သွားရည်ယိုတယ်"

မောင်ကောင်းက ရေပိုက်တွေ ဆွဲသိမ်းနေရာမှ လှမ်းအော်သည်။ မသီကတော့ ရှောက်ရွက်နုနုလေးတွေကို အတို့အမြှုပ်လုပ်ရန် ခူးရင်း . . .





"ငါတို့က သွားရည်ကျခွင့်ပဲရှိတာပေါ့ . . . ဟုတ်လား"

"မဟုတ်ပါဘူး မသီရယ် . . . သူများ ဟင်းချက်ပြီဆို မသီတို့လင်မယားအတွက် ဘယ်တုန်းက ထည့်မချက်ဘဲ နေလို့လဲ . . . အမြဲ ဟင်းတစ်ခွက်စီ ကမ်းခဲ့တာကိုပဲ"

"ဟုတ်ပါတယ်တော် . . . တော်ကြာ . . . ဒီနေ့ ဟင်းကောင်းမှ မစားရမှာစိုးလို့ စကားခေါ်ရတာပါ"

မသီက ပြောတော့ သူမလေးက ရယ်သည်။ သူကတော့ စိတ်ထဲက အစိုင်အခဲတွေရှိပေမယ့် အပြစ်ဟူ၍ မြူ တစ်မှုန်တောင်မလုပ်သော သူမအတွက် အပြစ်ရှာစရာ အကြောင်းမရှိ။ သူ ထမင်းစားလျှင် ထမင်းဝိုင်းနား ယပ်လေး တဖျပ်ဖျပ်နှင့် . . .။

"မျက်စိနောက်တယ်ဟာ"

သူက ပြောလျှင် မျက်လွှာလေးချပြီး . . .

"ယင်နားမှာစိုးလို့ပါ ကိုကို"

ဟု ဆိုတတ်သူ။ နောက်တော့ ယပ်တောင်မခတ်။ ထမင်းစားပွဲဝိုင်းနား ဖယောင်းတိုင်တစ်တိုင် ထွန်းထားသည်။ အပေါ်ကလည်း မီးချောင်းထိန်ထိန်ကြီးဖွင့်ထားသေးတာမို့ . . .



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဘာလုပ်တာလဲ သံယောဇဉ်"

သူက စူပုပ်ပုပ်နှင့် မေးလျှင် ...

"ယင်မလာအောင်လေ ကိုကိုရဲ့၊ အဲဒီလိုလုပ်ရင် ယင် မလာတော့ဘူး"

ချိုသာပြေပြစ်စွာ ဖြေရှင်းတတ်စမြဲ။ ထမင်းစားပြီး တာနှင့် သူ့အတွက် ခြံထွက်အသီးအနှံတစ်ခုခု၊ လက်ဖက် တစ်ပွဲကတော့ အမြဲပြင်ဆင်ထားတတ်သည်။

"ညစာ့စားပြီးရင် အသီးအနှံတစ်ခုခုစားတော့ ရင် ချောင်တာပေါ့ ကိုကိုရဲ့၊ လက်ဖက်တွေတော့ အများကြီး မစား နဲ့နော်၊ အကြော်များများစား၊ လက်ဖက်အသားက မျက်စိ ကြောင်တယ်လေ"

"နင် သိပ်ဆရာမလုပ်နဲ့ သံယောဇဉ်၊ နင့်ကိုယ်နင် ဆရာဝန် မှတ်နေသလား"

သူက စိတ်မထင်လျှင် မထင်သလို ပိတ်ဟောက်တတ် သည်။ ထိုအခါမျိုး၌ မျက်နှာငယ်လေးဖြင့် ...

"ကိုကို အိပ်ရေးပျက်မှာ စိုးလို့ပါ၊ မနက်ကျတော့ လည်း ကိုကိုက အစောကြီးထရတာဆိုတော့ ..."





ဟု အသံတုန်တုန်နှင့် ဖြေရှင်းပြ...တတ်ပါသည်။ ထို အချိန်မျိုး၌ တီဗွီလာကြည့်သော ဟိုစုံတွဲက သနားမဆုံး။ လူရင်းလိုဖြစ်နေကာ ပြောရဲဆိုရဲရှိသော မောင်ကောင်းကဆို ...

"သနားပါတယ် အစ်ကိုလေးရယ်၊ သူက အကောင်း ပြောတဲ့ဥစ္စာ ... အရမ်းကြီးမဆူပါနဲ့၊ သူ့စိတ်က ပုံမှန်မှ မဟုတ် တာ"

ဖြေပြော ပြောတတ်ပါသည်။ သူကလည်း ခပ်ရွဲ့ရွဲ့ ပြောတတ်သူမို့ ...

"အေး ... ပုံမှန်မဟုတ်လို့ဘဲ၊ ပုံမှန်သာဆို တစ်နေ့ အိမ်သာ ဘယ်နှစ်ခါတက်လဲဆိုတာကအစ လိုက်မေးနေဦးမှာ"

လို့ ပြောရပါသည်။ ဝတ္တရားကတော့ သူမက အကျေ လွှန်သူပင်။ ညအိပ်ရာဝင်ချိန်ကျရင် သူ့အတွက် ခုတင်ပေါ်၌ သီးသန့်အိပ်ရာခင်းပေးသည်။ သူမကတော့ ကြမ်းပြင်ပေါ် ဖျာချောလေး တစ်ချပ်ခင်းကာ အိပ်သည်။

သူအိပ်ပြီဆိုတာနှင့် ...

"ကိုကို ... သူများနှိပ်ပေးမယ်နော်၊ တစ်နေကုန်



www.burmeseclassic.com

www.burmeseclassic.com



စိုက်ခင်းထဲမှာ ကိုကိုက အလုပ်လုပ်ရတော့ ပင်ပန်းမှာပေါ့''

ဟု ဆိုကာ သူ့ခြေရင်း၌ ကျုံ့ကျုံ့လေးထိုင်ပြီး နှိပ်ပေးတတ်သည်။ သူက ဖိမ်ခံရင်း ဘယ်အချိန် အိပ်ပျော်သွားမှန်းပင် မသိတော့။

ပီယဟာ နဂိုကတည်းက စိတ်နှလုံး ကြမ်းတမ်း ခက်ထန်သူမှ မဟုတ်တာ။ ဒီတော့ တစ်ခါတစ်ရံလည်း သူမအပေါ် ထားတဲ့စိတ်က နူးညံ့သွားတတ်သည်။ ထိုအခါမျိုး၌ စိတ်က အလိုလိုနေရင်း ရွှင်ပျလာတတ်ပြီး သူမအား ကျီစယ်ချင်သော ဆန္ဒပင် ပေါ်လာရသည်အထိ။ ထို့ကြောင့် သူက ခုတင်အောက် ကြမ်းပြင်၌ ကွေးကွေးလေးအိပ်နေသော သူမအား တစ်ချက်ငုံ့ စောင်းကြည့်ကာ ...

''သံယောဇဉ်''

လို့ သူကခေါ်တော့ သူမသည် ဆတ်ခနဲဖြစ်သွားပြီး...

''ရှင် ... ကိုကို''

''ဘာဖြစ်လို့ ခုတင်ပေါ် လာမအိပ်တာလဲ''

သူက သိသိကြီးနဲ့ မေးခြင်းပါ။ လက်ထပ်ပြီး မင်္ဂလာဦးည မှတ်မိသားပဲ။ သူ အဲဒီလောက်အထိတော့ အသိမမဲ့သေး။





သူမလေးထံမှ အဖြေ ချက်ချင်းထွက်မလာ။ ခေတ္တမျှငြိမ်နေပြီးမှ ...

''ဟို ... ဟို ... ကိုကို ကျပ်မှာစိုးလို့ပါ''

''ခုတင်က အကျယ်ကြီးပဲကို''

''ရပါတယ် ကိုကိုရဲ့ ... သူများ အိပ်တတ်ပါတယ်''

''လာပါ ... ဒီမှာ ငါတစ်ယောက်တည်း အိပ်ရတာ ပျင်းလို့ပါ''

''ဟို ... သူများအိပ်ချင်ပြီ ကိုကို၊ အိပ်တော့မယ်နော်''

ဆိုပြီး စောင်ကြီးခေါင်းမြီးခြုံကာ အိပ်တာများ တုတ်တုတ်ပင် မလှုပ်တော့။ ထိုအခါမျိုး၌ သူက တစ်ယောက်တည်း တစ်ဖက်လှည့်ပြီး ကျိတ်ရယ်ရသည်။ အသံမထွက်အောင်ပေါ့။ ဘယ်လိုကောင်မလေးမှန်းမသိ။ ကျီစယ်လို့ ကျီစယ်မှန်း မသိသူပါ။

တစ်ခါတလေကျတော့လည်း သူ့စိတ်က အစိုးမရ။ ခက်ထန်ကြမ်းတမ်းနေသော အနိုက်အတန့်မျိုး၊ အထူးသဖြင့် သူ့ဘဝ သူ့နှလုံးသားအား မာယာများနှင့် သိမ်းပိုက်လှည့်စားသွားသော သစ္စာဒယအကြောင်း တွေးမိသောအချိန်မျိုး၌ သူက



www.burmeseclassic.com

www.burmeseclassic.com



သံယောဇဉ်အပေါ် အပြစ်မရှိ အပြစ်ရှာတတ်ပါသည်။ ချက်ထားပြီးသား အဆင်သင့်ဟင်းတွေကို ...

"ငါ မစားချင်ဘူး"

ဆိုတာမျိုး ...။

"နင့်ဟင်းတွေက အေးစက်နေတာပဲ"

ဟူ၍ တစ်မျိုး။ တစ်ခါတစ်ခါကျတော့ ...

"ရေဆွဲပေး ... ငါချိုးဖို့ ..."

လို့ အရစ်ရှည်တတ်ပါသည်။ သူမလေးကလည်း သူတောင်းဆိုသမျှ အဆင်ပြေအောင် စီမံပေးတတ်ပါသည်။ မသိနှင့်မောင်ကောင်းကတော့ သူ့ကွယ်ရာ၌ တိုးတိုးတိတ်တိတ် အတင်းအုပ်တာ သူ မကြာခဏ ပြန်ကြားရပါသည်။

"အလကား ... အစ်ကိုလေးက အနိုင်ကျင့်လို့ ရမှန်းသိလို့ အနိုင်ကျင့်နေတာ"

"ဟုတ်ပါ့တော် ... ဒါ သံယောဇဉ်လို မိန်းမမျိုးမို့လို့ပေါ့၊ ကျုပ်လို မိန်းမမျိုးဆို ပစ်ပြေးတာ ကြာလှပြီ၊ သူ့ခမျာ အစ်ကိုလေး သဘောကျနေရဲ့သားနဲ့"

ဟူသော စကားမျိုးတွေကို သူ ကျောပေးလိုက်တာနဲ့





ကြားရပြီ။ ကြားရဖန်များလာသောအခါ သူက နဖူးပေါ် လက်တင်၍ စဉ်းစားခန်း ဝင်မိသည်။ သူများ မှားသွားပြီလားလို့။ ထိုအခါမျိုး၌ စိတ်ကလေးများ နူးညံ့လာတတ်၏။

ဒီလိုနဲ့ သူမအပေါ် ပျော့ပျောင်းတော့မည့်ဆဲဆဲမှာပင် သူ့အိမ်သို့ ညှိသည်တစ်ဦး ဆိုင်းမဆင့် ဗုံမဆင့်နဲ့ ရောက်လာခဲ့၏။

"ဟား ... ဦးလွန်းညို"

သူက စိုက်ခင်းထဲရှိ အပင်တွေကို မြေသြဇာ ဖျန်းပေးနေခိုက်ဖြစ်၍ ဦးလွန်းညိုအား ခရီးဦးကြိုမပြုနိုင်။ ဦးလွန်းညိုကတော့ သူတည်ထောင်ပေးသော ခြံကလေးကို ဝေ့ဝဲ အကဲခတ်ရင်းက ...

"နေကောင်းတယ်နော် မောင်ပီယ"

"ဟုတ်ကဲ့ ... ကောင်းပါတယ်"

"အင်း ... မောင်ရင့်ကြည့်ရတာ တော်တော်စိတ်ချမ်းသာနေပုံရတယ်၊ အသားညိုသွားတာက လွဲလို့ ရွှင်ပျပျမျက်နှာထား ရှိလာသလိုပဲ"

"စိတ်ချမ်းသာလား မသာလားတော့ မသိဘူး ဝတ်လုံ



www.burmeseclassic.com

www.burmeseclassic.com



ကြီးရေ့ အစ်ကိုလေးက အခု လက်ညှိုးညွှန်ရာ ရေဖြစ်နေတဲ့ ဘဝလေ''

မောင်ကောင်းက ဦးလွန်းညိုထိုင်နေသော အပင်အား ပတ်ရိုက်ထားသည့် သစ်သားခုံတန်းလေးပေါ် ရေနွေးဗန်းတင်ပေးရင်း သူ့အား စောင်းချိတ်နှိပ်ကွပ်လေသည်။ သူကတော့ ကိုယ့်စိတ်ကူးမျှော်လင့်ချက်နဲ့ကိုယ်မို့ ...

''အဖေလွှတ်လိုက်တာလား ဦးလွန်းညို''

''ဆိုပါတော့ ... ကိစ္စနှစ်ခုနဲ့ လာတာ၊ ပထမကိစ္စက မောင်ရင့်ကိစ္စ၊ ဒုတိယကိစ္စကတော့ မောင်ရင့်မိန်းမကိစ္စ''

''ကျွန်တော့်မိန်းမကိစ္စ''

ဦးလွန်းညိုက လက်ကာတားရင်း ...

''မောင်ရင့်ကိစ္စပဲ ပြောကြပါစို့၊ မောင်ရင့်အဖေ ဦးအောင်သော်က သုံးနှစ်နေမှ မိုးကုတ်ကို ပြန်လာရမယ်လို့ စည်းကမ်းထုတ်ခဲ့တယ်နော်''

''ဟုတ်ကဲ့ ... ဒါပေမဲ့ ... အခုသုံးနှစ်မှ မပြည့်သေးတာ''

''ဟုတ်ပါတယ်၊ အခု တစ်နှစ်ခွန်းခွန်းပဲ ရှိသေးတယ်၊





ဒါပေမဲ့ ... မောင်ရင့်စိတ်ဓာတ်တွေ အနည်ထိုင်သွားပြီ၊ အခြေကျသွားပြီလို့ထင်လို့ မိုးကုတ်ကို ပြန်လာခဲ့ပါတဲ့၊ အခြေအနေ အကြောင်းစုံ သိရအောင်တဲ့''

သူ့ရင်ထဲ လှိုက်ခနဲ ဝမ်းသာသွားသည်။ မတွေ့တာ ကြာပြီဖြစ်သော အမေ၊ ပြီးတော့ အဖေနှင့် သူတွေ့ရတော့မည်။ သူ့စိတ်က လွတ်ထွက်ကာ ဘာကိုမှ သတိမရတော့။

''မောင်ကောင်း''

''ဗျာ ... အစ်ကိုလေး''

''ငါ ခရီးသွားဖို့ အဝတ်အစားအိတ်ပြင်ပေး''

''အစ်ကိုလေး တစ်ယောက်တည်းအတွက်လား၊ ဟိုယောကိုရော''

''ငါ အရင်ပြန်ဦးမယ်''

သူက ပြောပြီးမှ ဦးလွန်းညိုပြောထားသောကိစ္စနှစ်ခု ဆိုတာကို အရင်သတိရသွားသည်။ ထို့ကြောင့်ပင် ...

''နောက်ကိစ္စတစ်ခုကရော''

''မင်းဇနီး သံယောဇဉ်အတွက်ပါ၊ လာလေ ... ဧည့်ခန်းထဲ သွားကြတာပေါ့''



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုကာ အိမ်လေးဆီ ဦးတည်ခေါ်သွားတော့ သူတို့က နောက်မှ ပါသွားရလေပြီ။ သိချင်သောစိတ်တွေကလည်း ပြင်းပြလို့။ လူသူမသိ သူလက်မှတ်ထိုး ယူထားသော မိန်းမအား ဦးလွန်းညို သိထား၍လည်း အံ့သြချင်ချင်ပါ။ ဦးလွန်းညိုကတော့ အိမ်ပေါ်ရောက်တာနှင့်ပင် တစ်အိမ်လုံး ဝေ့ဝဲအကဲခတ်ပြီး ...

"အင်း ... မိန်းမပီသမယ့်ပုံပဲ"

"ဟား ... ဘာပီသ,သလဲ မပြောနဲ့ ဝတ်လုံကြီးရေ၊ တစ်နေ့တစ်နေ့ အိမ်အလုပ်ဆို မနားမနေ တကုပ် ..."

"မ ... သီ"

သူ့အသံက ကျားဟိန်းသံအလား ကျယ်လောင်စွာ မြည်ဟည်းထွက်သွား၏။ မသီသည် သူ့တားမြစ်မှုကြောင့် ပါးစပ်ကို ဘရိတ်အုပ်ပြီး ငြိမ်သက်သွားရသည်။ ထိုအခိုက်မှာပင် အတွင်းခန်းထဲမှ သံယောဇဉ် ထွက်လာခြင်းဖြစ်၏။

"ဩော် ... ကိုကိုတို့ ထမင်းစားတက်လာပြီလား၊ ဧည့်သည်လည်း ပါတာကိုး"

"အန်ကယ်က ရှေ့နေဦးလွန်းညိုပါ သမီး၊ သမီးအစ်မ သမုဒယ လွှတ်လိုက်လို့ပါ"





"ရှင် ..."

သံယောဇဉ် အံ့သြတာနဲ့ထပ်တူ သူပါ အံ့သြသွားရသည်။ သူ့ရှေ့နေ သူ့ဘက်တော်သား ဦးလွန်းညိုက ဘယ်လိုဖြစ်ပြီး ...။ အတွေးမဆုံးခင် ဒေါသက အရင်ထွက်လာရသည်။

"ဒါ ... ခင်ဗျား သက်သက် ကျုပ်အပေါ် သစ္စာဖောက်တာပေါ့ ... ဟုတ်လား ဦးလွန်းညို"

"ဘာများလဲ မောင်ပီယ"

"ခင်ဗျားကို ကျုပ်အဖေက ငှားထားတာလေ၊ အခု ဘယ်လိုဖြစ်ပြီး ဒီမိန်းမလက်ထဲ ရောက်သွားရပြန်တာတုံး၊ ကျုပ်တို့အတွင်းရေးတွေပါ ခင်ဗျား အိတ်သွန်ဖာမှောက် ..."

"ဒေါသတွေ သိပ်မကြီးပါနဲ့ မောင်ပီယ"

သူ့စကားကို ရှေ့က ပိတ်ပြောလိုက်သဖြင့် သူ ငြိမ်ကျသွားရသည်။

"ကျုပ်က ဥပဒေအကျိုးတော်ဆောင်ပါ၊ လူနှစ်ဦးကြားထဲက ပဋိပက္ခတွေ, အမွေကိစ္စတွေကို ဥပဒေအရ ဆောင်ရွက်ပေးရတဲ့သူပါ၊ ကျုပ်ကို လာငှားတဲ့သူရှိရင် ကျုပ် လိုက်ရမှာပဲ၊ ဘယ်သူပဲဖြစ်ဖြစ် ကျုပ်တောင်းတဲ့ အကျိုးတော်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



ကို ပေးနိုင်ရင် ပြီးပြီ၊ အခု မောင်ရင့်အဖေက ဒီနေ့ မှာတဲ့ကိစ္စပြီး ရင် ကျုပ်နဲ့ ဆက်ဆံစရာအကြောင်း မရှိတော့ဘူး၊ မောင်ရင်နဲ့ သူ တွေ့တော့မှာ၊ ဒါကြောင့် ဒီမိန်းကလေးအမှုကို ကျုပ်ကိုင် တယ် ... အဲဒါမဆန်းဘူး မောင်ရင်၊ ဒါပေမဲ့ ... တစ်ခုတော့ ရှိတယ် ... ကျုပ်တို့ ရှေ့နေတွေ, ဆရာဝန်တွေဟာ ကိုယ့်လူနာ ရဲ့ ရောဂါအကြောင်း၊ ကိုယ့်အမှုသည်အကြောင်းကို တခြား ဘယ်သူ့ကိုမှ ဖွင့်ပြောရိုးထုံးစံမရှိဘူး မောင်ပီယ၊ အဲဒါ ... ကျုပ်တို့စောင့်ထိန်းရတဲ့ ကျင့်ဝတ်ပဲ''

ဒါလောက်ရှင်းပြတာတောင် သူ မကျေနပ်သေး။

''နေပါဦး ... ခင်ဗျားက မိုးကုတ်မှာနေပြီး အဲဒီမိန်းမ က ရန်ကုန်မှာ ရှေ့နေတစ်ပုံကြီးကို မငှားဘဲနဲ့ မိုးကုတ်က ခင်ဗျားကိုငှားတာ သိပ်ထူးဆန်းမနေဘူးလား ဦးလွန်းညို''

''ကျုပ်အတွက်တော့ မထူးဆန်းပါဘူး၊ မိုးကုတ်မှာ ဒေါ်သမုဒယ နေသေးတာပဲ''

လို့ ဦးလွန်းညိုက ခပ်ပေါ့ပေါ့ပင် အဖြေပေးရင်း ...

''ဒါက ... သမီးအတွက် သမီးအစ်မပေးသွားတဲ့ လက် ဝတ်လက်စားတွေပါ''





ဟု ဆိုကာ အနီရောင်ကတ္တီပါဘူး ခပ်ပါးပါးကြီးအား ထိုးပေးသည်။ အထဲမှ ရတနာတွေ ဘယ်လောက်ပါသလဲတော့ မသိ။ ဘူးကြီးကတော့ အကြီးကြီးပင်။ သံယောဇဉ်က လှမ်း မယူသေး။ ဘူးကြီးကိုတစ်လှည့်၊ သူ့ကိုတစ်လှည့် စိုက်ကြည့် ဆဲပင်ရှိ၏။

''ယူပါ သမီး ... ဒါ သမီးပစ္စည်းတွေပါ၊ မမက အခု ဒီမှာ မရှိတော့ဘူး၊ အဲဒါကို သမီးသိသလား''

''ဟုတ် ... သိပါတယ်၊ သူက နိုင်ငံခြားသွားမှာတဲ့''

''အေး ... ဟုတ်တယ်၊ အန်ကယ့်ဆီမှာ သမီးရဲ့ ပိုင် ဆိုင်မှုတွေ လွှဲသွားတယ်၊ သမီး မမနောက် လိုက်ချင်ရင်လည်း ပြော ... အန်ကယ် စီစဉ်ပေးနိုင်တယ်''

''ဟင့်အင်း''

ဟူသော သံယောဇဉ်ရဲ့ ငြင်းဆန်သံနှင့် ...

''ဦးလွန်းညို''

ဟု ခေါ်သော သူ့အသံမာကျောကျောက တစ်ပြိုင်နက် တည်း ထွက်ပေါ်လာ၏။ သူက ဒေါသမျက်ဝန်းတွေဖြင့် အသာ စိုက်ကြည့်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ကျုပ်မိန်းမကို သွေးဆောင်ဖြားယောင်းနေတာလား"

"ဝတ္တရားရှိတဲ့အတိုင်း ပြောရတာပါ မောင်ပီယ"

လို့ သူ့အား လှည့်ပြောပြီး …

"သမီးအတွက် အင်းလျားလမ်းထဲက ခြံနဲ့တိုက် ထားခဲ့တယ်၊ ဘဏ်မှာ ငွေသားချည်းပဲ သိန်းတစ်ထောင်ကျော်ရှိတယ်၊ ဒါ … သဘောတရားလောက် သမီးနားလည်အောင် ပြောပြရတာ၊ သမီး ငွေကြေးလိုအပ်မှုအတွက်ပဲဖြစ်ဖြစ်, တခြားဘာပဲလိုအပ်ပါစေ အန်ကယ့်ဆီ ဆက်သွယ်ပါ၊ အန်ကယ်အားလုံးဖန်တီးပေးပါ့မယ်၊ ရော့ … ဒါက အန်ကယ်လိပ်စာကတ်၊ သမီး အသုံးလိုရင် ဆက်သွယ်လို့ရအောင်၊ ကဲ … အန်ကယ်သွားပြီ"

ဟု နှုတ်ဆက်တော့ မောင်ကောင်းက …

"ဒီမှာ မတည်းတော့ဘူးလား ဝတ်လုံကြီး"

"မတည်းတော့ဘူး မောင်ကောင်း၊ ငါ့မှာ တခြားလုပ်စရာတွေ ရှိသေးတယ်၊ မောင်ပီယရေ … သွားပြီနော်၊ မင်းအဖေဆီ အမြန်ဆုံးသွားလိုက်ပါ၊ ဟိုမှာ မင်းကို မျှော်နေတယ်"





လို့ ဆိုလေသည်။ သူက မတတ်သာ၍ ခေါင်းပဲ ညိတ်ပြသည်။ ကိုယ့်လူ သူ့ဘက်သား ဖြစ်သွားသောကိစ္စအတွက် သူဘယ်လိုမှ မကျေနပ်နိုင်ပါ။ သံယောဇဉ်ကတော့ ဦးလွန်းညိုပြန်သွားတာနှင့် …

"ကိုကို"

ဟု ခေါ်ပြီး …

"ဒီပစ္စည်းတွေ ကိုကိုပဲ သိမ်းထားပါနော်၊ သူများဒါတွေကို မသိမ်းတတ်လို့ပါ"

"အဓိပ္ပာယ်မရှိတာပဲ သံယောဇဉ်၊ ဒါ … မင်းပစ္စည်းတွေပဲ … မင်းဟာမင်းသိမ်းပေါ့"

သူက ခပ်ငေါက်ငေါက် ပြောမိသည်။ ဦးလွန်းညိုအပေါ် မကျေနပ်ချက်အခံနဲ့ပါ။ ဒီတော့လည်း သူမလေးက မျက်နှာလေးငယ်ကျသွားပြီး …

"သူများပစ္စည်းလည်း ကိုကို့ပစ္စည်းပဲဥစ္စာ၊ အင်းလေ … ဗီရိုထဲမှာပဲ ထည့်ထားလိုက်ပါ့မယ်၊ ကိုကိုလိုတာရှိလည်းယူသုံးပါ"

ဟု ဆိုတော့ သူ စိတ်မကောင်းနိုင်။ သူမဟာ တကယ်



www.burmeseclassic.com

www.burmeseclassic.com



တော့ သူ့ဒေါသတွေနှင့် ဘာမှမဆိုင်သူဖြစ်သည်။ ထို့ကြောင့် သက်ပြင်းချပြီး သူဟာ စိတ်လျှော့လိုက်ကာ …

"ဆောရီး … ငါနည်းနည်း ဒေါသပါသွားတယ်၊ ငါ မနက်ဖြန် ခရီးထွက်ရလိမ့်မယ် သံယောဇဉ်"

"သူများပါ လိုက်ရမှာလားဟင်"

ဝမ်းသာရွှင်လန်းမှုနှင့် မေးတော့ သူ အဖြေပေးရန် နှုတ်ဆွံ့အသွား၏။ သူ့အခက်အခဲကိုသိသူ မောင်ကောင်းက …

"ညည်းက နောက်တစ်ခေါက်မှ လိုက်ရမှာတဲ့၊ အခု တော့ အစ်ကိုလေးသွားမှာက မြန်မြန်သွားရမှာမို့လို့ဟ"

"ဩော် … ဒါဆိုလည်း ကိုကို့အတွက် ပြင်ဆင်ပေး ထားမယ်လေ"

ဟု ညိုးကျသွားသော မျက်နှာလေးနှင့် အိပ်ခန်းထဲ ဝင်သွားသည်။ သူပါ လိုက်ဝင်သွားတော့ သံယောဇဉ်သည် ဗီရိုဖွင့်ကာ သူ့အဝတ်အစားတွေကို စီထုတ်ထားသည်။

"ကိုကို … သင့်တော်ရာ သူများရွေးထည့်ပေးလိုက် မယ်နော်၊ သွားတိုက်ဆေးနဲ့ သွားတိုက်တံ၊ ပြီးတော့ … ဒဏ်ကြေဆေးနဲ့သောက်ဆေးလည်း ထည့်ပေးရဦးမယ်၊ ကိုကို





ထည့်ချင်တဲ့အကျီရှိလည်း ပြောလေ၊ သူများ ထည့်ပေးတာနဲ့ အကြိုက်ချင်းမတူမှာ စိုးလို့"

လက်နှင့်အလုပ် မပြတ်ဘဲ ဖယ်ဆက်သလိုလုပ်ရင်း နှုတ်မှ တတွတ်တွတ်ပြောနေသည့် သူမလေးကိုကြည့်ရင်း သူ သနားစိတ်ဝင်လာရသည်။ ဘယ်သွားမှာ ဘာလုပ်မှာ တစ်ခွန်း မှမမေးဘဲ သူ့အတွက် အလိုက်တသိ ပြင်ဆင်ပေးနေသော သူမ။ ဘာမှ သိခွင့်မရှိသော ဝေဒနာသည် … သူမအပေါ် သူ နိုင့်ထက်စီးနင်းလုပ်တာ များနေပြီ။

သူက အတွေးနဲ့အတူ ရင်ထဲမကောင်းတော့ဘဲ …

"သံယောဇဉ်"

"ရှင် … ကိုကို"

သူမ ဖျတ်ခနဲ မော့ကြည့်သည်။ အိုး … ကိုကို့မျက်ဝန်း တွေဟာ သူမ တွေ့နေကျလိုမဟုတ်။ သူမတူအောင် ရီဝေ ရွှန်း လဲ့လို့။ ပြီးတော့ နူးညံ့ပျော့ပျောင်းမှုတွေပါ သူမ အတိုင်းသား တွေ့နေရသည်။ အဲဒီမျက်ဝန်းတွေထဲ အခိုက်အတန့် သူမက ပျော်ဝင်နေရသည့်အချိန်မှာပင် ကိုကိုက သူမအနား တရွေ့ရွေ့ လျှောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



လက်တစ်ကမ်းအကွာ ရပ်လိုက်တော့ ကိုကို့အရပ်က အမြင့်ကြီးရယ်။ သူမ မော့မော့လေး ငေးရ၏။ မျှော်လင့်ခြင်း တစ်စုံတစ်ရာဖြင့် သူမ နှုတ်ခမ်းပါးလေးက ဆတ်ဆတ်တုန်နေသည်။ ကိုကိုနှင့် သူမအပေါ် တိတ်ဆိတ်ခြင်းတွေက ဖုံးအုပ်ထားသည်။ သို့ပေမယ့် ရင်ခုန်သံကတော့ တိုးတိုးထွက်ပေါ်လျက်။ ကိုကိုက အဲဒီနူးညံ့ရီဝေနေသော မျက်ဝန်းတွေနှင့် သူမကို အကြာကြီး ငေးမောကြည့်နေပြီးမှ …

"သုံးရက်လောက်ပဲ ကြာမှာပါ၊ ကိုယ် အမြန်ဆုံးပြန်လာခဲ့မယ်"

ဟု ချိုမြိန်ရှတစွာပြောပြီး သူမ၊နဖူးပြင်ဆီသို့ အနမ်းတစ်ပွင့် ခြွေချသည်။ ထိုအနမ်းသည် ရင်တွင်းသို့ အေးခဲစွာ စီးဆင်းသွားရသလို သူမ ခံစားရပါသည်။ အဲဒီအနမ်းကို တစ်ဘဝစာအဖြစ် သူများ သိမ်းထားပါ့မယ် … ကိုကို။

*





------------------။

မိုးကုတ်မြေကို နင်းတော့ ရင်ထဲ သိမ့်ခနဲနေအောင် လှုပ်ရှားသွားရသည်။ ဒီမြေနဲ့ ကင်းကွာခဲ့တာ သူ့အတွက် နှစ်အတန်ကြာလေပြီ။ ဒါပေမဲ့ …တစ်ခုကွာခြားသွားတာက သူဟာ အရင်က ကျော်ပီယ မဟုတ်တော့။ အခုအချိန် တွေ့ရသော ကျော်ပီယသည် စိတ်ဓာတ်ရော၊ ရုပ်ရည်အသွင်အပြင်ပါ အခြားကြီး ခြားနားခဲ့လေပြီ။

သူတို့ရဲ့ မိုးမခမြိုင်ရိပ်သာသည် အခါတိုင်းလိုပင် …။ ဘာမှ မပြောင်းလဲ။ သို့ပေမယ့် သူလာမယ်မှန်း မသိ၍လေလော။ တိတ်ဆိတ်နေတာက သုသာန်တစပြင်ကြီးနှယ်။ အိမ်အကူတွေကို အသံတစာစာနှင့် စီမံအုပ်ချုပ်တတ်သော၊ အိမ်မှုကိစ္စတွေကို ကျွမ်းကျင်နိုင်နင်းစွာ ခိုင်းစေတတ်သော အမေ … ပျောက်နေ၏။

www.burmeseclassic.com

www.burmeseclassic.com

ထို့ထက် ပိုဆိုးတာက အိမ်ရှေ့သံဘာဂျာတံခါးကြီးအား ဆွဲပိတ်ထားခြင်းဖြစ်သည်။ ဒါ . . . သူ့အတွက် အထူးခြားဆုံး။

ကျောက်တွင်းအလုပ်သမားတွေ၊ အဖေရဲ့ တခြားလုပ်ငန်းခွဲက လူယုံတွေ အဆက်မပြတ် ဝင်ထွက်သွားလာနေသော အိမ်ကြီးဟာ သူ့တစ်သက် ဘယ်အခါမှ တံခါးမပိတ်ခဲ့ဖူး။

''မျက်စိနှစ်လုံးပွင့်တာနဲ့ အိမ်တံခါးမကြီးကို အရင်ဖွင့်ထားရမယ်၊ ဒါမှ အပြင်က လာဘ်လာဘတွေ ဝင်လာမယ်၊ တစ်ညလုံး အိမ်ထဲမှာ ပိတ်လှောင်နေတဲ့ ပူပန်သောကတွေက ထွက်သွားမယ်''

ဟူသည့် အယူရှိသော အဖေ့စကားကို အမေကစ၍ တစ်အိမ်သားလုံး မြေဝယ်မကျ နားထောင်ရစမြဲ။

အခုတော့ . . . သူက အတွေးကို ဆုံးအောင်ဆက်မတွေးတော့။ ဘာဂျာတံခါးကို အစွမ်းရှိသ၍ ဆွဲခါပစ်လိုက်သည်။

တကျိုင်းကျိုင်း သံစုံမြည်သံနှင့်အတူ . . .

''အဖေ . . . အမေ . . . သားပြန်လာပြီ၊ အမေ . . . အမေရေ . . . ဒီမှာ အမေ့သားပြန်လာပြီဗျ''

သူ ဝမ်းသာအားရ အော်ခေါ်သံအဆုံး၌ အိမ်ကြီးဆီမှ





တိုးတိတ်သော ခြေသံတစ်စုံကို အရင်ကြားရတာပါ။ အဲဒီနောက် အခန်းထောင့်ကွယ်မှ ထွက်လာသူက ဦးလေးတိုး။

''ပီယ''

''ဦးလေးတိုးက ကျွန်တော့်ကို မှတ်မိသားပဲ၊ အမေရော ဦးလေးတိုး၊ တံခါးဖွင့်ပါဦးဗျ . . . အမေ့ကို တွေ့ချင်နေတာ၊ အမေ နေကောင်းရဲ့လား၊ အဖေ . . . အဖေရော''

သူက ရေပက်မဝင်အောင် စကားတွေ သွက်သွက်မေး၊ လူက လှုပ်ရှားတုန်ယင်နေသလောက် ဦးလေးတိုးကတော့ မတုန်မလှုပ်။

''ဆရာကြီး မင်းကိုစောင့်နေတယ် မောင်ပီယ၊ အပေါ်ထပ်ညှိခန်းကို တက်သွားလိုက်ပါ''

ဟု အေးစက်စက်ပြောသည်။ ထူးခြားဆန်းကြယ်သော အငွေ့အသက်က သူ့ခန္ဓာကိုယ်အား တစိမ့်စိမ့် ခွဲဖြာစီးဆင်းရင်း အပေါ်ထပ်လှေကားဆီ တက်လာမိပါပြီ။

တွေ့ပါပြီ . . . အဖေ။ ဒါပေမဲ့ အဖေတစ်ဦးတည်း။ ပြီးတော့ အဖေက ဝှီးလ်ချဲပေါ်မှာ။ သူ ရင်တွေထိတ်သွား၏။ သူ့မရှိတဲ့ အချိန်အတွင်း အိမ်မှာ ဘာတွေဖြစ်ကုန်ကြပါပြီလဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖေ ..."

သူက နောက်ပါးမှ ဆို့နင့်စွာ ခေါ်သည်။ အဖေက ဝှီးလ်ချဲအား သူ့ဘက်သို့ ကျင်လည်စွာ လှည့်လာတော့ သူနှင့် မျက်နှာချင်းဆိုင်။

"ဘယ်လိုဖြစ်ရတာလဲ အဖေရယ်"

သူ့အသံက ဟန်ဆောင်၍မရ ...။ ငိုသံပါကြီးနှင့်။ သူ့ဟာသူ ရန်ကုန်၌ ဘယ်လိုပဲကျင်လည်ခဲ့ပါစေ။ အဖေ့ရှေ့ ရောက်တော့ သူက ကလေးပြန်ဖြစ်သွားသည်။

"အဖေရာ ဘယ်လိုဖြစ်တာလဲ၊ ဘာဖြစ်လို့ သားကို အသိမပေးရတာလဲဗျာ"

သူက အဖေ့ပေါင်ပေါ် မျက်နှာမှောက်ပြီး ဝမ်းပန်းတနည်း ရှိုက်ငိုသည်။ အဖေ့ပေါင်ပေါ် တစ်ခဏချင်း မျက်ရည်တွေ ရွှဲနစ်သွားရ၏။ အဖေက သူ့ခေါင်းကို ဖွဖွပွတ်သပ်ပေးရင်း ...

"ဖြစ်ချိန်တန်လို့ ဖြစ်တယ်ပဲ သဘောထားပါတယ် သားရယ်၊ မင်း ယောကျ်ားလေကွာ ... ငိုမနေနဲ့တော့"

ဟုပြောသော အဖေ့မျက်ဝန်းတွေထဲမှာလည်း မျက်





ရည်တွေ ဝေ့သီလျက် ...။

"ကားအက်ဆီးဒင့်ဖြစ်တာ သား၊ ဖြစ်စကတော့ အကျင့်မရှိတော့ နည်းနည်းဒုက္ခရောက်တာပေါ့၊ ဒါပေမဲ့ ... ဦးတိုးက အားလုံးကူညီပါတယ်၊ အခုတော့ အကျင့်ရသွားပြီလေ၊ အဆင်ပြေသွားပြီပေါ့"

"အမေကရော ... အဖေ"

ရောက်စကတည်းက သူ မတွေ့ရသေးသော အမေ။ သူ့ကိုချစ်လွန်းသောအမေကို အခုချိန်အထိ သူ ဘာကြောင့် မတွေ့ရတာပါလိမ့်။ အဖေက သူ့ကို မချိတရိပြုံးပြပြီး ...

"မင်းအမေရှိပါတယ် သားရယ်၊ ခြံထဲမှာလေ"

ဒီတော့မှ သူစိတ်အေးသွားရပြီး ...

"အမေကလည်းဗျာ၊ သားရောက်နေတာ မသိဘူးလား၊ လာပြီးတောင် မကြိုနိုင်ဘူး၊ စိမ်းကားနေလိုက်တာ"

သူက ပြောလည်းပြော၊ ပြတင်းပေါက်ဆီ ခြေလှမ်းတို့ သွက်သွက်လှမ်းမိပါပြီ။ ဒီတစ်ခြံလုံးအား ဆီးမိုးမြင်နိုင်သော ပြတင်းပေါက်သည် အပေါ်ထပ်ဧည့်ခန်း၌သာ ရှိလေသည်။ သူက ခြံတွင်း မြင်ကွင်းတွေကို ဖြစ်သလို ကျော်လွှားပြီးနောက် နေ့



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

သူ့နှုတ်မှ အာမေဋိတ်သံ။ စိုးရိမ်စိတ်က အလုံးကြီး တစ်လုံးပမာ ရင်ကို လာဆောင့်သည်။ ခြံထောင့်၌ အုတ်ဂူ ဖြူဖြူလေး။

"အဖေ"

သွေးပျက်ချောက်ချားစွာ သူ အော်သည်။ အဖေက တော့ အေးဆေးတည်ငြိမ်သောအသံဖြင့် …

"တွေ့ပြီးသွားပြီလား သား"

"အဖေ … အမေ … အမေက"

"ဆုံးသွားပြီသား၊ သားကို လာတွေ့ပြီးတာနဲ့ ကျန်းမာရေး မကောင်းတော့တာပဲ၊ အိပ်ရာပေါ် တခွေခွေနဲ့၊ သား လွတ်မြောက်ဖို့အတွက် အဖေ ကြိုးစားသေးတယ်၊ ဒါပေမဲ့ … မရခဲ့ဘူး၊ သားက တရားရုံးမှာ အကုန်ဝန်ခံခဲ့ပြီးပြီကိုး၊ အမှုက ထင်ရှားလွန်းတော့ အဖေရော, ဦးလွန်းညိုရော ဘာမှ မတတ်နိုင်ခဲ့ဘူး သား"

သူ ရှိုက်ငိုရှိုက်ငို၍ပင် မရတော့။ ရင်ထဲ ဆို့နင့်နင့်ကြီး ဖြစ်နေတာများ ငို၍တောင် အားမရှိတော့။ သူ့အပေါ်ချစ်ခဲ့သော၊ သူ့





ဘက်မှ အမြဲတမ်း ရပ်တည်ခဲ့သော အမေသည် သူ့စိတ်ကြောင့် ဒီလောကကြီးထဲက ထွက်ခွာသွားရလေပြီ။

"သားဆီကို နောက်ဆုံးအနေနဲ့ စာရေးခဲ့တယ်၊ အဖေ့ ကိုလည်း သူ့ရဲ့နောက်ဆုံးအချိန်အထိ ထပ်တလဲလဲ တောင်း ဆိုခဲ့တဲ့ စကားတစ်ခွန်းရှိတယ်၊ အဲဒါ … သားကို ခွင့်လွှတ် လိုက်ပါတဲ့၊ ပြီးတော့ … သားက အဲဒီလိုအလုပ် လုပ်မှာ မဟုတ်ဘူးတဲ့၊ သား ခြေလှမ်းမှားတဲ့အချိန် တစ်စုံတစ်ယောက် က အခွင့်ကောင်းယူခဲ့တာပဲ ဖြစ်မယ်တဲ့၊ ကိုယ့်သားသမီးပဲ သားရယ် … ဘယ်မိဘကတော့ အပြီးတိုင် စွန့်လွှတ်နိုင်ကြမှာ တဲ့လဲ"

လို့ အဖေကပြောတော့ သူဟာ အဖေ့ရင်ခွင်ထဲ တိုး ဝင်ရင်း အဖေမမြင်အောင် အံကြိတ်ထားမိသည်။ အမေ ထွက် ခွာသွားရတာ သူ့အပြစ်၊ သူ့ပေါ့ညံ့မှုကြောင့်။ ပြီးတော့ … ဒါကို အခွင့်ကောင်းယူတဲ့ မိန်းမကြောင့်။ သူ့ရင်ထဲ ပျောက်ကွယ် လုနီးပါးဖြစ်နေသော နာကြည်းချက်တွေက အသစ်တစ်ဖန် ပြန် ဖြစ်လာခဲ့သည်။ သူမျှော်လင့်ခဲ့ရတာ ရိုးစင်းသော၊ စစ်မှန်သော အချစ်တစ်ခုဖြစ်ပြီး သူပြန်ရခဲ့တာ ကြေကွဲမှု၊ ဆုံးရှုံးမှုနှင့် သူ့



www.burmeseclassic.com

www.burmeseclassic.com



ကိုချစ်သော မိခင်တစ်ဦးဖြစ်သည်။

ကျန်သောအရာတွေကို သူ အစားထိုး ပြန်ရှာလျှင်ရချင်ရမည်။ အမေ့ကိုတော့ ... အမေ့ကိုတော့ ... သူ ဘယ်တော့မှ ပြန်ရတော့မည် မဟုတ်တော့။ အဖေကတော့ သူ့ပခုံးမှဆွဲခွာကာ မျက်နှာချင်းဆိုင်စေပြီး ...

"ဒါကြောင့် ... သားထွက်လာတဲ့အချိန်မှာ အဖေ့ဆီပြန်မလာစေခဲ့တာ ပီယ၊ ငါ့သား ပိုစိတ်လေသွားမှာစိုးလို့၊ စိတ်ဓာတ်တွေ တစ်စစီ ပြိုကျသွားမှာစိုးလို့ပါ၊ အခု ... သားကအိမ်ထောင်တစ်ခုလည်း ထူပြီးပြီဆိုတော့ ..."

အဖေက စကားကို ခဏဖြတ်ကာ သူ့မျက်နှာကိုသေချာစိုက်ကြည့်ပြီး ...

"ငါ့သား စိတ်ငြိမ်သွားပြီလို့ အဖေမျှော်လင့်တယ်"

"ဟုတ်ကဲ့ ... ကျွန်တော် တည်ငြိမ်သွားပါပြီ အဖေ၊ ဒါပေမဲ့ ... အဖေ့ကို တစ်ခုတော့ ယုံစေချင်တယ်၊ ကျွန်တော့်ဘဝရဲ့ အမည်းစက်ကြီးက ကျွန်တော်မိုက်လို့ မဟုတ်ဘူးအဖေ၊ ကျွန်တော်မသိဘဲ ဖြစ်သွားရတဲ့ အဖြစ်အပျက်ပါ"

အဖေက ခေါင်းတညိတ်ညိတ်နှင့် နားထောင်ပြီးမှ ...





"အဖေယုံပါတယ် သားရယ်"

တဲ့လေ။ အဲဒီစကားတစ်ခွန်းကြောင့်ပင် သူ လွင့်ခနဲပျော်ရ၏။ အမေ့အတွက် ဝမ်းနည်းပူဆွေးခြင်းမှတစ်ပါး သူ့မွေးဌာနီက စိတ်ချမ်းသာစရာ အများအပြားကို ဖြည့်ဆည်းပေးခဲ့ပါသည်။ အဖေ့ဝိုးလ်ချဲကို သူက ညနေခင်းအချိန်၌ခြံထဲလှည့်ပတ်တွန်းပေးတတ်သည်။ သံယောဇဉ်အား သုံးရက်နှင့်ပြန်လာမည်ဟု သူက ပြောခဲ့ပေမယ့် မိုးကုတ်ရောက်ပြီးတာနှင့်ချက်ချင်းမပြန်ဖြစ်သေး။

အဖေ့အား တစ်ယောက်တည်း မထားခဲ့လိုတာရော၊ အမေ့အုတ်ဂူအား မခွဲနိုင်သောကြောင့် သူ ကြာမြင့်နေရခြင်းဖြစ်သည်။ တစ်ညနေမှာတော့ သူက အဖေ့အား ပဟေဠိဖြစ်နေသော ကိစ္စရပ်တချို့အား မေးမြန်းခဲ့သည်။

"အဖေ့ကျောက်တွင်းတွေ မလုပ်တော့ဘူးလားဟင်၊ ဒါမှမဟုတ် ... တခြားတစ်ယောက်ကို လွှဲခဲ့တယ်ဆိုရင်လည်း သား ကူပြီးလုပ်ပေးပါရစေ၊ အဖေ လုပ်စေချင်တဲ့ အလုပ်တစ်ခုကို သား တတ်နိုင်တဲ့ဘက်က ကူညီပေးမှာပါ"

သူက ပြောသောအခါ အဖေက ပြုံးသည်။ အဖေ့အပြုံး



www.burmeseclassic.com

www.burmeseclassic.com



သည့် ညနေဆည်းဆာလိုပင် ဖျော့တော့လွန်းလှ၏။

"မလိုတော့ပါဘူး သားရယ်"

"ဗျာ ... ဘာဖြစ်လို့လဲ အဖေ၊ သား တကယ်စိတ်ဝင်တစားနဲ့လုပ်မှာပါ အဖေရဲ့"

"အဖေ့ကျောက်တွင်းတွေ ရောင်းလိုက်ပြီ"

"ဗျာ ..."

"ဟုတ်တယ် သား၊ အဲဒီတုန်းက အစစ်ဆေး အမေးမြန်းလည်းရှိတော့ တော်ရုံကျောက်တူးသမားတွေက အဖေ့တွင်းဆီ မလာရဲဘူး သား၊ တစ်ခုခုဖြစ်ခဲ့ရင် သူတို့ကို အမှုပတ်မှာစိုးလို့လေ၊ နောက် မလေးလည်းဆုံး၊ အဖေလည်း ဒီဘဝရောက်တာနဲ့ပဲ ကျောက်တွင်းတွေကို လာဝယ်တော့ အဖေလည်း မတန်တဆဈေးနဲ့ ထိုးရောင်းမိတော့တာပဲ"

"ဆရာကြီးက အဲဒီအချိန်တုန်းက စိတ်ညစ်နေတာကိုး မောင်ပီယရဲ့ ... အမှားအမှန် မခွဲခြားနိုင်ဘူးလေ၊ ဦးတိုး တားပါသေးတယ် ... ဈေးက မတရားနှိမ်နေတာလေ"

အဖေ့အနား၌ အမြဲရှိနေသော ဦးလေးတိုးက ဝင်ပြောသည်။ အဖေကတော့ ...





"သင်္ခါရသဘောတရားပေါ့လေ ... ထားပါတော့၊ ပျက်ချိန်တန် ပျက်ကြတာပါပဲ၊ ရောင်းပြီးမှ အဖေ့တွင်းထဲက တော်တော် အရည်ကောင်းတဲ့ ပတ္တမြားနှစ်လုံး ထွက်သတဲ့"

"ဘယ်လောက်အရည်ကောင်းသလဲ ပြောလိုက်ဦးလေ ဆရာကြီးရဲ့၊ ဒေါ်လာ သန်းချီပြီးရတာ၊ အခု အဲဒီတွင်းတွေက ဆရာကြီးဆီက ဝယ်တဲ့ဈေးထက် အဆတစ်ရာလောက် တက်သွားပြီ"

"ဘယ်တတ်နိုင်မလဲလေ ... ကံတရားအတိုင်းပဲပေါ့"

ဟု အဖေက ပြောပေမယ့် သူကတော့ ကံပေါ်ပုံမချနိုင်ပါ။

"ဒါဆို ... အခု အဲဒီတွင်းပိုင်ရှင်က တော်တော်ထောသွားပြီပေါ့"

"ဒါပေါ့ကွ ... ပိုင်ရှင်တောင် ဒီမှာမရှိတော့ဘူး၊ နိုင်ငံခြားထွက်သွားပြီဆိုလားပဲ၊ ယယ်ယယ်ချောချောပဲကွ၊ နာမည်က ... ဘယ်သူ ဦးတိုး"

အဖေက မမှတ်မိသလို ပြောသည်။ ဦးလေးတိုး နှုတ်များက ထွက်ကျလာသော အမည်သည် သူ့ကမ္ဘာအား ဝုန်းဆို



www.burmeseclassic.com

www.burmeseclassic.com



ပြိုကျသွားစေသောအမည်။

"သမုဒယ ..."

ဘဲ့လေ။ ဒီမိန်းမဟာ သူ့ဘဝတစ်ခုလုံးသာမက မိဘမျိုးရိုးစဉ်ဆက်က စီးပွားရေး ပြီးတော့ အမေ။ ပြီးတော့ သူ့အနာဂတ်တွေအား မာယာမီးဖြင့် တစ်ချက်တည်း လောင်မြိုက်စေခြင်းဖြစ်သည်။ သူတို့စည်းစိမ်တွေ၊ သူတို့ဘဝနဲ့ အမေ့အသက်တွေ ပုံပေးရသော သမုဒယ။

သူမကတော့ ငြိမ်းချမ်းရာမှာ ပြည့်စုံစွာ ခံစားနေပြီ။ သူက မိုးမခရိပ်သာနဲ့ အမေက ...၊ အဖေကရော ...။

သူ ဘယ်နှစ်ကြိမ်မြောက်မှန်းမသိ။ အံကို တင်းခနဲကြိတ်မိပြီ။ ရင်ထဲ၌ အမုန်းရထားက ကျယ်လောင်သော အသံပေး၍ ခုတ်မောင်းလျက်။ အတွင်းကလီစာတွေ ကြေမွ ပျက်သုဉ်းကုန်ပြီ ထင်ရဲ့ ...။

* * *

## အပိုင်း (၁၁)

သုံးရက်လို့ ပြောသွားပေမယ့် ဆယ်ရက်ပြည့်မှ ကိုကို ပြန်ရောက်လာပါသည်။ အိုး ... သူများ ပျော်လိုက်သည့်ဖြစ်ခြင်း။ ကိုကို့အိတ်ကို ပြေးဆွဲကြိုကာ လူရှေ့မှာပဲ မရှက်နိုင်။

"လွမ်းလိုက်တာ ကိုကိုရယ်၊ သူများက ထင်တော့ ထင်သား ... ဒီနေ့လောက်ဆို ကိုကိုပြန်လာတော့မှာလို့၊ အဲဒါကြောင့် ညက အိပ်မက်တောင် မက်နေသေးတာ"

"တော်ပါဟာ ... ညည်းအစ်ကိုလေးကို အိပ်မက် မမက်တဲ့ည ဘယ်နှစ်ညများ ရှိလို့လဲ၊ ညတိုင်း အိပ်မက်ထဲမှာ

သက်ပိုင်ရဲစာပေ

www.burmeseclassic.com

www.burmeseclassic.com



တွေ့နေတာကိုပဲ''

ကိုကောင်းက ဝင်ပြောတော့ သူမသည် ပခုံးစုံတွန့်ကာ ...

''အဟီး''

ဟု ရယ်ပြလိုက်သေးသည်။ မသီကလည်း သူမအကြောင်းကို အစ်ကိုလေးအား ဖောက်သည်ချရန် စောင့်နေဟန်တူ၏။

''ဟုတ်ပါ့ အစ်ကိုလေးရယ်၊ နေ့တိုင်း ဟင်းတွေချက်တာ မမောမပန်းဘဲ၊ အစ်ကိုလေး ပြန်လာမယ်ပြောတဲ့ သုံးရက်မြောက်နေ့ကတည်းကလေ၊ အစ်ကိုလေးက ပြန်မလာ၊ သူကလည်း အစ်ကိုလေးကို လွမ်းတဲ့စိတ်နဲ့ မစားနိုင်တော့ ... ဟီးဟီး ... မသီတို့ပဲ ညတိုင်းကျိတ်နေရတာ ဝ,တောင် ဝလာတယ်နော် အစ်ကိုလေး''

ဟု ခြံထဲမှ အိမ်ပေါ်အထိ သူမတို့တစ်တွေက တတွတ်တွတ်ပြောကာ ဘေးနား၌ ပါလာရသည်။ ကိုကိုကတော့ တစ်ခွန်းတစ်ပါဒမှ ပြန်မပြောပေ။ အိပ်ခန်းနားရောက်သည်အထိ မျက်နှာထားတည်တည်ကြီးဖြင့် လျှောက်သွားသည်။





အခန်းဝရောက်တော့မှ ...

''မောင်ကောင်း''

''ဗျာ ... အစ်ကိုလေး''

''ညနေ ... ငါ ရန်ကုန်သွားမလို့၊ ငါ့ကွ[illegible]ားကို သ,ထားလိုက်''

''ဟုတ်ကဲ့ အစ်ကိုလေး''

ဟု မောင်ကောင်းက မြန်မြန်ပြောရသည်။ မပြော၍လည်း မဖြစ်။ အစ်ကိုလေး မျက်နှာကြီးက ကြောက်စရာကြီးရယ်။ မသီကို မျက်ရိပ်ပြကာ ဒီနားမှခွာရန် အချက်ပေးရသည်။ ဒါကို မရိပ်မိသူက သံယောဇဉ်။ အစ်ကိုလေး ပြန်ရောက်တာနှင့် အူမြူးရွှင်ပျနေကာ ဘာကိုမှ မသိနိုင်။ ထို့ကြောင့် ...

''ကိုကို ရေတစ်ခါတည်း ချိုးပါလား၊ ပြီးရင် ထမင်းစားကြမယ်လေ၊ ဒီနေ့ ကိုကို့အကြိုက် ဝက်သားနဲ့ ပုန်းရည်ကြီး ချက်ထားတယ်၊ ပြီးတော့ ...''

''ငါ မစားတော့ဘူး''

အသံက ပြတ်ပြတ်ကြီး။ သူမသည် ရုတ်ခြည်း ထူးဆန်းတာရော၊ ထိတ်ခနဲ လန့်သွားတာရောနဲ့ပေါင်းကာ ကိုကို့



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို ဖျတ်ခနဲ မော့ကြည့်မိသည်။ သူမ ခြေဖျား လက်ဖျားတွေ အေးစက်ကာသွား၏။

အို ... ကိုကို့အကြည့်တွေက စူးလိုက်တာ စိမ်းလို့။ သူမ တအံ့တသြဖြစ်နေဆဲမှာပင် ကိုကိုက အိပ်ခန်းထဲ ဝင်သွားလေပြီ။ ဆောင့်ပိတ်သော တံခါးအသံက ဒုန်းခနဲ။

''အမေ့ ...''

သူမက လန့်ပြီး လွှတ်ခနဲ အော်မိသည်။ အကွယ်နေရာက ခေါင်းလေးနှစ်လုံးက ကိုကိုအိပ်ခန်းထဲ ဝင်သွားတာနှင့် ရှေ့ဆင့်နောက်ဆင့် ထွက်ပြူလာ၏။

''ဘာဖြစ်လာတာလဲ သံယောဇဉ်''

မသီက လေသံသဲ့သဲ့နှင့် မေးသည်။ သူမက လက်တခါခါဖြင့် ...

''မသိဘူး''

''တစ်ခုခု ဒေါသထွက်စရာရှိလို့ နေမှာပေါ့ဟာ၊ နင်တို့မိန်းမတွေကလည်း သိပ်စပ်စုတဲ့ဟာတွေ၊ လာခဲ့ ... ငါနဲ့အတူ ကားကူဆေးပေး''

ကိုကောင်းက မသီကို တစ်ခါတည်း ဆွဲခေါ်သွားသည်။





သူမမှာသာ အခန်းဝ၌ ချီတုံချတုံရပ်နေတာ အချိန်တော်တော်ကြာပါသည်။ ကိုကို့အား မျှော်ခဲ့ရသော ရက်တွေ၊ ကိုကို သွားခါနီးပေးသွားခဲ့သော အနမ်းတွေဟာ သူမလွမ်းစိတ်ကို ပိုမိုကြီးထွားရင့်သန်စေ၏။ အချစ်တွေနှင့် ကိုကိုကြည်ဖြူပြီလို့ သူမထင်မှတ်မိကာမှ ကိုကိုရယ် ... ဟုသာ သံယောဇဉ် တီးတိုးရေရွတ်နိုင်ပါသည်။

သူမသည် ကိုကို့အရိပ်အခြည်အား စောင့်ကြည့်ရန်သာ တတ်နိုင်တော့သည်။ အိပ်ရာမှထလာသော ကိုကိုက ရေချိုးရန် ပြင်ဆင်သောအခါ သူမက တဘက်ယူပေး၊ ရေလဲပုဆိုးယူပေးရင်းက ...

''ကိုကို ... တွင်းရေချိုးမလားဟင်၊ သူက အေး တယ်၊ တိုင်ကီထဲမှာကျတော့ ထည့်ထားတာကြာပြီ ကိုကိုရဲ့၊ ပူနေလောက်ပြီ၊ တွင်းရေချိုးမယ်ဆို သူများ သွားဆွဲလိုက်မယ်လေ''

ဟု ပျာပျာသလဲပြောပေမယ့် ကိုကိုက အဖက်မတန်သလိုပင် ...။ စကားပြန်ပင် မရ။

''မောင်ကောင်း''

''ဗျာ ... အစ်ကိုလေး''



www.burmeseclassic.com

www.burmeseclassic.com



မနီးမဝေးမှ သူမတို့အခြေအနေကို စောင့်ကြည့်နေသော မောင်ကောင်းက ချက်ချင်းအနားသို့ ရောက်လာ၏။

"ကားအဆင်သင့်ပဲလား"

"ဟုတ်ကဲ့ အစ်ကိုလေး"

"သွား ... ဗီရိုထဲက ငါ့ဝတ်စုံထဲမှာ အကောင်းဆုံးလို့ ထင်ရတဲ့တစ်စုံ ထုတ်ထားလိုက်"

"နေ ... နေ ... ကိုကောင်း၊ သူမများ ရွေးပေးလိုက်မယ်"

သံယောဇဉ်က ခပ်ပျာပျာပင် အိမ်ပေါ်ပြန်ပြေးတက်ခဲ့သည်။ အကောင်းဆုံးဝတ်စုံတဲ့။ ကိုကို ဘာများလုပ်မလို့ပါလိမ့်။ သူမ ဒီအိမ်ပေါ်ရောက်ကတည်းက ကိုကိုဟာ စွပ်ကျယ်နဲ့ ချည်ပုဆိုးတွေသာ အဝတ်များပါသည်။ စိုက်ခင်းထဲ နေပူမရှောင်၊ မိုးရွာမရှောင် အလုပ်လုပ်နေရသူမို့ ပုဆိုးတွေပင် သိပ်အကောင်း မရှိတော့။

အစုတ်အပြဲတွေ တစ်ပုံတစ်ပင်။ ဒါကိုပဲ သူမက စမ်းသပ်သီချုပ်ပေးရတာ။ ကိုကို့ကြည့်ရတာ အဝတ်အစား ကောင်းကောင်းဝတ်ရန်လည်း ဝါသနာပါပုံ မရ။ အခုခါမှ ...





အင်း ... စဉ်းစားနေချိန် မရှိ။ တော်ကြာ သူတက်လာလို့ အဆင်သင့်မဖြစ်ရင် စိတ်ဆိုးနေပါဦးမယ်ဟု သူမက တွေးရင်း အကောင်းဆုံးဟု ထင်ရသော ဝတ်စုံတစ်စုံကို သွားတွေ့သည်။ မိချောင်းတံဆိပ် စပို့ရှပ်အပြာနုရောင်နဲ့ ဂျင်းပင်န် အနက်။ သူမက စနစ်တကျထုတ်ပြီး ခုတင်ပေါ် တင်ထားလိုက်သည့်အချိန်မှာ ကိုကိုက အိပ်ခန်းထဲ ဝင်လာလေပြီ။

"အို"

သူမနှုတ်မှ ယောင်ယမ်းပြီး အသံထွက်ကျသွားသည်။

ကိုကို ... ဟုတ်သည်။ သူမ ကိုကိုအစစ်။ မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးတွေ ရှင်းပစ်လိုက်သောအခါ ကိုကို့မျက်နှာသည် နုဖပ်လန်းဆန်းစွာ။ သူမသည် ချောမောပြေပြစ်သော ကိုကို့အား အတန်ကြာ သတိလက်လွတ် ငေးမောနေချိန်မှာပင် ...

"သံယောဇဉ်"

"ရှင် ... ကိုကို"

"မင်းကို ပြောစရာရှိတယ်"

ကိုကို့ပြောပုံက သူစိမ်းဆန်လိုက်တာ။ တစ်ချက်ကလေးတောင် အရယ်အပြုံးမရှိ။ အကြည့်တွေကလည်း စိမ်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ ကိုကို"

သူမက ရိုကျိုးစွာ မျက်လွှာကို အောက်ချပြီး ပြော၏။ ကိုကို ဘယ်လောက်စိမ်းစိမ်း သူမက မစိမ်းနိုင်ဘဲကိုး။

"ဒီနေ့ ဒီအချိန်ကစပြီး ငါလုပ်ချင်တာမှန်သမျှ မကန့်ကွက်စတမ်း, မမေးမြန်းစတမ်း မင်း ဖြည့်ဆည်းပေးရမယ်၊ မဖြည့်ဆည်းပေးနိုင်ဘူးဆိုရင် မင်း ငါ့အနားက ထွက်သွားရလိမ့်မယ်"

"ကိုကို"

သံယောဇဉ်ထုံးမှ ထိတ်လန့်တကြား အော်သံလေး ထွက်သွားရသည်။

"ထွက်သွားဖို့စကား မပြောပါနဲ့ ကိုကိုရယ်"

အပြောနှင့်အတူ မျက်ရည်က အိခနဲ ဝိုင်း၏။

"သူမျှားက ကိုကို့အတွက် ဘာမဆို ဖြည့်ဆည်းဖို့ အဆင်သင့် ပြင်ထားတဲ့သူပါ"

"ရပြီ ... အဲဒီလောက်ဆို၊ မင်းမျက်ရည်တွေ ကျမလာအောင် ထိန်းလိုက်၊ အဲဒီမျက်ရည်တွေကို ငါ မမြင်ချင်ဘူး"

ဟု ကိုကိုက ပြောသောအခါ သူမက မျက်တောင်ရှည်





ကြီးတွေနဲ့ ပုတ်ခတ်ရင်း မျက်ရည်တွေကို ပြန်ထည့်ရ၏။

"မင်းမှာ ပိုက်ဆံဘယ်လောက်ရှိသလဲ"

အဆက်အစပ်မရှိ မေးသံကြောင့် သူမက ကြောင်အ, သွားရပြီးမှ ...

"နှစ်သိန်းကျော်ကျော်ပဲ ရှိတယ်ကိုကို၊ သူမျှား သုံးချင်တာ သုံးဖို့ဆိုပြီး ... ဟို ... ကိုကို ယူမလို့လားဟင်"

"ငွေလေး နှစ်သိန်းလောက်နဲ့ ငါ ဘာလုပ်လို့ရမှာလဲ"

"ဟို ... ဘဏ်စာအုပ်တော့ရှိတယ်လေ ကိုကို၊ ပြီးတော့ ... လက်ဝတ်လက်စားတွေလည်း ရှိတယ်"

"အေး ... မင်းဆီမှာရှိတာတွေ ပြောမနေနဲ့၊ ငါ့အတွက်က အချိန်မရှိတော့ဘူး၊ ကဲ ... ပေးစမ်း ပိုက်ဆံ"

"ဒီမှာပါ ကိုကို"

ဗီရိုထဲက ထုတ်ပြီး တရိုတသေ ကမ်းပေးသော ငွေစက္ကူတစ်ထပ်ကြီးကို ကိုကိုက ဆောင့်ဆွဲယူသည်။ ပြီးတော့ ... အဝတ်အစားလဲကာ အိပ်ခန်းထဲက ခြေသံပြင်းပြင်းနင်းပြီး ထွက်သွား၏။ သူမမှာ ပေါ်တင်ကြီး လိုက်မချောင်းရဲသဖြင့် ခြေသံမကြားအောင် ဖော့နင်းပြီး ပါသွားသည်။ ကိုကိုကတော့



www.burmeseclassic.com

www.burmeseclassic.com



မသိ။

"မောင်ကောင်း ... တက် ... ကားပေါ်၊ ငါနဲ့အတူ လိုက်ခဲ့"

ဟု ခေါ်လေသည်။ မောင်ကောင်းကတော့ အူတူရှွင်ရှွင်ဖြင့် တက်လိုက်ကာ ...

"အတော်ပဲ ... မြို့ထဲရောက်ဖူးချင်နေတာနဲ့"

"အကောင်းခေါ်တာ မဟုတ်ဘူးဟေ့၊ မင်းကို အထုပ်ဆွဲခိုင်းမလို့"

လို့ ကိုကိုက ပြောသွားပါသည်။ အဲဒီည ပြန်ရောက်တော့ တကယ်ပင် ကိုကောင်းက အထုပ်အပိုးတွေဆွဲလို့။ အထဲ၌ ယောကျ်ားအသုံးအဆောင်ပစ္စည်းတွေက တစ်ပုံတစ်ပင်။ အဝတ်အစားတွေ၊ ခေါင်းလိမ်းဆီ၊ Roll On၊ ရေမွှေး၊ After Shave၊ ဖိနပ်၊ ခါးပတ်၊ ဦးထုပ်တွေနှင့်။

သူမကတော့ အဲဒါတွေကြည့်ကာ ကိုကို ဘာလုပ်မလဲဆိုတာ စဉ်းစားမရအောင်ပင် ဖြစ်ရပါတော့သည်။

*





--------------------။

"အစ်ကိုလေးကို ညည်း မထိန်းတော့ဘူးလား ... သံယောဇဉ်"

လို့ ကိုကောင်းမေးသောအချိန်တွင် သူမက ကိုကို့အဝတ်အစားသစ်တွေကို စနစ်တကျ မီးပူထိုးပေးနေသည့်အခိုက်ဖြစ်သည်။ ကိုကိုက ပြောထားသည်လေ ...။

"ဒီအင်္ကျီဘောင်းဘီတွေက တစ်ထည် တစ်ထည်ကို သောင်းချီပြီး ပေးဝယ်ထားရတာ၊ ဂရုရုသေသေလျှော်ပြီး မီးပူတစ်ခါတည်း တိုက်ထား"

ဟူသောအမိန့်ကို နာခံရခြင်းဖြစ်သည်။ အခုတော့ ကိုကောင်းစကားက သူမ့စိတ်ကို ထူးဆန်းသွားစေ၏။

"ဘာဖြစ်လို့လဲ ကိုကောင်း"

သူမ မေးခွန်းကို ကိုကောင်းအစား မသီကဝင်ဖြေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဘာဖြစ်ရမှာလဲ ... အစ်ကိုလေး မိန်းကလေးတစ်ယောက်နဲ့ တွဲနေသတဲ့"

ကြားခါစက မယုံ။

"မဟုတ်နိုင်တာ မသိရယ်၊ သူများ လင်မယားကြားထဲ ရန်တိုက်မပေးနဲ့နော်"

"ငါတို့က အစ်ကိုလေးရဲ့ လူရင်းတွေပါ၊ ကာမယ့်ကာ အစ်ကိုလေးဘက်ကပဲ ကာမှာပေါ့၊ အခုတော့ ညည်း မသိတာ၊ ပြောတိုင်းယုံနေတဲ့ ပုံစံတွေကို ငါတို့က မကြည့်ရက်လို့၊ ပြီးတော့ အစ်ကိုလေးကို သစ္စာမဲ့တဲ့ ယောကျ်ားတစ်ယောက် မဖြစ်စေချင်လို့"

မသိက ဆက်ပြောသည်။ ကိုကောင်းကတော့ ခေါင်းတယမ်းယမ်းနှင့် စိတ်ပျက်တကြီး ပုံစံကြီးနဲ့ဖြစ်ပြီး ...

"ကြည့်ထိန်းပေါ့ဟာ၊ အစ်ကိုလေး ပိုက်ဆံတောင်းတဲ့ အခါတိုင်း နင် ထုတ်မပေးနဲ့ပေါ့"

"ကိုကို့ကို သူများက စိတ်ချမ်းသာစေချင်တာ၊ ပြီး ... ပြီးတော့ ကိုကိုက ပြောထားတယ်၊ သူ့ဆန္ဒမှန်သမျှ ဖြည့်ဆည်းပေးရမယ်တဲ့၊ မဖြည့်ဆည်းနိုင်ရင် သူ့အနားမှာ မနေရ





ဘူးတဲ့၊ အဲ့ ... အဲ့ဒါကြောင့် သူများက ..."

စကားက မဆုံးသေး။ မျက်ရည်က ဝေါခနဲ ပြိုကျလေပြီ။ သူတို့လင်မယားမှာ အဲဒါကိုကြည့်ပြီး စိတ်ထဲမကောင်း။ အစ်ကိုလေး ပြောင်းလဲမှုကိုလည်း လိုက်မမီ။ နဂိုက မိန်းမတိုင်းကြည့်မရသော အစ်ကိုလေးဟာ အခုမှ ဘာကြောင့် ဒီလိုဖြစ်သွားသလဲ။ သူ စဉ်းစားလို့ပင် မရ။ အစ်ကိုလေးအနား ကပ်နေသော မိန်းမတွေဟာလည်း ငွေကို ရေလိုဖြုန်းနေနိုင်မှုကြောင့် ဆိုတာ မောင်ကောင်း ရိပ်မိပါသည်။ သူ ရင်နာတာ ထိုငွေတွေက သံယောဇဉ်ရဲ့ငွေတွေ ဖြစ်သောကြောင့်ပင်။

"မငိုပါနဲ့အေ ... ငိုနေလို့ ပြီးမှမပြီးတာ၊ ဘယ်လိုဖြေရှင်းရမလဲဆိုတဲ့ နည်းလမ်းပဲ စဉ်းစားပေါ့"

"ဟင့်အင်း ... သူများ အဲဒီလို မစဉ်းစားတတ်ဘူး မသိ၊ ကိုကိုတောင်းသမျှ မပေးဘဲလည်း မနေနိုင်ဘူး၊ ကိုကို့အနားမှာ နေရဖို့လောက် ဘယ်အရာကမှ ပိုအရေးမကြီးပါဘူး မသိရယ်"

ဟု သနားစဖွယ် ပြောသောအခါ မသိက မိန်းမချင်း ကိုယ်ချင်းစာရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ... ဒီလိုပဲ ပိုင်းကာ,ဝန်းကာနဲ့ ..."

မသီစကားက လမ်းတစ်ဝက်၌ ပျက်သွား၏။ ခြံထဲ တရကြမ်း ထိုးဝင်လာသော ကားစက်သံကြောင့်ဖြစ်သည်။

"အဲဒါ ... ကိုကို့ကားစက်သံ၊ သူများမှတ်မိတယ်၊ ဒီနေ့တော့ ကိုကို အစောကြီးပြန်လာသားပဲ"

ပြောပြီး အိမ်ရှေ့ခန်းဆီ သံယောဇဉ်က လွှင့်နေအောင် ပြေးထွက်သည်။ သူမတို့ လင်မယားက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး သက်ပြင်းပြိုင်တူချမိ၏။ သံယောဇဉ် ထားသော အချစ်မျိုးကို သူမတို့တစ်သက်တွင် ဒီတစ်ခါသာ တွေ့ဖူးပါလေသည်။ အိမ်တံခါးဝက အရိပ်ပြန်ပေါ်လာတော့ မသီက အရင်မော့ကြည့်သည်။

ဝင်လာသူက အစ်ကိုလေးနှင့် သံယောဇဉ်မဟုတ်သော တခြားသူစိမ်းမိန်းမတစ်ယောက်။ အပြင်အဆင်က ခေတ်ရှေ့ပြေးလွန်းသည်။ သူတို့နှစ်ယောက်နောက်မှာမှ သံယောဇဉ်က ခပ်ရို့ရို့ကုပ်ကုပ်ကလေးနှင့် လိုက်ပါလာသည်။ ကိုကောင်းရော၊ သူမရောက လှုပ်လှုပ်ရှားရှားဖြစ်သွားပေမယ့် အစ်ကိုလေးကတော့ ဘယ်သူ့ကိုမှ ဂရုစိုက်ဟန်မပြ။





"ထိုင် ... စီစီ၊ သံယောဇဉ် ..."

ခေါ်သံနှစ်ခုက ကွဲပြားတာ သံယောဇဉ်မပြောနဲ့ ... ဘေးလူ သူမတို့တောင် ရိပ်မိသည်။ စီစီဆိုသော မိန်းမကတော့ ခုံမှာ ခြေချင်းချိတ်ထိုင်ပုံက သူ့အိမ်,သူ့ရာနှယ် ပိုင်စိုးပိုင်နင်းရှိလှ၏။ သံယောဇဉ်တို့ကတော့ ကျော်ပီယနဲ့ ပတ်သက်လျှင် ပျာယာခတ်တာက ထုံးစံ။

"ရှင် ... အစ်ကိုလေး"

"ညှို့သည့်အတွက် အအေးတစ်ခုခုစီစဉ်"

"ဟုတ်ကဲ့"

ဟုပြောပြီး ညှို့ခန်းထဲက ပြေးထွက်ဟန်ပြင်တော့ မသီကပဲ အလိုက်တသိနှင့် ...

"နေ ... နေ ... မသီ သွားလိုက်မယ်"

ဟုပြောပြီး ထွက်လာခဲ့ရသည်။ စိတ်ထဲမှာတော့ အစ်ကိုလေးရဲ့ အနိုင်ကျင့်ပုံကို တစ်စက်မှ ဘဝင်မကျ။ ညှို့ခန်းထဲ ကျန်နေခဲ့ရသော သံယောဇဉ်ကလည်း စိတ်မချမ်းသာရပါ။ ညှို့သည့်မိန်းမထံမှ ကိုကို့အား ခေါ်သောနာမ်စားက ...

"မောင်"



www.burmeseclassic.com

www.burmeseclassic.com



တဲ့လေ။ ကိုကိုကလည်း သူမအပေါ် မပေးခဲ့ဖူးသော ဂရုစိုက်မှုတွေနှင့် တယုတယဟန်က အပြည့်။

''ပြောလေ စီစီ''

''ဟွန်း ... လူကို မွေးနေ့လက်ဆောင်ပေးမယ်ဆိုပြီး တော့နော်၊ ပုဇွန်ကူးအထိ စိတ လိုက်လာရတာ၊ ညာမယ် တော့ မကြံနဲ့''

''အောင်မယ်လေး ... မညာပါဘူးဗျာ''

ဟု ပြောရင်း ထိုမိန်းမ၏ မေးဖျားကို ဆွဲညှစ်ခါယမ်း တော့ သူမရင်ထဲ ကျဉ်ခနဲဖြစ်သွားရသည်။

''ကိုကိုရယ်''

မချိုတင်ကဲ ရေရွတ်ရင်း လည်ချောင်းဝ၌ ဝမ်းနည်း ခြင်းက ဆို့တက်လာရ၏။ မျက်ခမ်းသားတွေတောင် နာကျင် ကျိန်းစက်ကာ ဝိုချင်စိတ် ပြင်းပြလာတာများ ထိန်းမရတော့။ သူမသည် မျက်တောင်ကို အထပ်ထပ်ပုတ်ခတ်ရင်း မျက်ရည် တွေ သိမ်း၏။ ကိုကိုက ငိုတာ မကြိုက်ဘူးလေ။

အားပျော့နုံးခွေနေသော ခြေထောက်တွေကို အနိုင်နိုင် ထိန်းမတ်ကာ ထိုရှေ့မှ ထွက်ခွာရန် ကြိုးစားသည်။ သို့ပေမယ့်





မအောင်မြင်ပါ။

''သံယောဇဉ်''

ကိုကို့ခေါ်သံက ရှန်းမရသော ပိုက်ကွန်တစ်ခုလို သူမ အပေါ် ဖိမိုးလာ၏။

''ရှင် ... ကိုကို''

ဘယ်သူတရားပျက်ပျက် သံယောဇဉ်က မပျက်။ ဝတ္တရားအရ ထူးမြဲ။ သို့ပေမယ့် ငဲ့တော့မကြည့်။ ကိုကိုမုန်းသော မျက်ရည်တွေ တွေ့သွားမှာစိုးလို့ပါ။

''မင်းရတနာဘူးထဲမှာ လက်စွပ် ဘယ်နှစ်ကွင်းရှိလဲ''

''သူများ မသိဘူး ကိုကို''

''ရှိသလောက်ယူခဲ့ ... တစ်ကွင်းမှ မကျန်စေနဲ့နော်''

''ဟုတ်''

ဟု ပြောပြီး အိပ်ခန်းဆီ အပြေးသွားမိ၏။ အို ... ဒီမိန်းမသာ မရှိဘူးဆိုရင် ရတနာတစ်သေတ္တာလုံး ပေးရလည်း ကိစ္စမရှိ။ သူမအတွက် ကိုကိုသာ အဓိက။ ကိုကိုသာ အရေးကြီး ဆုံးဖြစ်၏။ သံယောဇဉ်က ဦးလွန်းညို စ,လာပေးကတည်းက တစ်ခါမှ ဖွင့်မကြည့်ဖူးသော ရတနာဘူးကို ဒါ ... ပထမဆုံး



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ကြည့်ဖြစ်သည်။ အထဲ၌ အကန့်ငါးကန့်၊ တစ်ကန့်ဆီမှ ရွှေ စိန်၊ ပုလဲ၊ ပတ္တမြား၊ ပလက်တီနမ်၊ အစုံလိုက် တစ်ဆင်စာစီ၊ သူမက လက်စွပ်တွေပဲ ရွေးယူမိသည်။

အားလုံးဟာ ဒီဇိုင်းအလှဆုံး၊ ခေတ်မီပုံစံတွေချည်း။ လက်တစ်ဆုပ်စာ လက်စွပ်ကွင်းတွေ ယူပြီး ညှိခန်းထဲရှိ စားပွဲပေါ် ချပေးလိုက်သည်။ ညှိခန်းတစ်ခန်းလုံး စိန်ရောင် ရွှေရောင်တွေ ထ,သွားတာများ လက်လက်တောက်။

''ဟယ် … အများကြီးပဲ''

''စီစီ ကြိုက်တာရွေးယူ''

''အားလုံးကို ကြိုက်တာနော် … မောင်''

ထိုမိန်းမက မျက်လွှာပင့်ပြီး ခပ်ညုညုပြောသည်။ ကိုကို ကိုပဲ ထားခဲ့ပါ။ အားလုံးယူသွားဟူ၍ ပြောချင်စိတ်က လျှာဖျားမှာ အတောင့်လိုက်။

''အားလုံးတော့ မရဘူးလေ၊ မောင့်ရဲ့ တခြား ကောင်မလေးတွေ ပေးရဦးမှာ၊ စီ့ကို အားလုံးထဲမှာ အချစ်ဆုံးမို့လို့ အရင်ဆုံး ရွေးခွင့်ပေးတာ''

အချစ်ဆုံးတဲ့။ သူများက ဘယ်နေရာမှာပါလဲ ကိုကို။





''ဩော် … ဒါဆိုလည်း ဒီက သူဌေးကြီးကို ကျေးဇူးတင်ပါသတဲ့ရှင်၊ စီက အားလုံးထဲမှာ စိန်ပဲကြိုက်တော့ ဒီစိန်ပွင့်လေးပဲ ယူတော့မယ်''

ဟု ပြောကာ စိန်တစ်လုံးတည်းကို ရွှေနှင့် ဒွင်းထားသည့် လက်စွပ်လေးအား ရွေးယူသည်။ ကိုကိုက ထိုမိန်းမ၏ လက်ချောင်း၌ ကိုယ်တိုင်ကိုယ်ကျ စွပ်ပေးကာ …

''ဒါ … ပဏာမ စေ့စပ်လက်စွပ်ပေါ့ … ဟုတ်ပြီလား''

ဆိုသည်။ သူမ ရင့်ထဲမှာတော့ သုံးရာသီနှင့် မဆိုင်သော ဝန်တိုမုန်တိုင်းက နှလုံးသားရင်ပြင်၌ တိုက်ခတ်လို့။

''ရက်စက်လိုက်တာ ကိုကိုရယ်'' … ဟူသော စကားထက် သူမ,ခံစားချက်ကို ဖော်ကျူးနိုင်မည့်စကားရှိက သူမ ပြောပြချင်ပါသေးသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း (၁၂)

"အခု ခုတလော သမီး ဘဏ်ကငွေတွေ ထုတ်တာ များနေပြီနော်၊ ဘာတွေသုံးသလဲဆိုတာ အန်ကယ်သိချင်တယ်၊ သမီးကို မယုံလို့မေးတာ မဟုတ်ဘူး၊ အန်ကယ်က ထိန်းသိမ်းထားရတဲ့သူ ... မဖြစ်သင့်တာ မဖြစ်အောင် တားရမှာပဲ၊ သမီးငွေ သမီးပိုင်တယ်ဆိုပေမယ့် အလဟဿတော့ မဖြစ်စေချင်ဘူး၊ အန်ကယ့်စေတနာကို မသိရင်နေပါ ... အန်ကယ်က သမီးကို ဥပေက္ခာပြုမထားနိုင်ဘူး၊ သမီးနဲ့ပတ်သက်တဲ့ ပတ်ဝန်းကျင်ရဲ့ အနီးအနားတစ်ပိုက်မှာ အန်ကယ် အမြဲတမ်းရှိတယ်၊ ဒါဟာ သမီးမမဆန္ဒ ... အန်ကယ့်တာဝန်ပါ သမီး၊ ဘယ်သူတွေ ဘာ





တွေလုပ်နေသလဲဆိုတာလည်း အန်ကယ် သိပါတယ်"

ဦးလွန်းညို ...။ သူမ မမှတ်မိသော မမက လွှဲပေးခဲ့သည့် ရွှေနေကြီးရဲ့စကားတွေ နားထဲမဆံ့အောင် ပြန်ကြားယောင်နေသည့်အခိုက်မှာပဲ ...

"ဟော့ ... ဘာတွေဝေနေတာလဲ"

နောက်ဘက်မှ ပခုံးကို ခပ်ဆတ်ဆတ် ထတွန်းခံရသည်။ သတိလက်လွတ်မို့ သူမက ရှေ့ကိုငိုက်သွားရ၏။ ကိုကိုကတော့ သူမ နောက်ကျောဘက် ခုတင်ပေါ် ဝုန်းခနဲ လှဲချလိုက်ပြီး ပက်လက်လှန်ကာ စီးကရက်တစ်လိပ်ကို တွင်တွင်ဖွာဆဲ။

"ပေးမှာလား၊ မပေးဘူးလား သံယောဇဉ်၊ ငါတောင်းတာ သိန်းတစ်ရာတည်းနော်၊ မင်းနဲ့ မင်းအစ်မအတွက် ဒီငွေလောက်က မဖြစ်စလောက်ပါကွာ၊ မင်းဆီမှာ ချက်လက်မှတ်ရှိတာပဲ၊ မင်း လက်မှတ်ထိုးပေးလိုက်ရင် ပြီးပြီ၊ နိုင်ငံခြားက မင်းအစ်မ သူဌေးမကြီးကလည်း မင်းဘဏ်အကောင့်ထဲထဲ လတိုင်း ငွေတွေထည့်ပေးနေကျပဲကို"

"အဲဒီလောက်အများကြီး ကိုကို ဘာလုပ်ဖို့လဲဟင်"

"မင်း ငါ့ကို စစ်ဆေးနေတာလား သံယောဇဉ်"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ် ... မဟုတ်ပါဘူး ကိုကိုရယ်၊ သူများက ကိုကိုဒုက္ခရောက်မှာ စိုးလို့မေးတာ"

"ငါ ဒုက္ခမရောက်ဘူး၊ ငွေမပေးရင် မင်းပဲ ဒုက္ခရောက်မှာ"

"ရှင် ... ဘယ်လို ကိုကို"

"ဟုတ်တယ် ... မင်းပဲ ငါ့အနားမှာ နေချင်တယ်ဆို"

"ကိုကို့ကို သူများချစ်တယ်လေ"

"အေးလေ ... မင်းလိုပဲ ငါ့ကိုချစ်တဲ့သူတွေ အများကြီး၊ အဲဒီထဲက တစ်ယောက်ကို သိန်းတစ်ရာလျော်ရမယ်၊ မလျော်ချင်ရင် ငါ့ကို သူ ယူသွားလိမ့်မယ်"

ကိုကို့စကားက ရင်ကို ဟက်တက်ခွဲပြီး ဆားအဆုပ်လိုက် ပစ်ထည့်လိုက်သလို နာကျင်စပ်ဖျဉ်းစွာ ခံစားရသည်။ ပြီးတော့ ... ခေါင်းထဲ မူးခနဲ။ အို ... ကိုကို့ကို သူမက ပေးရမတဲ့လား။ မဖြစ်နိုင်။ ကိုကို့ကို သူမ ဘယ်လောက် စွဲလမ်းခဲ့ရတယ်၊ ဘယ်လောက် မြတ်နိုးခဲ့ရတယ်ဆိုတာ သူမ အသိဆုံး။ ကိုကိုမရှိက သူမ အသက်တောင် ဆက်ရှင်နိုင်မည် မထင်ပါ။

"မင်းသဘောပါ၊ မင်းအတွက် ငွေနဲ့ငါ ဘယ်ဟာ





ပိုအရေးကြီးလဲ ... မင်းဆုံးဖြတ်ပေါ့"

ပြောပြီး ကိုကိုက တစ်ဖက်သို့ စောင်းအိပ်သည်။ သူမကတော့ မအိပ်နိုင်။ ချက်စာအုပ်ယူ၊ သိန်းတစ်ရာနှင့် သူမ လက်မှတ်ကို ဖြည့်ထိုးကာ ကိုကို့ရှေ့၌ ဒူးထောက်ထိုင်ချမိသည်။ ဒီတော့မှ မှေးမှိတ်ထားသော ကိုကို့မျက်ဝန်းတွေ ပွင့်လာ၏။

"ကိုကိုက သူများအတွက် အရေးအကြီးဆုံးပါ"

ဟု ဆိုကာ ချက်လက်မှတ်ကို ကိုကို့လက်ကြားထဲ ထိုးသွင်းပေးခဲ့သည်။ ငွေကြေးစည်းစိမ်မပြောနဲ့ ... အသွေးအသားသာမက အသက်ပါ နုတ်ယူချင်ယူပါ ကိုကို။ ဒီက ကိုကို တောင်းဆိုသမျှ မငြင်းရက်တဲ့သူရယ်ပါ။

သူမက အငြူစူမပျက် ငွေသိန်းတစ်ရာထုတ်ပေးပြီး နောက်ရက်၌ ရှေ့နေကြီးက သူမထံ ရောက်လာခဲ့ခြင်းပါ။ သူမကတော့ အန်ကယ်ဦးလွန်းညိုကို တွေ့တာနဲ့ အပြစ်လုပ်ထားသူပမာ ကြောက်လန့်လျက်။ အန်ကယ်ကတော့ ထိုင်ပင်မထိုင်နိုင်။ သူမကို တွေ့တာနဲ့ ...

"သမီး ... ငွေတွေ သူထုတ်သွားပြန်ပြီ"

"ဟုတ်"



www.burmeseclassic.com

www.burmeseclassic.com



"သမီးရယ် ... ဒီခေတ် ဒီအခါနဲ့ သိန်းတစ်ရာဆိုတာ နည်းတဲ့ငွေလား"

"ကိုကို့အတွက် အရေးကြီးလို့ပါ အန်ကယ်"

"ဘာကိစ္စတွေမို့လို့လဲ"

လို့မေးတော့ သူမ ချက်ချင်းမဖြေနိုင်။ ကိုကို့အား အထင်သေးသွားမှာ စိုးရိမ်လှပါသည်။ ထို့ကြောင့် သူမကိုယ်စား အန်ကယ်ကပင် ...

"လျော်ကြေးပေးရတာ မဟုတ်လား"

"ဟုတ်တော့ ဘာဖြစ်လဲ ဦးလွန်းညို"

အသံက ရှေ့နေကြီးနောက်ပါးမှ ထွက်လာတာပါ၊ မော့ကြည့်တော့ ကိုကို တံခါးဖပါင်ကို ခပ်ခွဲ့ခွဲ့မှီရပ်ပြီး ထိမထင်သော အပြုံးတွေနှင့် ...။

"ကိုကို"

ပဋိပက္ခကြီးထွားမှာ စိုးစိတ်နှင့် သူမက ခေါ်သည်။ မရ။

"ကျုပ်မိန်းမပိုက်ဆံ ကျုပ်သုံးတယ်လေ ဦးလွန်းညို ... အဲဒါဘာဖြစ်သလဲ"





"အကျိုးမမဲ့စေချင်လို့ ပြောနေတာ မောင်ပီယ၊ မင်းလည်း ခေတ်ပညာတတ်ပဲ၊ ဘယ်ဟာအဆိပ်မှန်း မင်း ကောင်းကောင်းသိပါတယ်"

"သိတယ်လေ ... သိလို့လုပ်နေတာပဲ၊ ကျုပ်သုံးတယ်ဆိုတာ ကျုပ်ဘဝတစ်ခုလုံး ဆုံးရှုံးသွားတဲ့အဖြစ်တွေအတွက် လျော်ကြေးပြန်ယူတာ"

"မင်း ... သူ့ကို အနိုင်ကျင့်သလိုဖြစ်နေပြီ မောင်ပီယ၊ သူနဲ့ အဲဒီကိစ္စတွေ ဘာမှမဆိုင်တာ သမုဒယပြောပြလို့ ငါ သိပြီးပြီ၊ သူ့မှာ အုပ်ထိန်းသူရှိတယ်၊ မင်း စိတ်ထင်တိုင်း မလုပ်ပါနဲ့"

"ကျုပ်ကို ဘယ်သူကမှ အမိန့်ပေးလို့မရဘူး ဦးလွန်းညို၊ သူ့ရဲ့အုပ်ထိန်းသူကို ပြန်ပြောလိုက်၊ ကျုပ်အမေအတွက်၊ ကျုပ်တို့ ကျောက်တွင်းတွေအတွက် သူ့စည်းစိမ်တွေကိုလည်း ကျုပ်ပိုင်တယ်လို့"

ကိုကိုနဲ့ ဦးလွန်းညိုပြောသော စကားတွေကို သူမ အပြည့်အဝ နားမလည်နိုင်ပါ။ ဒါပေမဲ့ ... မပြေလည်ကြတာကို တော့ သူမ သိနေပါသည်။ ထိုနေ့က ရှေ့နေကြီးဟာ ဒေါသ



www.burmeseclassic.com

www.burmeseclassic.com



တကြိမ်ပြန်သွားပြီး သိပ်မကြာသောအချိန်အတွင်းမှာပင် သူမ၊ ဘဏ်မှ ငွေစာရင်းပိတ်သွား၏။ ထိုအကြောင်းကို ကိုကိုသိသော အခါ ...

"လုပ်လေ ... ရတာပဲ၊ မင်း လက်ဝတ်လက်စားတွေ တစ်ပုံကြီး ရှိနေသေးတာပဲ၊ ငွေဖြစ်အောင် လုပ်လို့ရပါတယ်"

ဟုဆိုကာ ပစ္စည်းတွေကို တတိတိ ငွေနဲ့လဲပစ်သည်။ သူမက ပစ္စည်းတွေ အနှမြော အတွန့်တို မရှိလှပေမယ့် ကိုကို ပြန်မလာသောညတွေကိုတော့ နှမြောလှ၏။ အရင်ကထက် ပို သွေးဆိုးချင်လာသော ကိုကိုသည် တစ်ပတ်မှာ အိမ်ကို နှစ်ရက်လောက်သာ ပြန်လာသည်။ လာတိုင်းလည်း လူမှန်း သူမှန်းမသိ မူးနေကာ ...

"အေ့ ... ကောင်းတာယ်၊ ငါ့ငွေ ငါပြန်သုံးတာ ဒင်းက များ နာတယ်ရှိသေး၊ ငါ့အမေက ဒင်းကြောင့်သေသွားခဲ့တာ၊ ဒင်းညီမက အသက်ထင်ရှားရှိနေသေးတာကိုပဲ၊ သံယောဇဉ်"

"ရှင် ... ကိုကို"

"နင့်အစ်မက အသည်းစားဘီလူးမကြီး၊ နင်က ... ဘာစားသလဲ"





ဟု သူ့ကိုယ်သူ ထိန်းပေမယ့် အနိုင်နိုင်ယိမ်းထိုးနေ သော ကိုကို့အားကြည့်ကာ သူမ၊ ကြောက်ရွံ့တုန်လှုပ်မဆုံး။ အနား၌ ကိုကောင်းတို့လင်မယားရှိ၍သာ တော်သေးတော့သည်။

"မေးနေတယ်လေ"

ကိုကိုက ဆောင့်အော်တော့ သူမ တုန်သွားရ၏။

"မစား ... မစားပါဘူး ကိုကိုရယ်"

"စားပါတယ်၊ နင်က နှာခေါင်းမပါတော့ ... ဟိုဟာ ... ဟိုဟာ စားတာ"

"ကဲ ... အစ်ကိုလေး ... အရမ်းမူးလာရင် အိပ်တော့ နော်၊ ကျွန်တော် အိပ်ရာထဲအထိ တွဲပို့ပေးမယ်"

ဟု ဆိုတတ်ပါသည်။ သူမ ခံစားနေရတာ မကြည့် ရက်၍ လူခွဲထုတ်သွားစမြဲ။ ထိုအခါမျိုး၌ သူမသည် မသီ ရင်ခွင်ထဲ တိုးဝင်ကာ ငိုကြွေးရလေ့ရှိပါသည်။ သို့ပေမယ့် ကိုကို ပြန်မလာသော ညတွေဆို သူမက လွမ်းဆွတ်ရပါသည်။ မသီ ကတော့ ထိုအခါမျိုး၌ သူမအား ပျစ်နှစ်စွာ ဝေဖန်တတ်သည်။

"မလာလည်း နားအေးတာပဲအေ၊ လာရင် ညည်းပဲ ရစ်နေမှာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောတတ်သည်။ အမယ် ... ကိုယ့်ယောက်ျားကို သူများက အဲဒီလိုဝေဖန်တော့လည်း သံယောဇဉ်က မခံနိုင်ပါ။

"ဒါပေမဲ့ တော်ပါသေးတယ် ... ကိုကိုက တခြား ယောက်ျားတွေလို မရိုက်တတ်ဘူး။ အဲဒါက ... တော်သေးတာပေါ့"

"အလိုတော် ... ကျုပ်တို့ယောက်ျားတွေလည်း မရိုက်တတ်ပါဘူး။ ပြီးတော့ ..."

"ဒါပေမဲ့ ... အစ်ကိုလေး အဆိုးတွေချည်း မထင်နဲ့ မသီရ၊ လူဆိုတာ ကိုယ့်အကြောင်းနဲ့ကိုယ်၊ အစ်ကိုလေးက ရည်ရွယ်ချက်တစ်ခုခုကြောင့်သာ ရှုပ်နေတာနေမှာ၊ ဘယ်မှာများ တရားဝင် မိန်းမ,ယူလို့လဲ"

"ဘယ်ယူမလဲတော်၊ သံယောဇဉ်က လိုက်ရှင်းပေးနေရတာကိုး"

မသီကလည်း တစ်ခွန်းမခံ ပြန်ပက်သည်။ ထိုသို့ ကိုကို့အပေါ် မကောင်းမြင်သူတွေ များပြားလာသောအချိန်၊ ကိုကိုကလည်း အရင်ကထက် နှစ်ဆတိုး ဆိုးသွမ်းလာသောအချိန်၌ပင် သူမထံသို့ မမျှော်လင့်သောဧည့်သည်တစ်ဦး ရောက်ရှိလာခဲ့





ပါသည်။ တစ်ဦးတည်းမဟုတ်၊ ရွှေနေကြီး ဦးလွန်းညို။

"ဒါဘယ်သူလဲ သမီး ... ကြည့်ပါဦး"

"ယော .. က .. လေး"

ခေါ်သံက နှုးညံ့သလို မျက်ဝန်းတွေက စိုစွတ်နေလေသည်။ သူမသည် ထိုအမျိုးသမီးအား တွေ့ရသောအချိန်၌ သွေးတို့ လှိုက်ခနဲဆူကာ အားကိုးလိုစိတ်၊ ချစ်ခင်လိုစိတ်က ပေါ်ပေါက်လာ၏။

"ယောကလေးရယ် ... မမလေ ... မမကို မမှတ်မိဘူးလား"

သူမကို ပွေ့ဖက်ပြီး ဆိုလာတော့ ငြိမ်နေနိုင်စွမ်းမရှိ။

"မှတ်မိပါတယ်"

ဟု ဖြေမိသည်။ မမဆိုသူကတော့ သူမ မျက်နှာအား လက်ဝါးနှစ်ဖက်ထဲ ထည့်ညှစ်၍ စေ့စေ့ကြည့်ရင်း ...

"ယောကလေး"

ခေါ်တော့ ယောင်ယမ်းပြီး ...

"ရှင်"

ဟု ထူးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ဆင်းရဲနေသလား ညီမလေး ...ဟင်"

"ဟင့်အင်း ...သူများ ပျော်ပါတယ်"

"ယောကလေးရယ် ...ညီမလေးသာ နေပြန်ကောင်းသွားရင် ဒီလူကို မုန်းမှာ၊ ညီမလေးက နဂိုကတည်းက မာနကြီးကြီးနဲ့၊ မမပြောတာကို နားထောင်ပါ ယောကလေးရယ် ... ယောကလေး ဒီလိုစိတ်ဆင်းရဲနေတာ မမ မကြည့်ရက်ဘူး၊ အနေဆင်းရဲ, အစားဆင်းရဲနဲ့ ...မမနဲ့ ပြန်လိုက်ခဲ့ပါ"

လို့ မျက်ရည်တွေနဲ့ မမဆိုသူက ပြောသောအခါ သူမလည်း ဝမ်းနည်းစိတ်ကြောင့် မျက်ရည်ကျမိတာ အံ့သြစရာပါ။ သွေးက စကားပြောတယ်ဆိုတာ ဒါမျိုးပေပဲလား မသိတော့။ ဒါပေမဲ့ အလုံးစုံတော့ နားမယောင်ချင်သေး။ ကိုကို့အား မခွဲနိုင်သောစိတ်က ပိုကြီးထွားနေလို့လားမသိ။

"သူများ ဒီမှာပဲနေချင်တယ်၊ သူများ ကိုကို့ကို ချစ်တယ်"

"ကျစ် ...ကိုယ့်အပေါ် မကြင်နာတဲ့သူကိုမှ ညီမလေးရယ် ...အမိပ္ပာယ်မရှိတာ၊ သူက အငယ်အနှောင်းတွေ ထားတာဆို၊ အဲဒါတွေ သိရလို့ ညီမလေးရဲ့ ဘဏ်စာရင်းကို မမ





ပိတ်ပစ်လိုက်တာ၊ သူဖြုန်းဖို့ ပေးခဲ့တာမဟုတ်ဘူး ယောကလေးရဲ့၊ ညီမလေး မတောင့်မတနေရအောင် မမ စီစဉ်ပေးခဲ့တာ"

"အဲဒီလိုပြောလို့ မရဘူးလေ၊ ဟို ...ကိုကိုနဲ့ သူများက လင်မယားတွေပဲဖြစ်နေပြီဆိုတော့ သူပိုင်,ငါပိုင် ခွဲလို့မှ မရတာ"

"ယောကလေးကို သူ ဆေးရောတိုက်ရဲ့လား"

"သူများက လူမမာမှ မဟုတ်တာ"

သူမက ချက်ခနဲပြန်ပြောသည်။ မမဆိုသူ၏ လှပသောမျက်နှာသည် မှိုင်းညို့သွားရကာ ...

"ဒါ ...ဘာသဘောလဲ အန်ကယ်၊ သူက ယောကလေးကို နေမကောင်းစေချင်ဘူးပေါ့၊ တစ်သက်လုံး သူကြိုးဆွဲရာ ကရမယ့် ရုပ်သေးရုပ်ပဲ ဖြစ်စေချင်နေတာပေါ့ ...ဟုတ်လား ...အဲဒီလိုလား"

သမုဒယဟာ ဒေါသကြောင့် တစ်ကိုယ်လုံး နတ်ကျသလို ဆတ်ဆတ်တုန်လို့။ ညီမလေးကို တိုက်ရန်ဆေး သူမ သေချာပေးထားလျက်နဲ့ ...။ အို ...ညီမလေး ဒီလောက်အနစ်နာခံပြီး ဆပ်တာတောင် သူ့အပေါ်တင်နေသည့် သူမ ဝဋ်ကြွေး



www.burmeseclassic.com

www.burmeseclassic.com



မပြေတော့ဘူးတဲ့လား။ ဒီလူဟာ အသည်းနှလုံးတောင် ပါ ပါလေစ။

"မဖြစ်ဘူး အန်ကယ် ... ယောကလေးကို ဒီအတိုင်း ပစ်ထားလို့ကို မဖြစ်တော့ဘူး၊ သူနဲ့တွေ့ချင်တယ်၊ သူ့စိတ်ထဲမှာ ဘာတွေကြံစည်တယ်ဆိုတာ မေးမှဖြစ်မယ်၊ အဲဒါ အန်ကယ် စီစဉ်ပေးပါ"

လို့ သမုဒယက တောင်းဆိုလေသည်။ ယောကလေးကတော့ မသိနားမလည်သော မျက်လုံးဝိုင်းလေးတွေနဲ့ ငေးလို့။ သမုဒယဟာ သနားခြင်း၊ ကရုဏာသက်ခြင်းများစွာဖြင့် ယောကလေးအား ဆွဲဖက်ထားမိသည်။ ဘဝတစ်လျှောက်လုံး အစွန်းအထင်းကင်းကင်းနှင့် မာနတကြီး ဖြတ်သန်းခဲ့ရသော ညီမလေးသည် အခုတော့ သူမရဲ့ လောဘဇောတိုက်မှုကြောင့် ကျေးကျွန်ကြီးဖြစ်လို့ ...။

ထိုအဖြစ်အတွက်ပဲ သမုဒယက ရင်နာမဆုံး။

တစ်ချိန်က သူမ လှည့်စားခဲ့သော ကျော်ပီယအား အမုန်းကြိတ်ချင်မဆုံး ဖြစ်ရလေပြီ။

*





---------------------။

"ရှင် ဝဋ်ကောင်းကောင်းလည်တော့မယ် ကျော်ပီယ၊ ယောကလေးကို ရှင် သတိပြန်မရစေချင်ဘူး မဟုတ်လား၊ ဒီဘဝထဲမှာပဲ ရှင်ထားရာနေ၊ စေရာသွားစေချင်တယ် မဟုတ်လား၊ ဒါပေမဲ့ အချိန်တန်လာရင် ဘယ်အရာမှ တားဆီးလို့မရပါဘူး ကျော်ပီယရယ် ... ကျွန်မလိုပေါ့၊ ဝဋ်ဆိုတာ လည်တတ်တယ် ရှင့်၊ အခုနေတော့ ကျွန်မညီမက ရှင့်လက်ခုပ်ထဲက ရေပဲ ... ရှင့်သဘောပေါ့၊ ဒါပေမဲ့ ရှင့်ရက်စက်မှုတွေ သူသိလာတဲ့ တစ်နေ့ကျရင်တော့ ရှင့်ဆီက သူထွက်သွားမှာ အသေအချာပဲ"

ဟူသော ကျိန်စာတိုက်သလို စကားတွေအား သူ အလုံးစုံ မှတ်မိသည်။ အဲဒီတုန်းကတော့ ပီယဟာ စီးကရက်လေး နှုတ်ခမ်းဖျားတေ့ပြီး မျက်လုံးတွေကို မှေးစင်းကာ ...

"လုံးဝဂရုမစိုက်ဘူး၊ လည်ချင်တဲ့ဝဋ် မူးသွားအောင်



www.burmeseclassic.com

www.burmeseclassic.com



ငါက ပြန်လှည့်ပေးလိုက်မယ်''

လို့ ဆိုခဲ့သေး။ အခုတော့ လည်လွန်းသောဘီး ဟိုဟာ သင့်ပြီ။ သူ့အရုပ်ထုပ်တွေထဲက တစ်ယောက်။ သူ့သတင်းလည်း ကြားထားပုံ ပေါ်သည်။ သူဟာ ကလပ်မှာ တွဲက,တာ။ Shopping ထွက်တာ၊ စားသောက်ဆိုင် အတူထိုင်တာ၊ ရုပ်ရှင်ကြည့်တာထက် ပိုပြီး သူစိမ်းမိန်းမတွေနဲ့ မထိတွေ့ဖူး။ သူ့ကိုယ်တိုင်လည်း ထိန်းသိမ်းခဲ့သည်။ သံယောဇဉ်တစ်ယောက်မှ လွဲလို့ပေါ့။

အခုတစ်ယောက်ကတော့ ဒီလိုမဟုတ်။ သူ့ကို ထောင်ချောက်တွေဆင်ပြီး ဆွဲသွင်းခဲ့ခြင်းပါ။ ဖြစ်နေကျ ဇာတ်ရိုးတွေ အတိုင်း အရက်တွေမူးပြီး သတိလွှတ်ကာ အိပ်ပျော်သွားခဲ့၏။ နိုးတော့ အဲဒီမိန်းမက သူ့ဘေးနားရောက်နေပြီးသား။

''တခြားမိန်းမတွေလို ရွှေဥတစ်လုံးပဲ လိုချင်တာ မဟုတ်ဘူးနော်၊ ကျွန်မက အဲဒီရွှေဥ ဥပေးတဲ့ ငန်းတစ်ကောင်လုံး လိုချင်တာ၊ ဒါပေမဲ့ ... ပုံပြင်ထဲကလိုတော့ မသတ်ဘူး၊ တစ်နေ့ တစ်လုံးပဲ ယူမှာပါ .. ဟာ .. ဟ .. တို့ကို လက်ထပ်ပါ ပီယ''





ဟု ခပ်ရဲရဲ တောင်းဆိုခဲ့သည်။ သူကလည်း ကျားပင်။ နွားမှ မဟုတ်တာ။

''လက်ထပ်ရအောင် ငါတို့ ဘာမှမဖြစ်ခဲ့ဘူး တာရာ၊ ဒါကို ... ငါရော မင်းပါ သိတယ်''

''ဒါပေမဲ့ ... ပတ်ဝန်းကျင်က မသိဘူး ပီယရဲ့၊ တို့က လူသိရှင်ကြား ကြေညာမောင်းခတ်ပစ်မှာနော်၊ ယူ ထုချေတာ မနိုင်လုံရင် ထောင်ထဲ ဒုတိယအကြိမ် ရောက်သွားနိုင်တယ်''

''နေပါဦး ... မင်းက ငါ့ကို ခြိမ်းခြောက်နေတာလား၊ အဲဒီလိုဆိုရင်တော့ ဆောရီးပဲ၊ ငါက မကြောက်တတ်ဘူး''

''ဒါဆိုလည်း ယူ့သဘောပါ၊ တို့က ယူ့မိန်းမ သံယောဇဉ်ဆီသွားပြီး တန်ရာတန်ကြေး တောင်းရမှာပဲ''

''မင်း ဘယ်လောက်လိုချင်လဲ ငါ့ကိုပြော''

''ဟင့်အင်း ... ယူက ကပ်စေးနဲတယ်''

ဟု ပြောပြီး တဟားဟား ရယ်နေလိုက်သေးသည်။ သူ ငြည်းခန်းထဲက ထ,ထွက်တော့ တပည့်ကျော် မောင်ကောင်းက နောက်ပါးမှ ထက်ကြပ်မကွာ။ အခါတိုင်းလိုပင် ထင်ကာ မောင်ကောင်းအား သူခေါ်ခဲ့မိတာ မှားပြီ။



www.burmeseclassic.com

www.burmeseclassic.com



"သူပြောသလို လက်ထပ်မှာလား အစ်ကိုလေး"

"ငါ နဖားကြိုး အထိုးမခံနိုင်ဘူး"

သူ ပြတ်ပြတ်ပြောတော့ မောင်ကောင်းက သက်ပြင်းရှိုက်သည်။ ပြီးမှ ...

"ဒါဆိုလည်း သံယောဇဉ်ကိုပဲ ဖွင့်ပြောပြီး ..."

"တော်တော့ မောင်ကောင်း ... သူ့မှာ ဘာမှမရှိတော့အောင် ငါဖြုန်းခဲ့ပြီးပြီ"

"ဒါပေမဲ့ ... လျော်စရာတော့ ရှိမှာပါ အစ်ကိုလေးရယ်၊ ဟိုတိုက်နဲ့ခြံ ကျန်နေသေးတာပဲ"

"သူ့ရှေ့ရေးအတွက် ထားလိုက်ပါ"

မောင်ကောင်းသည် အစ်ကိုလေးမျက်နှာကို မမြင်ဖူးသလို ငေးကြည့်သည်။ ဘယ်တုန်းကများ အစ်ကိုလေးက သံယောဇဉ်အတွက် ထည့်တွက်ပေးသွားပါလိမ့်။ အစ်ကိုလေးကတော့ ကားပြတင်းပေါက်မှ အဝေးရှုခင်းတွေ တစ်မျှော်တစ်ခေါ်ငေးလို့။

သို့ပေမယ့် ပြဿနာက ထိုမှာတင် ပြီးမသွား။

အိမ်ကို တာရာရောက်လာသည်။





သံယောဇဉ်နဲ့ အချေအတင် ဆွေးနွေးကြ၏။ ထိုအချိန်က အစ်ကိုလေး အိမ်၌မရှိ။ သူတို့လင်မယားကိုလည်း ဝင်ဆွေးနွေးခွင့် သံယောဇဉ်က မပေး။

ဆွေးနွေးပွဲအဆုံးသတ်က သံယောဇဉ်ရဲ့လက်ကျန် တိုက်နဲ့ခြံရယ်၊ ငွေသား သိန်းတစ်ရာတိတိရယ် လျော်ပေးလိုက်ရ၏။

"မင်း ရူးနေပြီလား သံယောဇဉ်"

အစ်ကိုလေးရဲ့ ပေါက်ကွဲသံစဉ်က အဲဒီက စသည်။

သံယောဇဉ်တို့ကတော့ မတုန်မလှုပ်။

"မင်းက ဝေသန္တရာ လုပ်နေတာလား"

"ကိုကို့ကို ပေးလိုက်ရမှာ စိုးလို့ပါ"

"အေး ... နင်မပေးချင်ဘဲ ငါက သွားချင်ရင်တော့ နင် တားမရဘူး ... မှတ်ထား၊ အခု ငါ နွားလုံးလုံးဖြစ်သွားပြီ၊ နင်နဲ့ပေါင်းမှ ငါက အချဉ်ကောင်ကြီးဖြစ်သွားပြီ၊ ငါ မိန်းမတွေ ထည့်လဲတွဲနေတာ နင့်ကို လျော်နိုင်းဖို့မဟုတ်ဘူး၊ နင့်ကို ခံစားစေချင်လို့၊ နင့်ကို ရင်ကွဲစေချင်လို့ ... သိလား ... သိရဲ့လား"

ပြောရင်း သူမပခုံးကို ဆောင့်ဆွဲကိုင်ခါသည်။ သူမ မျက်ရည်တွေက ဖိတ်တချို့၊ စဉ်တချို့။



www.burmeseclassic.com

www.burmeseclassic.com



"သူများ မခံစားရဘူးလို့ ထင်နေလား၊ သူများ ရင်ကွဲတာ ကိုကိုမမြင်ဘူး မဟုတ်လား၊ ကိုကို ပြောခဲ့တာလေ ... မဖြည့်ဆည်းရင် ငါ့အနားမှာ မနေနဲ့ဆို၊ သူများက နေချင်လွန်းလို့ ဖြည့်ဆည်းပေးခဲ့တာပါ၊ အလိုက်သိမှုလေးကို တန်ဖိုးထားမလား, ပြန်ချစ်မလားဆိုတဲ့ မျှော်လင့်ချက်လေးနဲ့ပါ"

"မမျှော်လင့်နဲ့"

သူက အော်ပစ်သည်။

"လှည့်စားတတ်တဲ့ သွေးပါတဲ့ နင့်ကို ငါဘယ်တော့မှ မချစ်ဘူး၊ ဘယ်တော့မှ ချစ်လာမှာ မဟုတ်ဘူး သံယောဇဉ်"

"မပြောပါနဲ့ ကိုကိုရယ် ... မပြောပါနဲ့တော့"

သူမက နားနှစ်ဖက်ကို စုံပိတ်ပြီး မျက်ရည်တွေ ကြွေလွင့်သွားတဲ့အထိ ခေါင်းခါယမ်းသည်။

"မချစ်ရင် ရင်ထဲမှာပဲ ထားပါ ... ဖွင့်ဝန်မခံပါနဲ့"

"မချစ်ဘူးပြောတယ်ဟာ၊ ကဲ ... နင့်ကိုမချစ်ဘူး"

ပြောပြီး ကိုကိုက လှည့်ထွက်သည်။ သူမ မခံစားနိုင်တော့။

"မပြောပါနဲ့ ကိုကို ... မရက်စက်ပါနဲ့"





အိမ်အောက်မှ ကားစက်နှိုးသံ ကြားရ၏။ သူမကို ကိုကို အနိုင်ပိုင်းသွားလေပြီ။ မခံနိုင် ...။

ဒီလို ကိုကို သူများကို ထားမသွားပါနဲ့။

"ကိုကို"

ခေါ်ရင်း ကားဆီပြေးလိုက်ရန် အိမ်ပေါ်မှအဆင်း၊၊ ခြေတစ်ချက်ချော်ကာ ...

"အမလေး"

ထိုင်ရက်သား လဲကျသည်။ မီးရာလှမ်းဆွဲ၍ အောက်အဆင့်အထိ ကျမသွားပေမယ့် နောက်လှေကားနှင့် သူမဦးခေါင်းက ဒုတ်ခနဲ မိတ်ဆက်၏။ ကြယ်တွေ, လတွေအပြင် ခြံထဲက ထွက်သွားပြီဖြစ်သော ကိုကို့ကား နောက်မီးနီနီလေးက ဝါး၍ ဝါး၍ ...။ နောက်ဆုံး ပျောက်ကွယ်သွားခဲ့ပြီ။

* * *

www.burmeseclassic.com

www.burmeseclassic.com

အပိုင်း (၁၃)

လေး ညမြောက်၊ ငါးရက်ပြည့်သောနေ့။ သူ ပြန်လာခဲ့သည်။ ဂိုထောင်ထဲ ကားသွင်းပြီး ခြံထဲလှမ်းကြည့်တော့ ဟိုလင်မယားနှစ်ယောက် သူ့ထံပင် အကြည့်မရောက်။

"စိုက်ခင်းက အရေးကြီးနေတယ်နဲ့ တူတယ်"

သူက ခပ်ငေါ့ငေါ့ အော်ပြောပြီး အိမ်ပေါ်တက်ခဲ့သည်။ တိတ်ဆိတ်ခြင်းနဲ့အတူ ခြောက်သွေ့ခြင်းက သူ့အား ဆီးကြိုလို့။ ဘုရားစင်ပေါ်ရှိ ပန်းတွေက နွမ်းခြောက်နေသည်။ မီးဖိုခန်းထဲ ဘာသံမှ မကြားရ။ ဟိုကောင်မလေး ဘယ်ရောက်နေပါလိမ့်။ မသိစိတ်ကမေးပြီး သိစိတ်က ဟန်ဆောင်နေသည်။





တစ်အိမ်လုံး ခြောက်ကပ်၍ လူရိပ်လူခြည်မတွေ့ရ။ အထီးကျန်ဆန်ခြင်းက သူ့ထံ ဝုန်းခနဲ တိုးဝင်လာသည်။

"သွားစမ်းပါ . . . မွေးကတည်းက တစ်ယောက်တည်း၊ သေလည်း တစ်ယောက်တည်းပဲ . . . ဘာတွေဖြစ်နေတာလဲ ကျော်ပီယ"

မာနက ချက်ချင်းခေါင်းထောင်ကာ သူ့အား အဲဒီလို ပြောသည်။ သူ ဂရုမစိုက်စွာ ရေခဲသေတ္တာဆွဲဖွင့်၏။ အထဲ၌ သူသောက်နေကျ ဝီစကီ။ ဖန်ခွက်ထဲထည့်၍ တစ်ရှူးထိုး မော့ချသည်။ ဝီစကီအစွမ်းက လက်နှစ်လုံးလောက် သောက်တာနှင့် သွေးက ချက်ချင်းဆူသည်။ နောက်တစ်ခွက် မော့ချပြီးသည့်အခါ အိပ်ခန်းထဲဝင်သွားသော သူ့မအရိပ်ကို တွေ့သလိုလို။

သေချာကြည့်မှ မဟုတ်မှန်း သိရသည်။

"အင်း . . . ငါမူးသွားပြီ၊ အိပ်မှဖြစ်တော့မယ်"

ရီဝေဝေနဲ့ အိပ်ခန်းတံခါးဖွင့်သည်။ လေလုံသော အခန်းထဲ၌ ရှင်မတောင်နံ့က ထွေးခနဲ သူ့အားဆီးကြို၏။

သူ့ရင်ထဲ တစ်စုံတစ်ယောက်ကို ပြင်းပြစွာ တောင့်တလာသည်။ မျက်တောင်ရှည်တွေလား။ နှုတ်ခမ်းချိုချိုလား။



www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် ထွေးအိသော ခန္ဓာကိုယ်လား။ ဒါပေမဲ့ သူ တောင့်တသောအရာတွေက သူ့ထံရောက်မလာဘဲ သူ အိပ်ပျော်သွားခဲ့ပါသည်။

သူနိုးတော့ နောက်တစ်နေ့ကူးနေပြီ။ နေတောင်မြင့်လှပြီ။ ဗိုက်ထဲ တကြုတ်ကြုတ်နှင့် ဆာလာ၏။ ကျင့်သားရနေသော ခြေလှမ်းတွေက မီးဖိုခန်းဆီ။ အုပ်ဆောင်းဆွဲလှန်တော့ စားပွဲပေါ် ဗလာဟင်းလင်း။

သူ ဒေါသထွက်သွားရ၏။

"မောင်ကောင်း"

ထူးသံမကြားရ။ သူ ပိုဒေါသထွက်လာရ၏။ အော်လိုက်မှပင် ဗိုက်က ပိုဆာလာသလိုလို။

"မောင် ... ကောင်း"

"ဗျာ"

"ဗျာထားခဲ့ ... လူလာခဲ့"

ခဏကြာတော့ သူ့ရှေ့ မောင်ကောင်းရောက်လာ၏။

"ဘာနိုင်းစရာရှိလို့လဲ"

"ငါ ... ဗိုက်ဆာတယ်"





"ဘာစားမလဲ အစ်ကိုလေး၊ ကျွန်တော် ဘာလုပ်ပေးရမလဲ"

"ဟော့ကောင်"

သူ ဖြတ်အော်တော့ မောင်ကောင်း လန့်သွားပုံရသည်။ မျက်လွှာချကာ ငြိမ်သွား၏။ သူက စားပွဲခုံကို လက်နဲ့ ခပ်ပြင်းပြင်း ပုတ်ပစ်လိုက်ပြီး ...

"ဒါတွေကို စီစဉ်နေကျသူ ဘယ်ရောက်သွားလဲ"

"ဘယ်သူလဲ အစ်ကိုလေး"

"ဘယ်သူရှိရမလဲ ... သံယောဇဉ်၊ ဘယ်မှာလဲ ... ဝေသန္တရာလက်သစ်မကြီး ဘယ်ရောက်နေလဲ၊ မင်းတို့အိမ်ရောက်နေလည်း ပြန်လွှတ်လိုက်၊ သူ့အိမ်ဦးနတ်ကြီး ဗိုက်ဆာနေပြီလို့၊ တစ်ခါတည်းသိအောင် ပြောလိုက် ... အိမ်က ဆင်းချင်ရင် တစ်ခြိတည်းက အိမ်ကို မဆင်းနဲ့၊ တစ်ခါတည်း ခြံအပြင်ထွက်သွားလို့"

သူ့စကား ဆုံးသွားသည်။ မောင်ကောင်းက အနားမှ တစ်ဖဝါးမှ မခွာ ... ခြေစုံရပ်နေဆဲ။

"ဟော့ကောင် ... ဘာ အူကြောင်ကြောင်လုပ်နေတာ



www.burmeseclassic.com

www.burmeseclassic.com



လဲ ... သွားခေါ်လေ''

ဟု သူပြောတော့မှ မပွင့်တပွင့်ဖြင့် ...

''သူ မရှိတော့ဘူး အစ်ကိုလေး''

''ဘာ''

သူ့ရင် လှုပ်လှုပ်ရှားရှားဖြစ်သွားရသည်။ ဒါပေမဲ့ ... မာနဆိုသော ခံတပ်ကြီးကတော့ လုံးလုံးပြိုမကျသွားသေး။

''သူ ဘယ်သွားလဲ''

''ထွက်သွားပြီ''

''ဘာ''

ဒီတစ်ကြိမ်တော့ တောင့်မခံနိုင်။ နှလုံးသားက စိုးရိမ်စိတ်ဖြင့် အစိုးမရစွာ ခုန်ပေါက်လျက် ...။

''ဘယ်ကိုသွားတာလဲ''

''မပြောသွားဘူး အစ်ကိုလေး''

''ဟာ ... မင်းတို့ မတားဘူးလား၊ သူက ငါ့ရဲ့ တရားဝင်ဇနီး''

''သူ ... ကွာရှင်းစာချုပ် ပေးသွားတယ်''

အခုမှ မောင်ကောင်းက ကျောနောက်ဘက်၌ ဖွက်လာ





သော စာချုပ်ကို ထုတ်ပြသည်။ စာချုပ်နှစ်စောင်။ သူ့နေရာမှ လွဲ၍ တခြားနေရာတွေက ဖြည့်ပြီးသား။ မောင်ကောင်းက သူ့စကားကို ဆက်သည်။

''ပြီးတော့ ... သူ ... သတိပြန်ရသွားပြီ၊ အဲဒီနေ့က ...''

ဟူသော မောင်ကောင်းစကားတွေထဲမှာ ပုံရိပ်တွေက ထင်ရှားစွာ။

''သူ သတိပြန်ရလာတော့ ကျွန်တော်တို့ကို မမှတ်မိတော့ဘူး၊ သူ့မမကိုပဲ မေးနေတာနဲ့ ကျွန်တော်က ဘာမှမတတ်နိုင်တော့ဘူးလေ၊ အဲဒီမှာ ဝတ်လုံကြီးကို ခေါ်ရတာ၊ ဝတ်လုံကြီးနဲ့ အတူ မသမုဒယပါ ပါလာပြီး ...''

*



www.burmeseclassic.com

www.burmeseclassic.com



-----------------------------------------------။

"မမ ... ဘာဖြစ်လို့ ယောကလေးနဲ့ အတူမနေတာလဲ၊ မမ ဘာဖြစ်သွားသေးလဲ၊ မမ ဘာမှမဖြစ်ပါဘူးနော်၊ ယောတို့အိမ်ထဲ လူဆိုးတွေဝင်လာပြီး ..."

"ယောကလေး ... ဒါမှမမရဲ့ ယောကလေးအစစ်၊ အမလေး ... ဝမ်းသာလိုက်တာ ယောကလေးရယ်"

မျက်ရည်လည်ရွှဲနှင့် သူမကိုပွေ့ဖက်ကာ ဝမ်းသာနေသော မမကြောင့် ယောကပင် တစ်ဖန်ပြန်ထူးဆန်းနေရပါသည်။ ယောဟာ ခေါင်းကို ထိခိုက်မိပြီး သတိလစ်နေခဲ့တာ။ အခု ပြန်သတိရလာပြီ။ ဝမ်းသာတာလည်း သာပေါ့။ ဒါပေမဲ့ ဒီလောက်အထိတော့ မဖြစ်သင့်သေး။ ဒါ ... ပုံမှန်မဟုတ်။ သူမခုတင်ဘေး၌ ရပ်နေသော လင်မယားနှစ်ယောက်။

"သူတို့က ဘယ်သူတွေလဲ မမ"





"ငါက မောင်ကောင်းလေဟာ"

"သံယောဇဉ်ရယ် ... ကျုပ်တို့ကို အဲဒီလိုတော့ မကျီစားပါနဲ့"

"မဟုတ်ဘူး ... ယော တကယ်မသိတာပါ"

ဟု ပြောလိုက်မှာပင် မမနဲ့ အတူပါလာသော လူလတ်အရွယ် ယောကျ်ားတစ်ဦးက သူမကို သွေးပေါင်ချိန်စမ်းသည်။ ပြီးတော့ နှလုံးခုန်သံ နားထောင်၏။ ဒါဆို ဒီလူက ဆရာဝန်တစ်ဦးပေါ့။ သူ့စိတ်ကြိုက် စစ်ဆေးစမ်းသပ်ပြီးမှ ...

"သူ ပုံမှန်ပြန်ဖြစ်သွားပါပြီ၊ ဒါကြောင့် ... သူ ဟို အတိတ်ကို သတိရတဲ့အခါမှာ ကျန်ခဲ့တဲ့ မနေ့တစ်နေ့က အဖြစ်အပျက်တွေကို ဝေဝါးဝါးဖြစ်နေဦးမှာ၊ ခင်ဗျားတို့ကို သူ တကယ်မမှတ်မိတာပါ"

"ဒါဆို အစ်ကိုလေးကိုရော"

"ချက်ချင်းကြီး သတိရဖို့ဆိုတာ မလွယ်လှပါဘူး"

ဆရာဝန်ရဲ့စကားအဆုံးမှာ အဲဒီနှစ်ယောက်ရဲ့မျက်နှာက ချက်ချင်း ညှိုးနွမ်းသွား၏။ ထိုစကားများထဲ၌ သူမ နားမလည်ခြင်းတွေက အများကြီး။ အစ်ကိုလေးဆိုတာ ဘယ်သူလဲ၊



www.burmeseclassic.com

www.burmeseclassic.com



သူမ,ဘဝမှာ မမမှတစ်ပါး အခြားလူမရှိခဲ့။ ဒါဟာ သူမ သိထားသော အကြောင်းအရာ။ အခုတော့ ...

"ဘာတွေဖြစ်နေကြတာလဲ မမ ... ယောကို ပြောပြပါဦး၊ ဒါ ယောရဲ့အိမ်လည်းမဟုတ်ဘူး၊ ပြီးတော့ သူတို့ပြောတာ ဘာတစ်ခုမှ ယော နားမလည်ဘူး"

မမသည် သူမအား ကြင်နာစွာ ငေးကြည့်ရင်း သူမ နဖူးစပ်မှ ဆံပင်တွေကို ဖွဖွသပ်တင်ပေးကာ ...

"ညီမလေး အတိတ်မေ့နေခဲ့တာ သုံးနှစ်ရှိခဲ့ပြီ"

"ရှင် ... သုံးနှစ်"

သူမက အထိတ်တလန့်။

"ဟုတ်တယ် ညီမလေး၊ ခေါင်းကို ပြင်းပြင်းထန်ထန် ထိခိုက်မိပြီး အတိတ်မေ့သွားခဲ့တယ်၊ အဲဒီသုံးနှစ်အတွင်းမှာ နှစ်နှစ်နဲ့ ခြောက်လက မမနဲ့နေပြီး ကျန်တဲ့ခြောက်လက ..."

"ဘယ်သူနဲ့ နေခဲ့တာလဲဟင် ... မမ"

မမက နှုတ်ခမ်းလေး တွန့်ကွေးအောင် မဲ့ပြုံးလေးပြုံးပြီး ...

"သိပ်ရက်စက်တဲ့ လူတစ်ယောက်နဲ့ အတူနေခဲ့တာ"

"ရှင် ..."





"ဟုတ်တယ် ယောကလေး၊ ယောကလေးစိတ်တွေ ပုံမှန်မဟုတ်တဲ့အချိန်မှာ သူက ယောကလေးကို အဓမ္မ လက်ထပ်ခဲ့တယ်"

"မဟုတ်သေးဘူးဗျ၊ သံယောဇဉ်က အစ်ကိုလေးကို ချစ်လို့ မခွဲနိုင်ဘူးလို့ ပြောခဲ့သေးတာလေ၊ နင် ညဖက်ကြီး ငါ တို့ဆီ ရောက်လာခဲ့တာတွေ မမှတ်မိတော့ဘူးလား၊ ပြီးတော့ ... အစ်ကိုလေးအတွက် ထမင်းဟင်းတွေ ခိုးခိုးပြီး ..."

"မင်းပါးစပ်ကို ပိတ်ထားစမ်း"

မမက ဘေးနားက အဲဒီမောင်ကောင်းဆိုသူအား ဟောက်ပစ်ပြီးမှ ...

"ယောကလေး အိမ်ထောင်ကျခဲ့တယ်ဆိုတာ မှန်တယ်၊ ဒါပေမဲ့ ... မင်းတို့အစ်ကိုလေးက ရက်စက်တဲ့သူဆိုတာတော့ မင်း မငြင်းနိုင်ပါဘူး ... ဟုတ်တယ်မဟုတ်လား မောင်ကောင်း၊ ဂါ့ညီမလေးနောက်ကွယ်မှာ အိမ်ထောင်အသစ်ထူတယ်၊ မိန်းမတွေနဲ့ ပွေရှုပ်တယ်၊ ငါ့ညီမက ဒါတွေကို လျော်ကြေးပေးပြီး ရှင်းရတယ်၊ ကဲ ... ငါပြောတာတွေ မဟုတ်ပါဘူးလို့ မင်းတို့ ငြင်းချင်သေးလား"



www.burmeseclassic.com

www.burmeseclassic.com



မမက မေးသောအခါ မောင်ကောင်းဆိုသူမှာ ခေါင်းငိုက်စိုက်ကျသွားရလေပြီ။ အို ... ဒါဆို သူမဟာ တကယ်ဆိုးဝါးသောင်းကျန်းသော၊ သိုက်တူးသမားတစ်ယောက်အား တကယ်လက်ထပ်ခဲ့တာပေါ့။

"အခု ... ညီမလေး သူနဲ့ကွာရှင်းလိုက်တော့"

မမက ယတိပြတ်ပြောသည်။ ယောကတော့ အခုအချိန်အထိ ဝေခွဲမရသေး။ ရှေ့နေကြီးကို အားကိုးရာရှာတော့လည်း မသိဟန်ဆောင်နေသည်။ ဒေါက်တာကမူ ယောနှင့် မျက်လုံးချင်းတောင် မဆိုင်။

"ဒါပေမဲ့ အစ်ကိုလေးနဲ့ တွေ့ကြည့်ပါဦးလား"

မိန်းမတစ်ဦးက ဝင်ပြောသည်။ သူတို့အကြည့်တွေထဲမှာ ရိုးသားခြင်း၊ တွယ်တာခြင်းများကို အထင်းသား ယောတွေ့နေရသည်။ ယောစိတ်ထဲလည်း သူတို့နဲ့ ရင်းနှီးနေသလိုကို ခံစားရသည်။ ယောသည် အခုမှ အိပ်မက်က လန့်နိုးလာသူလို ဘာမှမရေရာမသေချာပေ။ တစ်သက်လုံး လိုက်နာခဲ့သည့် မမစကားကိုလည်း ယောက ဖယ်ရှားဖူးတာမဟုတ်။

"ယော ... တွေ့ကြည့်ရင်ကောင်းမယ် မမ၊ သူက





ယောရဲ့ခင်ပွန်းဆိုတော့ ..."

"ကျစ် ... သွားစမ်းပါ"

မမက စပရိန်ခွေကောက်ကောက် ဆံပင်တွေကို ဝဲခနဲခါရင်း ဆိုသည်။

"သူနဲ့ထပ်တွေ့ပြီး သူနဲ့နေရင် ယောကလေးမှာ ရှိသမျှစည်းစိမ်ပြုတ်မှာပဲ၊ စည်းစိမ်နဲ့ ယောကလေး စိတ်ချမ်းသာမှုဆို မမက ယောကလေး စိတ်ချမ်းသာတာပဲ ရွေးမှာ၊ ဒါပေမဲ့ သူနဲ့နေတဲ့နေ့တိုင်း ယောကလေး တစ်ရက်မှ စိတ်မချမ်းသာခဲ့ရဘူးဆိုတာ ယုံမလား"

ယောသည် ဘာရယ်မဟုတ်၊ ဟိုလင်မယားကို ငဲ့ကြည့်မိသည်။ ငြင်းဆန်လိုခြင်း အရိပ်အယောင်တွေ မတွေ့ရ။ ဒါဆိုသေချာပြီပေါ့။ သူဟာ သူမအပေါ် တကယ်ရက်စက်ခဲ့တာပေါ့။

"ညီမလေး သူ့ကိုတွေ့ချင်သေးရင်တော့ သဘောပါပဲ၊ ဒါပေမဲ့ ... မမကို မယုံတဲ့အတွက်တော့ မမ တော်တော်ဝမ်းနည်းရလိမ့်မယ်"

"မဟုတ်ဘူး မမ၊ ယောက မမကို မယုံလို့ မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



တစ်သက်လုံး တစ်ဘဝလုံး ဒီအစ်မကိုပဲ သူမ အားကိုးခဲ့ရတာ။ ဒီအစ်မကပဲ ဘဝမြင့်မားရေးအတွက် ကိုယ်ကျိုးစွန့်ပြီး ဆောင်ကြဉ်းပေးခဲ့တာ။ အခု သူမ မသိသော သူစိမ်းယောက်ျား တစ်ယောက်အတွက်နဲ့ပဲ မမစကားကို သူမ ပယ်ရှားရတော့မည်လား။

"ယော ... လက်မှတ်ထိုးပေးခဲ့ပါ့မယ်"

ဟူသော စကားက ထွက်ကျသွားခဲ့သည်။ မမ မျက်နှာ ပြုံးသွားတာ မြင်ရပေမယ့် မပျော်နိုင်။ ဒီအိမ်ထဲက အထွက်မှာ သူမအတွက် တစ်စုံတစ်ရာ ကျန်ခဲ့သလို ခံစားခဲ့ရပါသည်။

"သံယောဇဉ်ကိုကြည့်ရတာ အစ်ကိုလေးကို ပြတ်တဲ့ပုံ မပေါ်ဘူး။ သူ့အစ်မ အတင်းကြီးခိုင်းလို့သာ လုပ်သွားရတာမျိုး"

မောင်ကောင်းက ပစ္စုပ္ပန်အခြေအနေကို ပြန်ဆွဲယူသည်။ သူကတော့ ရင်ထဲက နာကျင်မှုအား ရယ်သံတွေဖြင့် ဖုံးပစ်သည်။ ဒါပေမဲ့ ... ရယ်သံတွေက အက်သံပါနေသယောင်။

"မထင်ပါဘူးကွာ၊ ငါတို့အကြောင်းတွေ ခရေစေ့တွင်းကျ သိသွားတဲ့အခါ သူ ငါ့ကိုမုန်းသွားမှာပါ"

"မဟုတ်သေးဘူး အစ်ကိုလေး"





သူက ဝီစကီတစ်ကျိုက်ကို တစ်ချက်တည်း မော့ချ၏။

"အချိန်တန်တော့လည်း ပြီးသွားမှာပါ"

လို့ ပေါ့ပေါ့လေး ပြောခဲ့သည်။ အဲဒီညက သူသောက်သော သေရည်ပမာဏက မနည်းမနော။ ဒါပေမဲ့ သူ မမူးခဲ့။ သူ မူးနေခဲ့တာ အလွမ်းတွေကြောင့်ပင် ဖြစ်၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

နောက် (၆)လခန့် ကြာသော် ...



www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း (၁၄)

"**အယ်**တော့ . . . ပြတ်သွားပြီ"

ယောဟာ အသံတောင် ထွက်သွားသည်အထိ ညည်းညူမိတာပါ။ သိပါသည်။ ဒီဖိနပ်လေး နွမ်းနေပြီဆိုတာ။ ဒါပေမဲ့ အနီးကလေးပဲမို့ တမင်အနွမ်းလေးပဲ စီးပြီး ဈေးလာဝယ်တာ။ ဒီမှာက အသားငါးကအစ ဟင်းသီးဟင်းရွက်တွေပါ အစုံရလေသည်။ ပြီးတော့ အလှကုန်တွေ၊ အဝတ်အစားနှင့် ဖိနပ်တွေလည်း ရနိုင်တာမို့ ယောက ဝယ်စရာရှိရင် ဒီပဲ လာတတ်သည်။

အခုတော့ . . .

"စိတ်ပျက်ပါတယ် . . . တစ်ခါ ပြန်ဝင်ရဦးမယ်"





ယောက တစ်ယောက်တည်း အသံထွက်ရင်း Super Market ထဲ ပြန်ဝင်ခဲ့သည်။ မျက်နှာရင်းနေပြီဖြစ်သော ဝန်ထမ်းလေးတွေက . . .

"ဟော . . . မဗိုက်ကလေး . . . ဘာတွေကျန်ခဲ့တာလဲ"

"ကေန္တ ငှက်ပျောသီးလား . . . သိပ်မစားနဲ့နော်၊ ဒီလောက် ဗိုက်ကြီးက မီးပုံးပျံလို လန်ထွက်နေတာကို"

"OBMIN တွေလည်းသိပ်မသောက်နဲ့ မဗိုက်ရေ၊ ကလေးထွားရင် မွေးရခက်တယ်"

"မဟုတ်ဘူး၊ ရှင်တို့ထင်တာ တစ်ခုမှမဟုတ်ဘူး၊ ဖိနပ်ပြတ်သွားလို့ လာဝင်ဝယ်တာ"

ယောက ပြုံးချိုရွှင်သာစွာပြောရင်း ဗိုက်ကြီး ကော့ပက်ကော့ပက်ဖြင့် ဖိနပ်စင်ရှိရာတန်းဘက်သို့ လှမ်းလာခဲ့ပါသည်။ အခုဆို ကိုယ်ဝန်က ရှစ်လထဲ ချဉ်းနင်းဝင်ရောက်ခဲ့ပြီ။ ဒီအချိန်ထိ တစ်ယောက်တည်း ရပ်တည်ရှင်သန်လာခဲ့သော သူမကိုယ်သူမလည်း တော်တော်အံ့ဩမိပါသည်။ ဘယ်ကရခဲ့သော သတ္တိတွေကြောင့်လဲ မသိ။



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာတွေပြီးတော့ မမက သူမအခြေချရာ နိုင်ငံခြားကို ခေါ်ပါသည်။ ယောက အပြတ်ငြင်းခဲ့သည်။

''မလိုက်ချင်ဘူး မမရယ်၊ ကိုယ့်နိုင်ငံ ကိုယ့်မြေပေါ်မှာပဲ ယော နေချင်တယ်''

လို့ မမအပေါ် ပထမဆုံး ဆန့်ကျင်ခဲ့တာပါ။ ထိုတုန်းက များ မမမှာ ဒေါသတွေထွက်တာ နေစရာတောင်မရှိ။

''ဟင်း ... ဒင်းနဲ့ပေါင်းမိမှ ငါ့ညီမတောင် ခေါင်းမာတတ်လာပြီ၊ အခု နင်တစ်ယောက်တည်း မဟုတ်တော့ဘူး ယော ကလေး၊ နင့်ဗိုက်ထဲမှာ ကလေးရှိနေပြီ၊ ကလေးက ကလေးကို ပြန်ထိန်းမလို့လား၊ တစ်ခါမှလည်း ကလေးမွေးဖူးတာ မဟုတ်ဘဲနဲ့''

''မမကျတော့ရော မွေးဖူးတာကျနေတာပဲ''

''အောင်မယ် ... ငါက မမွေးချင်လို့ဟာ့၊ ညီမတောင် ဒီလောက် ပူပန်နေရရင် ကိုယ်ကမွေးတဲ့ ကိုယ့်ရင်သွေးကျရင် ဘယ်လောက်ပူရမလဲ''

''ဒါတော့ မမ တစ်ကိုယ်ကောင်းဆန်တာပါ''

''အေးပါ ... ပြောပါ၊ ဟွန်း ... ဟိုတစ်ယောက်က





လည်း ပြောတဲ့စကားအတိုင်း တည်အောင်လုပ်တယ်၊ ခင်ဗျား ညီမ ပြန်ခေါ်ရင် အပိုဆုလေးပါ ထည့်ပေးလိုက်မတဲ့လေ''

''ဘယ်တစ်ယောက်က ပြောတာလဲ''

''မသိချင်ပါနဲ့ ... တော်ကြာ ပြန်သတိရသွားဦးမယ်''

မမက တစ်စွန်းတစ်စတောင် ပြောမသွားခဲ့။ ဒါပေမဲ့ ... ဘဘဦးလွန်းညိုထံကတော့ သူမ အကြောင်းစုံ သိခဲ့ရပါသည်။ အရင်က မမနဲ့ ပတ်သက်ခဲ့တဲ့အကြောင်း၊ ပမကြောင့် သူ့ဘဝ နစ်မွန်းခဲ့ရပုံနဲ့ သူမနဲ့ သူ့အကြောင်း။ ဘဘကတောင် သူ့ဘက်က ရပ်တည်ပေးသော စကားမျိုး ဆိုခဲ့ဖူးပါသည်။

''မောင်ပီယက စိတ်ရင်းတော့ ပြောစရာမရှိအောင် ကောင်းတဲ့သူကွဲ့၊ ဒါပေမဲ့ ... နာစရာတွေ များတဲ့အခါ သူ့ကိုယ်သူ စိတ်ရင်းကောင်းမိတာကိုပဲ အပြစ်ကြီးလို့မြင်ပြီး ဆန့်ကျင်ဘက်တွေ လုပ်ခဲ့တာ၊ အဲဒီကစပြီး သူမှားတော့တာပဲ၊ ဒါပေမဲ့ ... သမီး သူ့အပေါ် ချစ်ခဲ့တုန်းကတော့ ဘေးကလူ ဘဘတောင် ကြည်ချရတဲ့အထိ''

ဟု ဆိုခဲ့သည်။ သူမက သူ့အား တစ်ကြိမ်တစ်ခါ တွေ့ဖူးချင်စိတ်နှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ဘဘမှာ သူ့ရဲ့ဓာတ်ပုံလေးများ မရှိဘူးလားဟင်" မေးရသည်အထိ။ ဘဘကတော့ ပြောပါသည်။

"နဖူးစာ မင်ရည်ကျဲတုန်းအခိုက်ပေါ့ သမီးရယ်၊ အဲ … မင်ရည်ပျစ်တဲ့အချိန်ကျတော့လည်း အလိုလိုသိလာမှာပါ"

တဲ့လေ။ မမကတော့ မြန်မာနိုင်ငံက ထွက်မသွားမီ နောက်ဆုံးအချိန်အထိ …

"နင် ငါ့ကို ကတိတစ်ခုတော့ ပေးရမယ်နော် … အဲဒါက … နင်ကစပြီး ဘယ်တော့မှ သူ့ကို သွားမတွေ့ပါဘူးဆိုတဲ့ ကတိပဲ"

လို့ သူမ ခေါင်းမညိတ်မချင်း ကတိတောင်းခဲ့တာပါ။ သူမက …

"ဟုတ်ကဲ့ပါ မမရယ်"

လို့ ပြောမှ စိတ်ချသွားခဲ့တာ။

"အစ်မ … အစ်မ … ဘာအလိုရှိပါသလဲ"

"အင်"

ယော အသိစိတ် ပြန်ဝင်လာပါသည်။ ဖိနပ်စင်တွေ ရှေ့၌ ဘယ်လောက်ထိ ကြာအောင်ရပ်ပြီး ငေးမောနေမိသည်





မသိ။ ဝန်ထမ်းလေးက သူမပခုံးကို ပုတ်တော့မှ သတိပြန်ရလာသည်။

"ဪ … အဟင်း"

ယောကလေးက ရယ်ကျဲကျဲလေး လုပ်လိုက်ပြီး …

"ဖိနပ်ရွေးမလို့လား"

"ဟုတ်ကဲ့"

ပြောကာ သူမက သက်သောင့်သက်သာဖြစ်စေမည့် ကတ္တီပါ အနီရဲရဲလေးအား ရွေးယူမိပါတော့သည်။ သူမက ဖိနပ်ပြတ်သွားပြီမို့ ချက်ချင်းပင် ချစီးလိုက်ပြီး ကောင်တာ၌ ငွေရှင်းရန် အသွား …

"ရှင်းသွားပြီ မဗိုက်ရေ"

"ရှင်"

သူမက တအံ့တဩ။

"ဘယ်သူ ရှင်းသွားတာလဲဟင်"

"ဟိုမှာ ထွက်သွားပြီ"

ငွေရှင်းကောင်တာမှ စာရေးမလေး ညွှန်ပြရာနေရာသို့ လှမ်းကြည့်သောအခါ ခပ်မြင့်မားမား ကျောပြင်တစ်ခုသာ ငွေ



www.burmeseclassic.com

www.burmeseclassic.com



ရပါသည်။ ဝိုးတဝါးမို့ ဘယ်သူမှန်း ယော မသိခဲ့။ ယောနှင့် ပတ်သက်သူဆို၍ မမနဲ့ ဘဘဦးလွန်းညိုပဲရှိသည်။ မမ လွှတ်ထားသောသူများလား။ သူ ဘယ်သူလဲဟူသော အတွေးက အဲဒီတစ်ညနေလုံး သူမအား ပဟေဠိဖြစ်စေပါသည်။

ပဟေဠိသည် အဲဒီနေ့ တစ်ညနေနဲ့တင် ပြီးမသွား။ နောက်တစ်နေ့အထိပါ ကူးစက်ရောဂါလို ကပ်ပါလာ၏။ ထိုနေ့က သူမအတွက် အားဆေးကုန်နေသဖြင့် အပတ်စဉ်ဝယ်နေကျ ကိုယ်ဝန်အပ်ထားသော OG ထံ ကျန်းမာရေးစစ်ဆေးရန် သွားရမည့်နေ့။

OG ဆေးခန်းရောက်တော့ ဒေါက်တာမက ချိုကြည်စွာ နှုတ်ဆက်ရင်း …

"ငါ့ညီမက ဒိုင်လျှိုထားတာကိုး"

"ဘာလို့လဲ ဒေါက်တာ"

"အမယ် … ဆေးခန်းလာနေတာ တစ်ယောက်တည်းပဲ တွေ့နေတော့ မ,က မေးတယ်လေ၊ အမျိုးသားရောဆိုတော့ ခရီးသွားနေတယ်ဆို"

ဒါဟာ လိမ်ညာမှုမဟုတ်။ ဟန်ဆောင်ခြင်းပါ။ ဒီကလေး





၌ အဖေအရင်းရှိခဲ့ပါသည်။ ကွာရှင်းထားသည်လို့တော့ မပြောချင်။ သူမက လက်မှတ်ထိုးပေးခဲ့သည်မှန်ပေမယ့် သူက အသိအမှတ်ပြုကြောင်း လက်မှတ်ပြန်ထိုးထားသော စာချုပ်မှ ရောက်မလာခဲ့တာ။ ထို့ကြောင့် ခရီးသွားသည်လို့ပဲ ပြီးစလွယ် ပြောခဲ့တာပါ။

"ဟုတ်တယ်လေ ဒေါက်တာရဲ့"

"ပြန်ရောက်နေပြီလေ၊ … ခုနလေးတင်ပဲ လာသွားတာ၊ သံယောဇဉ်ရဲ့ ခင်ပွန်းပါတဲ့၊ ညီမအတွက် လိုအပ်တဲ့ ဆေးဝါးတွေ အကုန်ဝယ်သွားပြီးပြီ"

"ရှင်"

ထူးဆန်းအံ့သြခြင်းကို မထိန်းချုပ်နိုင်။ ဒေါက်တာကတော့ သူမပုံစံကိုကြည့်ကာ ဟက်ဟက်ပက်ပက်ရယ်ချလိုက်ပြီး …

"ညီမလေးကို အံ့သြအောင်လုပ်မလို့နဲ့တူတယ်၊ ဒီလိုယောကျ်ားမျိုးက ရှားတယ်နော်၊ အရပ်က အမြင့်ကြီး၊ ရုပ်ရည်ကလည်း အပျံစားနဲ့၊ ငါ့ညီမနဲ့တော့ လိုက်ပါတယ်၊ နှစ်ယောက်တွဲပြီး လာခဲ့ဦး … သိလား"



www.burmeseclassic.com

www.burmeseclassic.com



တဲ့လေ။ သူမကတော့ အူကြောင်ကြောင်ရုပ်ကလေးဖြင့် ဟုတ်ကဲ့ချင်းထပ်အောင်ပြောပြီး အိမ်ပြန်ပြေးခဲ့ရသည်။ အိမ်ရောက်တော့လည်း ထူးဆန်းရတာပါပဲ။ သူမက တစ်ကိုယ်တည်းမို့ မမက တိုက်ခန်းတစ်ခန်း ဝယ်ပေးခဲ့သည်။ အိမ်အကူပါ ခေါ်ဖို့ စီစဥ်ပေးမယ့် …

"ယောက တစ်ယောက်တည်းပါ မမရယ်၊ တစ်ယောက်တည်းအတွက် အကူခေါ်စရာမလိုပါဘူး၊ စက်တွေလည်း ရှိနေတာပဲ၊ အဝတ်လျှော်ချင်လည်း စက်ထဲထည့်ရုံပဲကို၊ မခေါ်ပါနဲ့"

လို့ ဆိုခဲ့ဖူးသော သူမတိုက်ခန်းလေးက သော့ဖွင့်လျက်သား။ သော့က နှစ်ချောင်းရှိတာ၊ အထဲတွင် ဘယ်သူချက်ထားမှန်းမသိသော ထမင်းဟင်းတွေက အသင့်။ ပြီးတော့ အခွံခွာခွဲစိတ်ထားသော ပန်းသီးစိတ်ကလေးများ၊ နောက် အားဆေးဘူးနှင့် အဖုံးပါသော ခြင်းတောင်းလေးတစ်တောင်း။ အတွင်းက အိတ်ပုံစံဖြစ်ပြီး ဇစ်ဆွဲဖွင့်ရသော ထိုခြင်းတောင်းထဲ၌ ကလေးပေါက်စလေးအတွက် အင်္ကျီ၊ ဦးထုပ်၊ လက်အိတ်၊ ခြေအိတ်တွေ။ သူမ တအံ့တသြ။ ခြင်းတောင်းဘေး၌ စာလေးတစ်စောင်။





*အဝတ်တွေလျှော်ပြီး လှန်းပေးသွားတယ်၊ မနက်မှန်မှန် မီးပူလာတိုက်ပေးမယ် …။*

*ကိုကို*

တဲ့ …။ စာဖတ်ပြီးပြီးချင်း နှုတ်ဖျားမှ …

"ကိုကို"

ဟု ဖွဖွရွတ်မိတော့ သူမ သွေးကြောထဲ ရှိန်းခနဲဖြစ်သွားသည်။ သူမ အိမ်သော့ကို ဘယ်လိုလုပ်ပြီး သူ ရသွားပါလိမ့်။ ကိုကို … တဲ့၊ သူက ဘယ်သူဖြစ်မှာပါလိမ့်။ ဆေးခန်းက ဆရာဝန်ပြောတော့ သူမခင်ပွန်းက အားဆေးဝယ်သွားသတဲ့။ ဒီမှာ အားဆေးပုလင်း။ ဒါဆိုရင် သူက ယော …ယော မမြင်ဖူးသေးတဲ့ ယောရဲ့ခင်ပွန်းလား …။

အတွေးနဲ့တင် လူက ချာချာလည်ချင်လာသည်။

"အို … သူ မနက်လာမယ်တဲ့၊ အဲဒီအခါကျမှ တွေ့ကြတာပေါ့"

လို့ တွေးရင်း ခေါင်းခြောက်နေသော အတွေးတွေကို



www.burmeseclassic.com

www.burmeseclassic.com



ဖယ်ပစ်ရသည်။ အဲဒီနေ့တုန်းကတော့ သူမ မသိသော တစ်စုံတစ်ယောက် ချက်ပေးထားသည့် ထမင်းဟင်းကို မြိန်ယှက်စွာ စားရသည်။ စားလို့ ကောင်းလိုက်သည့်ဖြစ်ခြင်း။ ထိုအခိုက်မှာပင် သူမ အာရုံကြောတွေ ထွေပြားသွားရသည်။ ကြည့်စမ်း ...။ သူမလည်း တစ်ကြိမ်တစ်ခါက အဲဒီလို ချက်ပေးဖူးပါသလား။

ရင်ထဲ ထိတ်ခနဲ။ ပြီးတော့ လွမ်းသလို ဆွေးသလိုကြီးနဲ့။ သူမ အတွေးထဲမှာ တစ်စုံတစ်ယောက် ထမင်းဟင်းတွေ စားတာ ချောင်းကြည့်ဖူးသလို။ ပြီးတော့ ... အဲဒီလူက လှည့်ကြည့်တော့ သူမက ပုန်းနေရသေးသည်။ ဘာတွေလဲ။ သူမ ဘာတွေမြင်ယောင်နေခဲ့တာလဲ။

ယောဟာ ရေတစ်ဖန်ခွက်သောက်ရင်း ထမင်းဝိုင်းမှ ထ,သည်။ မျက်ဝန်းညိုတစ်စုံ။ နောက် မုတ်ဆိတ်မွေးနဲ့မျက်နှာ။ ခက်တာက ဝေဝါးဝါးပင် တွေ့ရသည်။ အစိတ်အပိုင်းအားလုံး မတွေ့ရ။ သေချာတာတစ်ခုက သူမ,ရင်ခုန်သံက မြန်ဆန်စွာ ခုန်နေခြင်းပင်။

*



----------------------။

အဲဒီညက သူမ အိပ်မက်,မက်သည်။ အစီအစဉ်တကျတော့မဟုတ်။ ဒါပေမဲ့ ... လူတစ်ယောက်ကို သူမက ကိုကိုလို့ ခေါ်သည်။ ပြီးတော့ ယောက ကိုယ့်ကိုယ်ကိုယ် သူများဟု ပြောသည်။ ထိုလူသည် ယောအပေါ် ရက်စက်စိမ်းကားသလိုပဲ။ သို့ပေမယ့် ... ထိုလူက သူမ,နဖူးပြင်ကို နွေးခနဲနေအောင် နမ်း၏။ အဲဒီမှာ တကယ် ယော ... နိုးသွားခဲ့သည်။

ဖျတ်ခနဲ မျက်လုံးဖွင့်ကြည့်တော့ လူတစ်ယောက်။ ကျောပေးထားတာမို့ မျက်နှာကိုမမြင်ရ။ ယောရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ ဘုရား ... သူခိုးများလား။ ဖြစ်တော့ မဖြစ်နိုင်။ သူခိုးသူဝှက်ဆိုရင် ပစ္စည်းတွေယူမှာပေါ့။ ဒါဆို ... ယောဟာ စိတ်ဝင်စားမှုတွေနှင့် ကိုယ်ဝန်ဆိုတာ မေ့သွားရတဲ့အထိ ပေါ့ပါးစွာထလိုက်မိသည်။

သက်ပိုင်ရဲစာပေ

www.burmeseclassic.com

www.burmeseclassic.com



ခြေသံဖွနင်းပြီးလိုက်သောအခါ သူမစိတ်တွေထဲ ဒါမျိုး တစ်ခါက လုပ်ခဲ့ဖူးသလို။

ယော … တွေ့ပါပြီ။ ညအိပ်ချိန်ဆို ထင်သာမြင်သာ အောင် ဖွင့်ထားသည့် မီးရောင်ပြာလဲ့လဲ့အောက်မှာ အစောက လူသည် သူ့ရှေ့ အဝတ်တွေဖြန့်ခင်းကာ မီးပူတိုက်ဟန် ပြင် နေသည်။

သူမ တစ်ကိုယ်လုံးရှိ သွေးကြောတွေ ဖျဉ်းခနဲ။ ကိုကို ဟူသော ခေါ်သံက နားထဲ ပဲ့တင်ထပ်လာသည်။ မျက်လုံးထဲ ပုံရိပ်တွေဖြတ်ကာ ပြေးသည်။ စိုက်ခင်းကျယ်ကြီး၊ ညအမှောင် ထဲ သူမ စွတ်ရွတ်ပြေးသည်။ ချော်လဲမိတာ အခါခါ။ နောက် ဝါးအိမ်လေးတစ်အိမ်ရှေ့ ရောက်သွားသည်။

သူတို့က သူမကို နာမည်တွေမေးသောအခါ မျက်စိထဲ တွေ့ရာ အသီးနာမည် ပြောလိုက်သလားပဲ။ နောက် မိုးလင်း တော့ လူကြီးတစ်ယောက်ကို သူမ တွေ့ရသည်။ အရပ်အမြင့် ကြီးနဲ့ ချောမောတည်ကြည်သော မျက်နှာ။ သူမ ကြောက်သည်။ ပြီးတော့ ချစ်သည်။ ကိုကိုလို့ တိတ်တခိုးခေါ်သည်။

ပြီးတော့ ဟင်းတွေ ချက်ကျွေးသည်။ နောက် …





အတူထူနေကြ၏။ ကိုကို အရက်တွေ သောက်လာသောတစ်ည။ အနမ်းတွေ၊ ချိုသောအနမ်းတွေနဲ့ ကမ္ဘာတစ်ခုဆီ သူမကို ခေါ် ယူသွားသည်။

နောက် စာလေး …။

မနက်ဖြန်မှ မီးပူလာတိုက်ပေးမယ် … တဲ့။

ဒါဆို ဒီလူ … ဒီလူဟာ …

"ကိုဂို"

ခေါ်သံလေးက တိုးတိုးလေးပေမယ့် တိတ်ဆိတ်သော ညမို့ ပီသစွာကြားရသည်။ ပီယ ဖျတ်ခနဲလှည့်ကြည့်တော့ ည အိပ်ဂါဝန်လေးနဲ့ ကိုယ်ဝန်သည် ယောကလေး …။

သူ့ရင်ထဲ လှိုက်ခနဲဖြစ်သွား၏။

"ယောကလေး"

သူက ခေါ်ရင်း သူမလေးနားသို့ လျှောက်သွားမိသည်။ ယောကလေးကတော့ သူ့အား ပြူးကျယ်ဝိုင်းစက်သော မျက်လုံး တွေနဲ့ ငေးဆဲ။

"ယောကလေး ကိုယ့်ကို မှတ်မိပြီလားဟင်"

"ရှင် … ရှင် … ရှင်က …"



www.burmeseclassic.com

www.burmeseclassic.com



လက်ညှိုးလေး တထိုးထိုးနဲ့ မေးဆဲ။

"ကိုယ်က ... ပီယ၊ ကျော်ပီယ၊ ယောကလေးနဲ့ လက်ထပ်ထားခဲ့တာ"

ဟု ပြောမဆုံးခင်မှာပင် သူမက ခွေခနဲ လဲကျသွားတော့သည်။ သူ ပွေ့ယူထားရပြီး အိပ်ခန်းဆီ မ,ရွှေ့ရ၏။

ချစ်စွာသော ယောကလေးရေ ...

သတိပြန်ရလာတဲ့အခါ အရင်က ချစ်ခြင်းတွေပါ တစ်ခါတည်း ယူဆောင်လာပေးပါ။ ကိုယ် မင်းကို မခွဲနိုင်တော့သူ ဖြစ်နေပြီလေ။

* * *

**အပိုင်း (၁၅)**

"ဟင့် အင်း ... ကိုကို့ကို ချစ်တယ်၊ ကိုကိုနဲ့ပဲ နေပါရစေ၊ ကိုကို့ကို သူများ မခွဲနိုင်ဘူး"

အော်ဟစ်ရင်းက ယော သတိပြန်ရလာသည်။ ယောသည် နိုးလာတာနှင့် ခုတင်ဘေးနား၌ ထိုင်နေသော ကိုကို့ **လက်တစ်ဖက်ကို လှမ်းဆွဲထားကာ** ...

"သူများကို မချစ်ဘူးလို့ မပြောပါနဲ့၊ ကိုကို့ကို မခွဲနိုင်လို့ သူများ အဲဒီလို လျော်ပေးလိုက်တာပါ၊ သူများနားမှာပဲနေပါ ကိုကိုရယ် ... နော်"

ဟု မျက်ရည်လည်ရွဲနှင့် ဆိုလေသည်။ သူ့နှင်က

သက်ပိုင်ရဲစာပေ

www.burmeseclassic.com

www.burmeseclassic.com



တောင့်မခံနိုင်တော့။ ပွင့်ထွက်လာပြီး ယောအား ရင်ခွင်ထဲ သိမ်းကျုံးပွေ့ဖက်ရင်း ...

"ယောကလေးရယ် ... ကိုကိုချစ်တာ ယောကိုပါ၊ ယောအနားမှာပဲ နေမှာပါ၊ ယောကို ဘယ်တော့မှ မခွဲသွားတော့ပါဘူး"

လို့ တိုးဖွဲ့သော အသံ၊ ညင်သာသော အနမ်းတွေဖြင့် သူမ မျက်ရည်စီးကြောင်းတွေကို သွေ့ခြောက်စေလေပြီ။ ယောက သူ့အနမ်းတွေအောက် ငြိမ်ဝပ်စွာ တိမ်းမူးနေပြီးမှ ...

"ယော ... အိပ်မက်မက်နေတာ"

ဟု ရှက်ရွံ့ရွံ့အသံလေးနှင့် သတိဝင်လာသလို ပြောသည်။ ပြီးတော့ သူ့ရင်ဘတ်ကိုလည်း မသိမသာ တွန်းထုတ်သေး။ သူက နှစ်ဆတိုးပြီး တင်းကျပ်စွာဖက်တော့ ...

"အို ... လွှတ်ပါ၊ ဒီမှာ ... ယော အသက်ရှူတွေ ကျပ်နေပြီရှင့်"

"အိပ်မက်ထဲမှာ ကိုယ်နဲ့ပြန်တွေ့လား"

သူက,မေးတော့ ယော အသံတိတ်သွား၏။

"ဟိတ် ... မေးနေတာ ဖြေလေ"





"ယော ... ရှင့်ကို မမှတ်မိဘူး"

"အခု မှတ်မိသွားပါပြီ၊ သံယောဇဉ်ရဲ့ ယောကျ်ားက ကျော်ပီယပဲလို့"

"ဟင့်အင်း ... ရှင်နဲ့ ကွာရှင်းပြီးသား"

"ဘယ်မှာလဲ စာချုပ်"

သူက မေးတော့ ယောမျက်နှာလေး မော့လာသည်။ ပြီးတော့ မျက်ဝန်းဝိုင်းဝိုင်းလေးတွေနှင့် သူ့အား မော့ကြည့်ပြီး ...

"ရှင့်ကို ပေးထားတယ်လေ"

"ကိုယ် အသိအမှတ်မပြုလို့ ဖျက်ဆီးပစ်လိုက်ပြီ၊ ကိုယ့်ဆီမှာ လက်ထပ်စာချုပ်ပဲ ကျန်တော့တာ၊ ကိုယ် လွမ်းလိုက်တာ ယောကလေးရယ်"

"တော်ပါ ... အခု ယော အားလုံးကိုမှတ်မိပြီ၊ ရှင်ကြီးကို စိတ်နာတယ် ... သိလား ... ရှင်ကြီးက ..."

စကားမဆက်နိုင်တော့။

"ကိုယ် သူတို့နဲ့ ငြိစွန်းခဲ့တာ ဘာတစ်ခုမှ မရှိဘူး၊ ယောကလေး ခံစားရအောင်၊ ခင်ဗျားလေးအစ်မ ပိုက်ဆံတွေ



www.burmeseclassic.com

www.burmeseclassic.com



ကုန်အောင် တွဲခဲ့တာပဲ ရှိတယ်၊ ကိုယ် ရုန်းမရနိုင်အောင် ငြိတာ ဒီနှုတ်ခမ်းနဲ့ ဒီမျက်တောင်တွေကြားထဲမှာ"

ပြောပြောဆိုဆို အနမ်းတွေက တားဆီးမရ၊ မွတ်သိပ်ပြင်းထန်စွာ ကျလာ၏။

"ယော ... မွန်းနေပြီ"

ဟု ပြောမှ ကိုကိုက အသာတကြည် လွှတ်ပေးပြီး သူမကို မျက်နှာချင်းဆိုင် ဖက်ထားသည်။

ဗိုက်ကြီးက အလယ်၌ ခံနေ၍ မျက်နှာချင်း နီးကပ်၍ မရ။ ဒါကိုပဲ ကိုကိုက သဘောတကျဖြစ်ကာ ရယ်လိုက်ရင်း ...

"လွမ်းလိုက်ရတာ၊ ဒီမှာမရှိတော့ဘူး ထင်လို့၊ သမုဒယနဲ့ ပါသွားပြီလို့ ကိုယ်က ထင်နေတာ"

"အခုကော ဘယ်လိုလုပ်သိလဲ"

"ဦးလွန်းညို့က ဖော်ကောင်လေ၊ ကိုယ့်ရပိုင်ခွင့် အမွေတွေကို မိုးကုတ်ကနေ ဒီကိုလွှဲပေးတာ၊ မရမက မေးတော့မှ ဒီလိပ်စာရတာ၊ ဒါပေမဲ့ ... သူက ပြောထားတယ်၊ သမုဒယ ခွင့်ပြုချက်ယူတဲ့၊ သူ့ဆီ ကိုယ်ဆက်သွယ်ရမယ့်လိပ်စာ ပြော





တာနဲ့ ကိုယ်ဖုန်းဆက်ရတာ"

"မမက ဘာပြောလဲ"

"သူ ကျေနပ်လောက်တဲ့ ကတိအထပ်ထပ်ပေးပြီးတော့မှ သူ့ဆီမှာရှိတဲ့ တိုက်ခန်းသော့တစ်ချောင်း ရခဲ့တာ"

"တော်တော်ကြိုးစားလိုက်ရတယ်ပေါ့"

မျက်ဆံနက်လေး ထောင့်ကပ်မေးတော့ သူ အသည်းယားသွား၏။

"ချစ်တာကိုး ... ကြိုးစားရမှာပေါ့"

ဟု အပြောနဲ့အတူ အနမ်းတွေနဲ့ ရမ်းကားဖို့ ကြိုးစားသည်။ ယောက အလယ်၌ ခံနေသော ဗိုက်ကြီးအား လက်ညှိုးထိုးပြရင်း ...

"ဟိုး ... ဆရာ မကြမ်းနဲ့၊ သားသားက မကြိုက်ဘူး"

ဟု တားသည်။ ကိုကိုကလည်း မရ။

"သားသားရေ ... မျက်စိခဏမှိတ်ထား"

ဟု ဆိုကာ ...

အနမ်းတွေ ပုလဲလို သီကုံးပါက သစ္စာကြိုးတန်းလေး ပါမှဖြစ်မည်။ ဒါမှ အချစ်က ခိုင်မြဲပေလိမ့်မည်။ တကယ်တော့



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားရေးရာ၌ သစ္စာသည်သာ အရေးကြီးဆုံး ...။

နှလုံးသားသည်းနမှချစ်ခြင်းများစွာနဲ့ ...

သက်မိုင်ရဲ

BURMESE CLASSIC .com

www.burmeseclassic.com